ငါ့မှာ အပတ်တိုင်း အလုပ်အသစ် ရှိတယ်

ဘာသာပြန် - ထွန်းလင်းအောင်

အခန်း (၂၈၆)

"သောက်ကျိုးနည်း...အနှိပ်ပညာဆိုတာက ငါတို့ ရှေးဘိုးဘွားတွေ လက်ထက်ကတည်းက လက်ဆင့်ကမ်းထိန်းသိမ်းလာတဲ့ အမွေအနှစ် ပညာတစ်ခုပဲကွ..အဲ့တာကိုတောင်မှ မင်းက မခံစားတတ်ဘူးဆိုတော့ သွားပြီ...မင်းမှာ တောက်ပတဲ့ အနာဂတ် မရှိတော့ဘူး..."

"ဘောစ့်...ရှင်ကျွန်မကို အရူးလုပ်ဖို့ မကြိုးစားနဲ့နော်...အစ်ကိုစွန်းပြောတာတော့ အနှိပ်ပညာက ဘိုးဘေးတွေ လက်ဆင့်ကမ်းပေးခဲ့တာ မဟုတ်ဘူးတဲ့..."

"ဟမ်..အဲ့ကောင်က ဘယ်လိုပြောတာ..."

"အစ်ကိုစွန်းပြောတာ ဒီရဲ့ အနှိပ်ပညာဆိုတာက စကားလုံးတွေနဲ့ ရှင်းပြလို့ မရဘူးတဲ့...ခံစားကြည့်လို့ပဲ ရမှာဆိုပဲ...ကျွန်မလည်း နားတော့ မလည်ပါဘူး..."

"ဖက်ခ်...အဲ့ မျိုးမစစ်အိုကြီးကတော့..."

"ဒါကြောင့်မို့ ကျွန်မတို့ ကော်ဖီဆိုင်ပဲ သွားကြရအောင်လားလို့...ဘော့စ်ရဲ့ ပိုက်ဆံကို အလကား မဖြုန်းတီးချင်ဘူး..."

"မင်းအတွေး လွန်နေပြီ..ငါ့မှာလည်း လုပ်စရာတွေ ရှိသေးတယ်..."လင်းရီ ပြောလိုက်ပြီး "နည်းနည်းလေး ပိုပြီး ရင့်ကျက်တဲ့ အဝတ်စားလေးတွေ ဝတ်ခဲ့..."

"ရင့်ကျက်တဲ့ အဝတ်စားတွေ....ဆိုတော့ကျွန်မ ဟွာချင်း ရေကန်ကို ဝတ်လာသလိုမျိုး ဝတ်ခဲ့ရမလား..."

"အဲ့လို ပုံစံမျိုးမဟုတ်ဘူး.."လင်းရီ စိတ်မရှည်စွာ ပြောလိုက်ပြီး "ငါမင်းကို ဓာတ်ပုံနှစ်ခု ပို့ပေးလိုက်မယ်ကွာ....အဲ့ဒီထဲက အတိုင်း ဝတ်ခဲ့လိုက်..."

"အွန်း ကောင်းပြီလေ...အဲ့တာဆို ပုံတွေ ပို့လိုက်တော့..."

လင်းရီ ဖုန်းထဲမှ ကျီချင်းရန်နှင့် ရှောင်ထျန်တို့၏ ဓာတ်ပုံကိုရှာ၍ လုရင်းထံ ပို့လိုက်သည်။

"အမ်...ကျွန်မ အဲ့နေ့တုန်းက ဝတ်ခဲ့တာလည်း ဒီလိုပုံစံပဲလေ..သူတို့လောက်တော့ မလှဘူးဆိုပေမယ့် စတိုင်ကတော့ အိုကေပါတယ်..."

လင်းရီ မေးစေ့ပွတ်၍ စဉ်းစားရင်း
"ရင့်ကျက်တယ် ဆိုတဲ့ ခံစားချက်တော့ ရတယ်..ဒါပေမယ့် တစ်ချို့ဟာတွေကျတော့ လုံလောက်အောင် အထင်ကြီးဖို့ မကောင်းဘူး ဖြစ်နေတာ..."

"ဘော့စ်..ကျွန်မကတော့ ကျွန်မရဲ့ ပစ္စည်းတွေက အနေတော်ပဲလို့ ထင်တာပဲ...ဟုတ်ဝူးလား.."

"အာ...အဲ့လောက်ကြီးတော့ တိုက်ရိုက် မဆန်နဲ့လေကွာ...ငါက အဲ့လို အဓိပ္ပာယ်မျိုးနဲ့ ပြောလိုက်တာ မဟုတ်ဘူး...."လင်းရီ ပြောလိုက်ပြီး "ဒါပေမယ့် အဲ့ဒီနေရာတွေကို ထွားကြိုင်းအောင် ကြိုးစားရင် ပိုပြီး ကြည့်ကောင်းသွားမယ်လို့တော့ ထင်တာပဲ..ဒီတိုင်း အကြံပြုတာနော်..ကျန်တာကတော့ မင်းသဘောပဲ.."

"အွန်းပါ....ကျွန်မ ကြိုးစားကြည့်လိုက်မယ်လေ..."

"အိုကေပြီနော်.."
ဖုန်းချပြီးနောက် လင်းရီ ချီရှန်းကျောက်ထံ ဖုန်းဆက်၍ အချက်လက်တစ်ချို့ ရှာထားပေးရန် ပြောလိုက်၏။

ချီရှန်းကျောက်ဆီမှ မေးလ်ကို လက်ခံရရှိပြီးနောက် ကော်ပီ တစ်စုံထုတ်ကာ လုရင်းထံ သွားကြိုလိုက်သည်။

မိနစ်နှစ်ဆယ် ကြာပြီးနောက် လင်းရီ လုရင်း အိမ်ရှေ့သို့ ရောက်လာခဲ့၏။ နောက်ထပ် ဆယ်မိနစ်ခန့် စောင့်ဆိုင်း

ပြီးသောအခါ အိမ်ထဲမှ ထွက်လာသည့် လုရင်းကို မြင်တွေ့လိုက်ရ၏။

အပြင်ဘက်သို့ တစ်လှမ်းချင်း လျှောက်လာသည့် လုရင်း၏ သွင်ပြင်သဏ္ဍာန်ကို ကြည့်ရင်း လင်းရီ၏ အမျိုးသမီး သုတေသန ပညာရှင်များအပေါ် အထင်အမြင်များ ပြောင်းလဲသွားစေသည်။

တစ်ဆက်တည်း ဖြစ်နေသည့် အနက်ရောင် ဂါဝန် လေးမှာ သူမ၏ တင့်တယ်သော ခန္ဓာကိုယ်နှင့် လိုက်ဖက်ညီစွာ လုပနေပြီး အနက်ရောင် ဒေါက်မြင့်ဖိနပ်လေးကလည်း သူမ၏ ဟန်ပန်အမူအရာကို ပို၍ ဝင့်ဝါသွားစေသည်။

နဂိုမူလက ဖြောင့်စင်းသော ဆံကေသာများမှာ ယခုတော့ ရေလှိုင်းများကဲ့သို့ အတွန့်အတွန့်လေးများ ဖြစ်ပေါ်နေပြီး ဆွဲဆောင်မှုရှိသော ရနံ့များ သင်းပျံ့နေလေသည်။ ဘေးအိမ်ပေါက်ဝ၌ ချက်စ်ကစားနေသော အဘိုးကြီးပင်လျှင် သူမ၏ အလှတရားကြောင့် မှင်တက်မိနေတော့၏။

လင်းရီ လုရင်း၏ ဝတ်စုံကို မျက်မှောင်ကြုတ်၍ ကြည့်ပြီး

ကြော့ကြော့မော့မော့လေး ဝတ်ခဲ့လို့ ပြောထားတယ်မဟုတ်လားဟ..

ဘာလို့ ပုံမှန်ဆိုဒ်ထက်ပိုပြီး သေးနေတဲ့ ပုံစံ ပေါက်နေပါလိမ့်...

"ဘော့စ်..ကျွန်မ ဝတ်ထားတာ လှရဲ့လားဟင်...."လုရင်း ကားတံခါးဖွင့်ပြီး အထဲသို့ ဝင်ရင်း မေးမြန်းလိုက်၏။

"ရင့်ကျက်တယ်..ဒါပေမယ့် နည်းနည်းလေး ချပ်ရပ်နေတာကလွဲရင် ကျန်တာ အကုန်ကြည့်ကောင်းတယ်..
"

"ကျွန်မ ပိုင်သူမှာ ရှာကြည့်တာတော့ ချပ်ရပ်တာလေးက အကောင်းဆုံးပဲတဲ့...ဒါကြောင့်မို့ ဆိုဒ်သေးတာ ဝတ်လာခဲ့တာ..."လုရင်း သူမ ဆံပင်ကို နားနောက်သို့ သပ်ရင်း ပြောလိုက်၏။

"ပြီးတော့ ဖက်ရှင်ရှိုးတွေမှာဆိုရင် မော်ဒယ်တွေ အကုန်လုံးကလည်း ချပ်ချပ်ရပ်ရပ် လေးတွေပဲဝတ်တာလေ....သူတို့ပုံစံကမလှဘူးလား... ."

"ဘယ်နားကသာ..ငါ Victoria's secret ကြည့်တုန်းကတော့ အားလုံးက ပြည့်ပြည့်ဝဝလေးတွေပါဟ..."

"ဘော့စ်..ရှင်ပြောနေတာက Victoria's secretအကြောင်းလေ..ကျွန်မ ပြောနေတာက တကယ့် ဖက်ရှင်ရှိုးတွေအကြောင်း ..ဟိုက ဘရာတွေ၊ ပင်တီတွေ ကြော်ညာတယ်ဆိုမှတော့ ပြည့်ပြည့်ဝန်းဝန်းလေးနဲ့ ကြော်ညာမှာပေါ့ရှင်ရယ်..."လုရင်း ကူကယ်ရာမဲ့စွာဖြင့် ပြောလိုက်လေသည်။

"ပြီးတော့ ကျွန်မဘာကျွန်မ မင်းသမီးရှိုးအောင် ဝတ်ထားလည်း စီးမှာက ရှာရီကြီးလေ..အဲ့တာက ကျွန်မရဲ့ အလှကို အမှတ်လျော့စေတယ်..."

လင်းရီ :"...."

ဖက်ခ်ပဲ..ငါ့ရှာရီက မင်းပြောသလောက်ကြီးလည်း မဟုတ်ပါဘူးကွ..လန်းပါတယ်..

"ဘော့စ်..ပြောတော့ ခိုင်းစရာ ရှိတယ်ဆို...."

"အင်း...ဒီမှာ..."လင်းရီ ကော်ပီကူးထားသည့် စာရွက်စာတမ်းများကိုလုရင်းထံ ကမ်းပေးလိုက်ပြီး "ဒီကုမ္ပဏီကို ကြားဖူးတယ်မလား..ခု ငါ အဲ့ကုမ္ပဏီကို ဝယ်ပစ်လိုက်ပြီလေ..မင်းက စာရွက်စာတမ်း ကိစ္စတွေ လိုက်လုပ်ပေးရမှာ..."

"ဘာ...ဘော့စ်က ကုမ္ပဏီကို ဝယ်ပစ်လိုက်တယ်..."လုရင်း ထိတ်လန့်တကြား အော်ဟစ်မိလိုက်သည်။

"အဲ့လောက်ကြီး တုံ့ပြန်ဖို့ အထိ လိုလို့လားဟ.."

"ဘာလို့လဲဆိုတော့ ဘော့စ်ဝယ်လိုက်တဲ့ ကုမ္ပဏီက နယ်နယ်ရရမှ မဟုတ်တာ..အရမ်းကို ဩဇာလွှမ်းမိုးတဲ့ ကုမ္ပဏီကြီးလေ..ဒါပေမယ့် သူတို့မှာ ကောင်းကောင်း ဦးဆောင်ပေးမယ့်သူ မရှိလို့သာ ဒီအခြေနေကို ရောက်သွားခဲ့တာ.."

"မပူနဲ့..ခု ငါရောက်လာပြီဆိုတော့ အဲ့ကောင်တွေ ဖီးနစ်လို ပြန်လည် မွေးဖွားလာတော့မှာ.."

လုရင်း ဘာမျှ ပြန်မပြောပဲ ကားထဲ၌ ငူငူကြီး ထိုင်နေ ၏။

"မချီးမွမ်းတော့ဘူးလား..စင်ဟွာ တက္ကသိုလ်က နာမည်ကြီးကျောင်းကြီးနော်..မင်းတို့ ဆရာတွေက ဘော့စ်ဆို မြှောက်ပင့်ပြောဖို့ ဖို့ မသင်ပေးလိုက်ဘူးလားကွ..."

"ဘော့စ်..ရှင်လုပ်တာ အရမ်းကောင်းတာပဲ..."

"ဘာကောင်းတာလဲ.."

"အကုန်ကောင်းတယ်..."

လင်းရီ "???"

ဘာလို့ ရင်းနှီးနေသလို ခံစားနေရပါလိမ့်...

"ဘော့စ်..ရှင်က ခု စက်ရုံကို သွားမှာလား ..ဒါမှ မဟုတ် သူတို့ ရုံးခန်းဆီ သွားမှာလား.."

"နေရာက တူတူပဲ မဟုတ်ဘူးလားဟ... "

"ဘယ်နားက တူမှာ..."လုရင်း ပြောလိုက်ပြီး "ကုမ္ပဏီ ရုံးခန်းက ၁၂၂ ရှဖေးလမ်းမှာလေ..စက်ရုံကကျတော့ မြို့ပြင်ဘက်က ရှန့်ရန် စက်မှုဇုန်မှာ.."

"အဲ့လိုဆို ရှဖေး လမ်းဆီ သွားမယ်..."လင်းရီ ပြောလိုက်၏။

"လက်ကလွဲယူတဲ့ ကိစ္စတွေ ပြီးယူရင်တော့ စက်ရုံဆီ သွားကြည့်ကြတာပေါ့.."

"အွန်း..ကျွန်မကတော့ ဘော့စ်သွားမယ့် ဘယ်နေရာမဆို လိုက်မှာပဲ..."

"အိုကေ...ဒါနဲ့ လက်လွှဲယူတဲ့ အချိန်ကျရင် ငါဘယ်သူလဲဆိုတာ မသိစေနဲ့နော်..မင်းကိုလည်း လုံရှင်းစင်တာက သုတေသနပညာရှင်မှန်း မသိစေနဲ့...ရှင်းရှင်းပြောမယ်ကွာ..သူတို့ကို ဘာဆိုဘာမှ မသိစေနဲ့.."

လုရင်း ရှုပ်ထွေးသွားခဲ့သည်။

ဘော့စ်က ဘာလုပ်ဖို့ ကြိုးစားနေတာလဲဟ..တစ်ယောက်ယောက်ကို အရူးလုပ်ဖို့ ကြိုးစားနေတာလား မသိဘူး..

"နားလည်ပါပြီတဲ့ရှင်..."

နည်းနည်းပါးပါး ဆွေးနွေးပြီးနောက်   နှစ်ယောက်သား ရှဖေးလမ်းပေါ်သို့ မောင်းလာခဲ့ကြ၏။

ကုမ္ပဏီ ရုံးခန်းမှာ မြို့ထဲတွင် တည်ရှိသည်ဟု ဆိုထားသော်လည်း မြို့စွန်နားလေးတွင်သာ။ အချိန်အနည်းငယ်ခန့်ပေး၍ ဆက်သွားမည်ဆိုပါက မြို့ပြင်ရှိ စက်ရုံသို့ ရောက်သွားပေလိမ့်မည်။

ကုမ္ပဏီ ရုံးခန်းမှာတော့ လင်းရီ စိတ်ကူးယဉ်ထားသလို ခမ်းနားကြီးကျယ် မနေခဲ့ဘဲ အထပ်လေးထပ်သာရှိပြီး လွန်စွာ သာမန်ဆန်လှ၏။

"ကောင်းပြီ..မင်းအရင်တက်သွားနှင့်လိုက်..."လင်းရီ ပြောလိုက်ပြီး "လုပ်စရာရှိသာတာ လုပ်ခဲ့လိုက်..သူတို့နဲ့ လေကုန်ခံပြီး စကားပြောမနေနဲ့...ကိစ္စပြီးတာနဲ့ တစ်ခါတည်း တန်းပြန်လာခဲ့..."

"ဒါပဲလား...မှာစရာ ဘာကျန်သေးလဲ...?"

လင်းရီ တခဏမျှ စဉ်းစားပြီးနောက် ဘောပင်နှင့် စာရွက်တစ်ရွက်ထုတ်ကာ ဝမ်ထျန်းလုံ၏ ဖုန်းနံပါတ်ကို ရေးပေးပြီး လုရင်းထံ ကမ်းပေးလိုက်၏။

"မင်း စာချုပ်ချုပ်တဲ့အချိန်ကျ ဘော့စ်ဘယ်သူလဲလို့ မေးလာခဲ့ရင် ဝမ်ထျန်းလုံလို့သာ ပြောခဲ့လိုက်..ကျန်တာဘာမှ စိတ်ပူစရာမလိုဘူး.."

"ဘော့စ်ကလည်း အဲ့လောက်ထိ လျှို့ဝှက်ဆန်းကြယ်နေဖို့ လိုလို့လားလို့..."

"သောက်ကလေးမ..ဘာမှ မသိဘဲနဲ့ လျှာမရှည်နဲ့..ငါပြောတဲ့ အတိုင်းသာလုပ်..."
လင်းရီ ပြောလိုက်ပြီး "မင်းအကြောင်း မေးလာခဲ့ရင်တောင် သူတို့ကို မိန်းကလေးဆိုတာကလွဲရင် တခြားဘာမှ မသိစေနဲ့ကွာ..သွားတော့သွား..."

"ကောင်းပါပြီရှင့်..."

လုရင်းထွက်သွားပြီးနောက် လင်းရီ ကားထဲ၌ တစ်ကိုယ်တည်း ကျန်ရစ်ခဲ့တော့၏။

သူ့တွင် အသုံးချစရာလူဟူ၍ မယ်မယ်ရရက မရှိ။ ထို့ကြောင့် ခေါင်းထဲပေါ်လာသည့် ဝမ်ထျန်းလုံကိုသာ ဆွဲထည့်လိုက်လေသည်။

သို့သော်လည်း ဝမ်ထျန်းလုံ၏ အထာနက်မှုဖြင့် ဆိုပါက လင်းရီ ကိုယ်စား သူဌေးအဖြစ် ဟန်ဆောင်ရန်မှာ လုံးဝပြဿနာ ရှိလိမ့်မည် မဟုတ်ချေ။

ထို့ကြောင့် သူ ဝမ်ထျန်းလုံဆီသို့ ဖုန်းခေါ်၍ ဇာတ်လမ်းတစ်ခုလုံးကို အကြမ်းဖျင်း ရှင်းပြလိုက်၏။

နည်းလည်လွယ်သည့် သကောင့်သားကတော့ ရင်ဘက်ကြီးနဲ့ဘရင်း၍ တာဝန်ကျေပွန်အောင်

ထမ်းဆောင်ပါမည်ဆိုပြီး အာမခံနေလေသည်။ ဤသို့ဖြင့် ဖြစ်စဉ်တစ်ခုလုံးမှာ ငါးမိနစ်အတွင်း ပြီးသွားခဲ့၏။

IQမြင့်တဲ့ ကောင်တွေနဲ့ စကားပြောရတာ တကယ်ပဲ လေကုန်သက်သာပဲကွ...

နာရီဝက်ကြာပြီးနောက် လုရင်း ရုံးခန်းထဲမှ ထွက်လာခဲ့လေသည်။ ယင်းက လင်းရှီ မျှော်မှန်းထားသည့် အချိန်အပိုင်းခြားထက် အနည်းငယ် ပိုစောနေလေ၏။

"မြန်လှချည်လားဟ..အားလုံး ပြီးသွားပြီပေါ့..."

"အွန်း..ကျွန်မ ရောက်သွားတော့ သူတို့ဘက်က စာချုပ်တွေ အကုန်ပြင်ဆင်ပေးပြီးသားလေ..ကျွန်မက လက်မှတ်ထိုးရုံလေးပဲ..."

"သူတို့ မင်းကို ဘာတွေ မေးသေးလဲ..."

"သူတို့လား...ဘာမှ မမေးရဲဘူး... မျက်နှာထား ခပ်တည်တည်နဲ့ ဝင်သွားပြီး သူတို့ကို ကြောက်သွားအောင် လုပ်ပစ်လိုက်တယ်လေ....."လုရင်း အသက်ပြင်းပြင်း ရှူလိုက်ပြီး "ဟူး...စိတ်လှုပ်ရှားဖို့ကောင်းလိုက်တာ..ကျွန်မဖြင့် ဖော်ထုတ်ခံရမှာ စိုးရိမ်လွန်းလို့ ရူးတော့မယ်..."

"ဘာကြောက်စရာရှိလို့လဲ..နောက်ကျရင် ဒီလိုကိစ္စတွေ အများကြီး လုပ်ရဦးမှာဆိုတော့ အသားကျအောင်သာ လုပ်ထား..."

လုရင်း "...."

လင်းရီ ကားထဲမှနေ၍ အဆောက်အဦးကို ကြည့်ကာ "မင်းနဲ့ စွန်းကြီးတို့ ဖိုတိုလီတို ဂရပ်ဖီ ပရောဂျက်အတွက် သီးသန့် ဓာတ်ခွဲခန်းတစ်ခု လိုချင်တယ်လို့ ပြောထားတာမလား..ဒီအဆောက်အအုံကြီး ပေးမယ်ဆိုရင်ကော..."

"တကယ်ကြီးလား...ဒါပေမယ့် နည်းနည်းလေး မကြီးလွန်းဘူးလားလို့..ကျွန်မတို့လည်း အဲ့လောက် နေရာ အကျယ်ကြီးမှ မလိုတာ..."လုရင်းပြောလိုက်၏။

"အေးဆေးပါ..ငါက ငွေပေါတယ်လေ..."

လုရင်း။ :"...."

ဘော့စ်...ရှင်ဘယ်အချိန်ကျမှ နိမ့်နိမ့်ချချ နေမှာလဲ...

လင်းရီ ကားစက်နှိုးလိုက်ပြီး "Sci-tech စက်ရုံကို သွားကြစို့..."

"အိုကေ..သွားစို့.."

လုံခြုံရေးခါးပတ် ပတ်ပြီးနောက် လင်းရီ ရှန်းရန် စက်မှုဇုန်သို့ မောင်းလာခဲ့လိုက်သည်။

ထိုနေရာမှာ အဆင့်မြင့်သိပ္ပံစက်မှုဇုန်ဖြစ်ပြီး မြေနေရာ တစ်လက်မချင်းစီတိုင်းတွင် မှန်းဆမရသည့် ဈေးတန်ဖိုးများ ရှိ၏။ လက်ရှိ သုတေသန နှယ်ပယ်မှ ပုလုပ်ဆဲ ပရောဂျက်များ အားလုံးကို အဆင့်မြင့် သိပ္ပံစက်မှုဇုန်တွင် ပြုလုပ်ကြလေသည်။

ယင်းက ကျိုးဟိုင်မှာ အဆင့်မြင့် နည်းပညာ စက်မှုနယ်ပယ်သို့ တက်လှမ်းနေသည့် အမှတ်ကညာတစ်ခုလည်း ဖြစ်၏။

"မဖြစ်နိုင်တာ.. Cisco ရဲ့ စက်ရုံကလည်း ဒီမှာ ရှိတာပဲလားဟ.."

"ဟုတ်တယ်လေ..ဘော့စ်က မသိဘူးပေါ့..."လုရင်း ထူးဆန်းဟန်ဖြင့် မေးမြန်းလိုက်၏။

"ငါက ဘာလို့ သိရမှာ...."

"ကျွန်မတို့ စင်တာ နှစ်ခုလုံးက ချစ်ပ်နယ်ပယ်မှာသုတေသန ပြုနေကြတာလေ..ပြီးတော့ Cisco နဲ့ဆိုတာက ကမ္ဘာ့ရန်ဘက်တွေ..အဲ့တော့ ရှင် သိမယ်လို့ ထင်မိတာပေါ့..."

"အင်း...ငါ့မှာ စက်ရုံတွေက များလွန်းတော့ မသိလိုက်တာလည်း ဖြစ်နိုင်ပါတယ်လေ..."

"ဘော့စ်...ကားထဲမှာ အပြင်လူလည်း ရှိတာ မဟုတ်ဘူးနော်..ဒီတော့ စကားအကောင်း ပြောကြရအောင်..."
(ငနဲက လျှောက်ကြွားနေလို့ပါ)

"အာ...အိုကေလေ..."

လင်းရီ Ciscoအဆောက်အအုံ၏ ဝင်ပေါက်ကို ကြည့်ရင်း စက်ရုံနှစ်ခုမှာ မီတာ ရာဂဏန်းမျှသာ ဝေးကွာပြီး အိမ်နီးချင်းများကဲ့သို့ ကပ်လျက် တည်ရှိနေကြသည်။

Cisco စက်ရုံ၏ အဝင်ဝတွင်တော့ ထရပ်ကား အများအပြား ထိုးရပ်ထားကြပြီး ကားအချို့ကတော့ ကုန်ပစ္စည်းများဖြင့် ပြည့်ကျပ်နေလေသည်။

"Cisco က ကျွန်မတို့ နည်းပညာတွေ ခိုးယူပြီးတော့ နယ်ပယ်ထဲမှာ သူတို့ရဲ့ ဂုဏ်သတင်းက ဒုံးပျံလို ဖြစ်နေတာ..ကျွန်မကြားတာတော့ သူတို့ အော်ဒါတွေ များလွန်းလို့ လက်တောင် မလည်တော့ဘူးဆိုပဲ...."လုရင်း အပြစ်မကင်းသည့် လေသံဖြင့် ပြောလိုက်ပြီး "တောင်းပန်ပါတယ်ဘော့စ်..ကျွန်မရဲ့ ညံ့ဖျင်းမှုတွေကြောင့်သာ မဟုတ်ရင် ဒီလိုမျိုးတွေ ဖြစ်လာမှာ မဟုတ်ဘူး.."

"အဆင်ပြေပါတယ်..စီးပွားရေး လုပ်တယ်ဆိုမှတော့ လူတိုင်း အရှုံးတော့ ရှိမှာပဲလေ.."

လင်းရီ ပြောလိုက်ပြ "ဘဝကြီးက ဘာလုပ်လုပ် အဆင်ပြေနေရင် လုပ်ငန်းအကြီးစားကြီးတွေ လုပ်ဖို့ အကြောင်းတရား ဖြစ်လာမှာတောင် မဟုတ်ဘူး..."

"အဲ့တာဆို ဘယ်လိုလူမျိုးကပဲ လုပ်ငန်းအကြီးစားကြီးတွေ လုပ်နိုင်မှာ..."

"အရှက်မဲ့တဲ့သူတွေပေါ့ကွ..."

လုရင်း :"...."

သူမ လင်းရီကို ခြေဆုံးခေါင်းဆုံး ကြည့်ရင်း ..

အဲ့လိုဆို သူမဘော့စ်ကတော့ နောက်ကျရင် စူပါ့စူပါ သူဌေးကြီး ဖြစ်လာတော့မှာပဲ...

Cisco ကို စက္ကန့်အနည်းငယ်ခန့် အကဲခတ်ပြီးနောက် လင်းရီ Sci-tech ၏ စက်ရုံရှေ့၌ ကားထိုးရပ်လိုက်၏။

လင်းရီ နေကာ မျက်မှန်နှင့် သူ၏ လက်ဆွဲအိတ်တွင် ကြိုတင်ပြင်ဆင်ထားသည့် mask ကို ထုတ်လိုက်ပြီး "ရော့ ယူလိုက်..ဒါဝတ်ပြီး အထဲကို တစ်ချက် သွားကြည့်ကြမယ်..."

"ဘော့စ်..ရှင့်နားမှာ ဘာလို့ ဒီပစ္စည်းတွေက ရှိနေတာလဲဟင်....အနိုပ်ခန်းမှာ လူမိမှာဆိုးလို့ ဆောင်ထားတာလား"

အခန်း (၂၈၇)

"ငါသွားရင် အမြဲတမ်း VIP ဝင်ပေါက်ကနေ သွားတာ...ဒါတွေ မလိုဘူး..."လင်းရီ လက်ဝှေ့ယမ်း၍ ပြောလိုက်သည်။

"ကောင်းပြီ အပိုတွေ လျှောက်ပြောမနေနဲ့တော့..ကားထဲက ထွက်ပြီး တစ်ချက်သွားကြည့်ကြစို့..."

လုရင်း သူမ ဝတ်စုံကို တင်းရင်းသန့်ပြန့်အောင် ပြုလိုက်ပြီး ကားထဲမှ ထွက်ကာ လင်းရီဘေးမှ လိုက်လာခဲ့လိုက်၏။

လူသူလေးပါးနှင့် ယောက်ယပ်ခတ်နေသည့် Cisco ၏ ဝင်ပေါက်နှင့် နှိုင်းယှဉ်မည်ဆိုပါက Sci-tech မှာလုံးဝကို လူသူကင်းမဲ့သည့် သဲကန္တာရကြီးပင်။

အပြင်ဘက်တွင် ရပ်ထားသည့် အိုဟောင်းနေသော စက်ဘီးလေးတစ်စီး ရှိနေသောကြောင့်သာ မဟုတ်ပါက အထဲတွင် လူရှိမှန်းတောင် သိလိမ့်မည် မဟုတ်ချေ။

သို့သော်လည်း ထိုစက်ဘီးအစုတ်လေးက ပါကင်နှစ်နေရာစာ ယူထား၏။

နေရာဖြုန်းတီးမှုကြီးပင်။

"မင်းတို့ ဒီဘာလာလုပ်ကြတာလဲ...ပါမစ် ပါမှ ဝင်လို့ရမယ်."

ပန်ကာ အသေးလေးကိုင်ထားသည့် လုံခြုံရေးဝန်ထမ်းမှာ လင်းရီတို့ကို မြင်တော့ သင်္ကာမကင်းနှင့် မေးမြန်းလိုက်သည်။

"ကျွန်မတို့က စက်ရုံထဲ လေ့လာကြည့်မလို့ပါ....ပါမစ်က ဒီမှာပါ..."

လင်းရီမှ စက်ရုံသို့ သွားကြည့်ချင်သည်ဟု ဆိုထားသောကြောင့် လုရင်း လက်မှတ်ထိုးစဉ်အခါက ပါမစ်ကိုပါ တစ်ပါတည်း တောင်းခဲ့လေသည်။ ယင်းက မလိုလားအပ်သည့် ပြဿနာ အများအပြားကို သက်သာသွားစေခဲ့၏။

လင်းရီ ဘယ်သူလဲဆိုတာတော့ ယခုအချိန်က ဖော်ထုတ်ဖို့ရာ မသင့်လျော်သေးပေ။ အနည်းဆုံးတော့လင်းရီကိုယ်တိုင် သူက Sci-tech ကုမ္ပဏီ၏ ဘော့စ်ပါဟူ၍ ဖော်ထုတ်၍ မဖြစ်ပေ။

ပါမစ်ကို မြင်တော့ လုံခြုံရေးဝန်ထမ်းလည်း သူတို့ကို တားဆီးမနေတော့ပဲ ဖြတ်ကျော်ခွင့် ပြုလိုက်၏။

နှစ်ယောက်မှာတော့ Sci-tech နှင့် မရင်းနှီးသောကြောင့် သာမန်ကာလျှံကာ စူးစမ်းရုံမျှသာ တတ်နိုင်လေသည်။

တစ်ခဏမျှ စူးစမ်းကြည့်ပြီးနောက် လင်းရီ စက်ရုံထဲတွင် ပြန့်ကျဲနေသည့် လူအနည်းငယ်က လွဲ၍ အတော်လေး ခြောက်ကပ်နေကြောင်း မြင်တွေ့လိုက်ရ၏။

ပြတင်းပေါက်မှတစ်ဆင့် အထဲသို့
လှမ်းမျှော်ကြည့်လိုက်သောအခါ ရုံးခန်း၏
နေရာတော်တော်များများ၌ နေရာလွတ်နေပြီး
အနည်းငယ်သော ရုံးခန်းထဲတွင်သာ လောင်းကစား
ပြုလုပ်သည့်  လူအချို့နှင့် ပြည့်နှက်နေ လေသည်။

လင်းရီ စူးစမ်းရင်း ထူးဆန်းသည့် အသံဗလံများကြား၍
စပ်စုကြည့်လိုက်သောအခါ အမျိုးသားတစ်ဦးမှာ
နားကြပ်ပင်မတပ်ပဲ ပွန်းကားများ
စိတ်ကြိုက်ထိုင်ကြည့်နေသည်ကို အံ့အားသင့်စွာ
မြင်တွေ့လိုက်ရ၏။ တော်တော်လေး စောက်ထာကျနေသည့်
လူကြီးပင်။

"Sci-tech က ဒေဝါလီခံတော့မယ်လို့ ကြေညာပြီးမှတော့
တာဝန်ကျနေတဲ့ ဝန်ထမ်းတစ်ချို့ကလွဲရင် ဘယ်သူမှ ရှိမှာ
မဟုတ်တော့ဘူးလေ...အလုပ်ထွက်ရင်ထွက် မထွက်ရင်
ခရီးတွေ ဘာတွေ သွားနေကြလောက်ပြီ...ဒီတော့
လူနည်းနည်းလေးပဲ ရှိတာက သာမန်ပါပဲ..."လုရင်းမှ
ပြောလိုက်၏။

"အင်း..လက်တွေ့ကျတယ်.."လင်းရီ ခေါင်းတဆတ်ဆတ်
ညိမ့်လိုက်ပြီး"ဒီပစ္စည်းတွေ သုံးတတ်လား..."

လုရင်း ခေါင်းညိမ့်၍ "တစ်ချို့ ပစ္စည်းတွေကတော့
နောက်ဆုံးပေါ်တွေပါပဲ..ဒါပေမယ့် ကျန်တဲ့ပစ္စည်းတွေက
ဟောင်းနေတယ်ဆိုပေမယ့်လည်း သုံးလို့တော့

ရပါသေးတယ်..သူတို့ ဈေးကွက်လိုအပ်ချက်ပို
ထောက်ပံ့မပေးနိုင်တာကတော့ တကဏ္ဍ ဖြစ်သွားပြီလေ..."

လင်းရီ နှုတ်ခမ်းများ ကွေးညွတ်သွားပြီး "သူတို့မှာ
ဒီလောက်ကောင်းတဲ့ကတ်ကြီး ကိုင်ထားတာကိုတောင်
မသုံးဘူးဆိုတော့ ဖြုန်းတီးရာကျတာပေါ့ဟ..."

"....."

လုရင်း တခဏမျှ ငြိမ်သက်ပြီးနောက်"Sci-tech က
သူ့ပြိုင်ဘက်ကို အကြောပေးနေတာ ဖြစ်ရင်လည်း
ဖြစ်နိုင်တာပဲလေ...

လင်းရီ : "...."

လုရင်း တခစ်ခစ် ရယ်မောလိုက်ပြီး "ဘော့စ်...ကျွန်မတို့
အထဲဝင်ပြီး သေချာလေးသွားကြည့်ကြရင်ကော....ပိုပြီး
အသေးစိတ် သိချင်တယ်ဆိုရင် အထဲက ဝန်ထမ်းတွေကို
မေးလို့ရတာပဲ မဟုတ်ဘူးလား..."

"အထဲဝင်ဖို့ဆိုတာကို မေ့ထားလိုက်..ငါက
ဒီတိုင်းလာကြည့်တာ..နောက်ကျရင် ဒီမှာ ရှိဖြစ်မှာ မဟုတ်ဘူး
တစ်ယောက်ယောက်နဲ့ လွဲထားခဲ့မှာ..ဆိုတော့ သူတို့ရှေ့မှာ
ကိုယ်ထင်ပြစရာ အကြောင်းမရှိဘူး....."

လုရင်း သဘောပေါက်ဟန်ဖြင့် ခေါင်းညိမ့်လိုက်ပြီး သူမ ရင်ထဲတွင်တော့ လင်းရီမှာ တစ်စုံတစ်ဦးကို အရှူးလုပ်ရန် လှည့်ကွက်သုံးနေသည်ဟု ခံစားလိုက်ရ၏။

"သွားစို့..ကြည့်သင့်သလောက်တော့ ကြည့်ပြီးသွားပြီပဲ..."

လုရင်း သဘောတူလိုက်ပြီး ထွက်လာခဲ့လိုက်ကြ၏။

"နေဦး..."

နှစ်ယောက်သား တံခါးဝသို့ ရောက်ခါရှိသေး အနက်ရောက်လန်ရိုဗာ ကားတစ်စီး ရောက်လာပြီး အမျိုးသားနှင့် အမျိုးသမီးတစ်ဦးတို့ ထွက်လာခဲ့ကြ၏။

အမျိုးသားမှာ သာမန်ရွက်ကြမ်းရေကျို မျှသာဖြစ်သော်လည်း အမျိုးသမီးကတော့ ဆက်ဆီဆန်ပြီး စွဲမက်ဖွယ်ရာ ကောင်းလွန်းလှ၏။ ထို့ပြင် သူမ၏ လက်ထဲတွင်လည်း လက်ဆွဲသေတ္တာတစ်လုံးကို သယ်ဆောင်ထားလေသည်။

နှစ်ဦးသား ရှေ့ဆင့်နောက်ဆင့် လျှောက်လာခဲ့ကြပြီး သာမန်ကြည့်ရုံမျှနှင့် မည်သူမဆို သူဌေးနှင့် အတွင်းရေးမှူးမလေး ဖြစ်ကြောင်း ပြောနိုင်ပေသည်။

သတိမထားမိစေရန် လင်းရီ လုရင်းကို ဂျောင်တစ် နေရာသို့ ဆွဲခေါ်သွားလိုက်၏။

လုရင်းအနည်းငယ် ရှုပ်ထွေးသွားခဲ့သည်။ သူမဘော့စ်က ဘာလို့ အဲ့လူနှစ်ယောက်ကို ပုန်းနေတာလဲတဲ့...

တစ်ခုခု ဖြစ်ထားလို့များလား...

မဟုတ်မှလွဲရော အဲ့အမျိုးသမီးက ဘော့စ်ရဲ့ ပြောပြလို့မရတဲ့ လျှို့ဝှက်ချက်တွေထဲက တစ်ခုများလား...
သူမဘေးနားက အမျိုးသား ရိပ်မိသွားမှာ စိုးလို့နဲ့တူတယ်...

အင်း..အဲ့လိုနေမှာ...

လင်းရီကတော့ လုရင်း သူမစိတ်ထဲတွင် သူ့ကို တိတ်တဆိတ် ဝေဖန်သုံးသပ်နေကြောင်း မသိရှိခဲ့ပေ။ သိခဲ့လျင်တော့ သူဆွံ့အသွားပေလိမ့်မည်။

လင်းရီ၏ အကြည့်များကတော့ အမျိုးသားနှင့်အမျိုးသမီးတို့ထံတွင် ကျရောက်နေပြီး နှစ်ယောက်စလုံး စက်ရုံထဲသို့ မဝင်ခင်အချိန်အထိ ဂျောင်ထဲမှ ထွက်မလာသေးချေ။

"ဘော့စ်..ရှင် အဲ့အမျိုးသမီးနဲ့ သိတာလား..."ကားထဲသို့ ဝင်ရောက်ပြီးနောက် လုရင်းမှ မေးလိုက်၏။

"ဘယ်အမျိုးသမီးလဲ.."

"စကတ်အတိုနဲ့ အမျိုးသမီးကို ပြောနေတာလေ..."

"ငါက ဘယ်လိုလုပ်သိမှာလဲဟ.."

"အဲ့တာဆို ဘာလို့ သူတို့ကို ပုန်းနေတာ.."

"ဘာလို့လဲဆိုတော့ ခုနက သူတို့စီးလာတဲ့ လန်ရိုဗာက Cisco ကလေ...ခု ဒီရောက်နေတယ်ဆိုတော့ နည်းနည်းလေး ထူးဆန်းမနေဘူးလား..."

လုရင်း ရုတ်ချည်း သဘောပေါက်သွားပြီး "သူတို့က Ciscoကလို့ ဘော့စ်ထင်နေတာလား..."

"ဒီတိုင်း မှန်းကြည့်ရုံသပ်သပ်ပါပဲကွာ..ဘာဖြစ်လဲ အတိအကျ သိချင်ရင်တော့ စုံစမ်းကြည့်မှရမှာ..."

လုရင်း၏ စိတ်ကတော့ အနည်းငယ် ကမောက်ကမ ဖြစ်နေ၏။

ဘာလို့ ဒီလောက်တောင် ရှုပ်ထွေးနေတာလဲတဲ့...

ဤသို့ ဆိုပါက သူမ တစ်သက်လုံး စီးပွားရေးလုပ်ရန် မဖြစ်နိုင်တော့ချေ။ သုတေသန ပညာရှင်အဖြစ်ရပ်တည်သာကပဲ သူမအတွက် အကောင်းဆုံး ရွေးချယ်မှုဖြစ်၏။

စက်ရုံမှ ထွက်လာခဲ့ပြီးနောက် လင်းရီ လုရင်းကို အိမ်သို့ ပြန်ပို့လိုက်လေသည်။

"အဲ့ဒီအဆောက်အဦးကို မင်းတို့နဲ့ပဲ ထားခဲ့လိုက်တော့မယ်နော်..ပလန်တွေ အတွက်ကတော့ မင်းနဲ့ စွန်းကြီးတို့ပဲ ကြည့်စီစဉ်ကြပေါ့.."လုရင်း ကားထဲမှ မထွက်ခွာမီ လင်းရီ ပြောလိုက်ပြီး"ဘယ်လိုပဲဖြစ်ဖြစ် ငါတို့ ဖိုတိုလီတိုဂရပ်ဖီပရောဂျက်ကို အမြန်ဆုံး ရုပ်လုံးပေါ်အောင် လုပ်ဖို့ လိုတယ်..."

"ဟုတ်ကဲ့ နားလည်ပါပြီရှင့် .."လုရင်း လေးနက်သည့် အမူအရာဖြင့် ဖြေကြားလိုက်၏။

"ဒါပေမယ့် ရှန်းထျန်းကျိုးကျတော့ကော...သူသာ ရှိမယ်ဆိုရင် ကျွန်မတို့ ပရောဂျက်က တစ်ဝက်လောက်ကြိုးစားတာနဲ့ နှစ်ဆလောက် ရှေ့ရောက်သွားမှာနော်..အနည်းဆုံးတော့ သူသာရှိရင် ပရောဂျက်က ဘော့စ် ထင်တာထက် ပိုစောပြီးနိုင်တယ်.....သူက လုံးဝကို အရေးကြီးတယ်နော်..ဖြစ်နိုင်မယ်ဆိုရင် ခေါ်ထားတာက အကောင်းဆုံးပဲ.."

"အဲ့ကိစ္စကို ငါနဲ့ လွှဲထားလိုက်...ငါ အမေရိကား သွားပြီးတော့ သူ့ကို သွေးဆောင်လို့ရမရ တစ်ချက် သွားကြည့်လိုက်ဦးမယ်..."

လင်းရီ ရှန်းထျန်းကျိုးအကြောင်း ဂဃနဏ မသိသော်လည်း သူအတတ်နိုင်ဆုံးတော့ ကြိုးစား၍ ဆွဲခေါ်သွားပေးမည်။

မည်သို့ပင်ဆိုစေ ထိုသူမှာ သာမညောင်ည မဟုတ် ချေ။

လင်းရီ လုရှင်းကို ပို့ပြီးနောက် ဟော်ယွမ်ယွမ်ထံသို့ ဖုန်းဆက်လိုက်၏။

"ဘာကိစ္စလဲ.."
ဟော်ယွမ်ယွမ် ယတိပြတ်ကြီး ပြောချလိုက်၏။ မသိသူများဆိုပါက သူမကို သူဌေးဟုတောင် အထင်မှားသွားနိုင်သည်။

"ငါ့ကို ကားတစ်စီးလောက် ကူပြီး စုံစမ်းပေးဦး..လိုင်စင်နံပါတ်ပြားက ကျိုးဟိုင် A34921 ၊ အနက်ရောင် လန်ရှိဗာ..ပိုင်ရှင်က ဘယ်သူလဲဆိုတာ သိရင် တစ်ချက်ပြန်ပြောပေး..."

"ဘော့စ်..ကျွန်မက ကုမ္ပဏီရဲ့ CFO နော် ..စုံထောက် မဟုတ်ဘူး.."ဟော်ယွမ်ယွမ် စောဒကတက်လိုက်ပြီး "တလောတုန်းကပဲ ကျွန်မကို ရှန်းထျန်းကျိုး အကြောင်း စုံစမ်းခိုင်းပြီးပြီ....ခုကျတော့လည်း ဘယ်နားက တွေ့ကရာကားတွေ လာ...."

"ယွမ် ငါးသိန်း.."လင်းရီ ပြောလိုက်၏။

"ကျွန်မဆိုလိုတာက ဘော့စ်ရဲ့ စကားတိုင်းဟာ ကျွန်မအတွက် အမိန့်ပါပဲလို့..ပိုက်ဆံကြောင့် မဟုတ်ဘူးနော်..."ဟော်ယွမ်ယွမ်မှ လေသံတစ်မျိုးပြောင်း၍ ပြန်ပြောလိုက်၏။

"ကောင်းပြီလေ..အဲ့လိုဆိုမှတော့ ပိုက်ဆံမရတော့ဘူး...အလုပ်ကို ကောင်းကောင်းလုပ်..ငါ ..မင်းကို ယုံကြည်တယ်..ဒါက ငါ့ရဲ့လက်ဆောင်ပဲ..ဒီတော့ ကောင်းကောင်းတန်ဖိုးထား..."လင်းရီမှ ထိရှသွားသည့်လေသံဖြင့် ပြောလိုက်သည်။

ဟော်ယွမ်ယွမ် ;"????"

'ငါဆဲလို့ရလား...'

လင်းရီ ဟော်ယွမ်ယွမ်ကို စကားပြန်ပြောရန် အခွင့်အရေး မပေးဘဲ ဖုန်းတန်းချပစ်လိုက်သည်။ ကိစ္စများအားလုံး စီစဉ်ပြီးနောက် ကားနောက်ခုံပေါ်တွင်မှီ၍ မျက်လုံးမှိတ်ကာ အနားယူလိုက်၏။

ယခု သူ၏ ကျောင်းဆရာ အလုပ်အကိုင် အန္တိမ မစ်ရှင်မှာ ပြီးမြောက်ပြီး ဖြစ်သည်။ Didi ဒရိုင်ဘာအတွက် အန္တိမ မစ်ရှင်ကို လုပ်ဆောင်ရန်သာ ကျန်ရှိတော့သည်။

ထိုအကြောင်း စဉ်းစားရင်း လင်းရီ လက်နှစ်ဖက်ကို စိတ်လှုပ်ရှားစွာ ပွတ်ဆွဲလိုက်၏။

အန္တိမ မစ်ရှင်၏ ဆုလဒ်က ဆွဲဆောင်နိုင်သောကြောင့်တော့ မဟုတ်ဘဲ နောက်ပွင့်မည့် အလုပ်အကိုင် အသစ်အကြောင်း စဉ်းစားမိသောကြောင့်ပင်။

ဟီးဟီး ..ဆရာဝန် အလုပ်က တော်တော်လေး စိတ်ဝင်စားဖို့
ကောင်းတော့မှာပဲကွ...

သူ၏ အလုပ်ဟောင်းကို ရပ်စဲတော့မည့် အချိန်တွင်
ကျီချင်းရန်မှ ဖုန်းဝင်လာခဲ့၏။

"တီချယ်လင်း..အလုပ်ရှုပ်နေတာလားစင့်...."

လင်းရီ ဂရုတစိုက် နားထောင်ကြည့်လိုက်သောအခါ သူမ
အနားဝန်းကျင်၌ အတော်လေး ဆူညံနေပြီး ရုံးခန်းထဲ၌
ရှိနေသည့်ပုံတော့ မပေါ်ချေ။

"မများပါဘူး..ဒီက ပျင်းလို့ တောင်သေတော့မယ်...."

"အဟိ..အဲ့လိုဆို ငါခု ဝမ်သ
ပလာဇာမှာရောက်နေတယ်...နင်ကလည်း
အားနေတယ်ဆိုတော့ လာကြိုပေးပါလားလို့..."

အခန်း (၂၈၈)

"မင်း ကားမပါဘူးလားဟ..."

"ဟင့်အင်း...ငါ ဒရိုင်ဘာကို လိုက်ပို့ခိုင်းလိုက်တာလေ.."

"အဲ့တာဆိုလည်း အဲ့ဒရိုင်ဘာကိုပဲ ပြန်ပို့ခိုင်းလိုက်လေကွာ.."

"နှင်နဲ့တွေ့ချင်လို့မှ ခေါ်လိုက်ပါတယ်ဆိုနေ...ဘာလဲ..နင်က..
ပြဿနာ..."
ကျိုးချင်းရန် ခြေဆောင့်၍ ဂျီကျနေသည့်
ကလေးလေးတစ်ဦးကဲ့သို့  ဒေါသထွက်စွာ ပြောလိုက်သည်။

"ငါက နင့်ဖို့ဆိုပြီးတော့ အဝတ်တွေ အများကြီး
ဝယ်ထားပေးရတာနော်..ဒါတောင်မှ နင်က
ဒီလောက်လေးတောင် အသိစိတ်မရှိဘူးပေါ့..."

"ဘာလဲ...လကုန်တော့မှာဆိုတော့
အန်တီလာနေတာလား..."လင်းရီ အပြုံးလေးဖြင့်
ပြောလိုက်သည်။

"နင်ပဲ ငါ့ကို အရင် စိတ်ဆိုးနေတာ မဟုတ်ဘူးလား..."

"မင်းကို စိတ်တိုတယ်..?"
ဘာလဲဟ..
လင်းရီ ကြောင်အသွားခဲ့၏။

"ငါက မင်းလေးရဲ့ သီးသန့်ဒရိုင်ဘာ လုပ်နေတာ ဘယ်လောက်တောင် ကြာနေပြီလဲ..ပြီးတော့ ငါ ပြောစရာ ရှိသေးတယ်..မင်း ရှော့ပင်းထွက်မယ်ဆိုလည်း ငါ့ကို ခေါ်လိုက်လေကွာ..မင်းက ငါ့ကို မရှိသလိုမျိုး ခံစားရအောင် လုပ်နေတာပဲကွ...ဟူး...ဝမ်းနည်းသွားပြီ"

"ဟွန့်...ပြောတတ်လို့ ဒီတစ်ကြိမ်တော့ ခွင့်လွှတ်ပေးလိုက်မယ်..."ချင်းရန် ပြောလိုက်ပြီး "ဂိတ်Aနားက စတားဘက်ခ် ကော်ဖီဆိုင်မှာ...နင် ဝင်လာတာနဲ့ ငါ့ကို တွေ့လိမ့်မယ်..."

"ကောင်းပြီ..အဲ့မှာပဲ စောင့်နေလိုက်တော့..."

လင်းရီ ဖုန်းချလိုက်ပြီး ဝမ်တ ပလာဇာသို့ မောင်းထွက်သွားလိုက်၏။

ဂိတ်Aၡ ကားရပ်ပြီးနောက် စတားဘက်အနီးနား၌ မတ်တပ်ရပ်နေသည့် ကျီချင်းရန်ကို မြင်လိုက်လေသည်။ သူမဘေးနား၌ ဝယ်ယူထားသည့် အိတ်ကြီးအိတ်ငယ်တို့မှာလည်း ဘေး၌ အစီအရီဖြင့် နေရာချထား၏။

"လခွမ်း..အဲ့လောက်တောင် ဝယ်ခဲ့ရလားဟ..."

"ဒါတွေ အားလုံးက နင့်အတွက်ကြီးပဲနော်....ငါ့ဖို့ တောင်မှ အင်္ကျီလေး တစ်ထည်တည်း ပါတာ.."ကျီချင်းရန် ဂုဏ်ယူနေဟန်ဖြင့် ရင်ကော့၍ ပြောလိုက်ပြီး "နင် ဘယ်လိုထင်လဲ..."

"အေးပါ အေးပါ မင်းလေးကသာ ငါ့ပေါ် အကောင်းဆုံး.....မင်းလေးကသာ အသိတတ်ဆုံးပဲ..,"လင်းရီ ကူကယ်ရာမဲ့နေသော အပြုံးလေးဖြင့် ပြောလိုက်ရသည်။ အနှီချင်းရန်မှာတော့ တစ်နေ့ထက်တစ်နေ့ ပိုပို ဆိုးရွားလာနေချေပြီ။

"နောက်ခါ သွားမယ်ဆို ငါ့ကို ခေါ်လိုက်..အဲ့တာဆို အိတ်တွေ ဒီလောက် အများကြီး သယ်စရာ မလိုတော့ဘူး.."

"အွန်း...ငါလည်း ပင်ပမ်းနေပြီ..ဒီလောက် ပစ္စည်းတွေ အများကြီး ဝယ်တာ ဒါပထမဆုံး အကြိမ်ပဲ.."

"ဒါပေမယ့် အစက နင့်ကို ခေါ်မလို့ပဲ..နင်မအားမှာ စိုးတာနဲ့ တစ်ယောက်တည်း ထွက်လာခဲ့လိုက်တာ..."ကျီချင်းရန် အပြုံးလေးဖြင့် ပြောလိုက်ပြီး "ငါ ရုံးက အလုပ်တွေ အားလုံး စီစဉ်ပြီးသွားပြီ..မနက်ဖြန် အတွက် လေယာဉ်လက်မှတ် ဘွတ်ကင်လုပ်ထား တော့မလို့..နင်မနက်ဖြန် သွားဖို့ အဆင်ပြေတယ်မလား..."

"ဒါပေါ့..."

"ရေး..အာ့ဆို ခု အိမ်ပြန်ကြစို့.."ကျီချင်းရန် လင်းရီကို ပြုံး၍ ကြည့်လိုက်ပြီး"ငါနှင့်အတွက် အကျီတွေ အများကြီး ဝယ်ပေးခဲ့တာဆိုတော့ ဆုလေးဘာလေး မပေးချင်ဘူးလားဟင်..."

"ငါ မင်းရဲ့ ကိုယ်ကို ဆုချပေးရမှာလား..ဒါမှမဟုတ် ဗိုက်ကို ဆုချပေးရမှာလား..."

"ခစ်ခစ် နှစ်ခုလုံး"

"အိုကေ သွားစို့.."

လင်းရီ ကျီချင်းရန်နှင့်အတူ စတားဘက်ခ်ထဲမှ အိတ်တစ်ပွေ့တစ်ပိုက်ကြီးနှင့် ထွက်လာခဲ့၏။

"ဖက်ခ် ဟျောင့်တွေ..စတားဘက်ခ်ထဲက ထွက်လာတဲ့ ကောင်မလေးကို
ကြည့်လိုက်ဦးဟ..သောက်ရမ်းလန်းတယ်ကွာ..."

" လှတာထက်ကိုပိုတယ်....သူမက နတ်သမီးလေးလိုပဲ.."

"အင်း အဲ့ကောင်မလေး ဘေးနားက ဘဲကြီးလည်း မဆိုးပါဘူးဟ..အိတ်တွေ ဘာတွေတောင် ကူသယ်ပေးနေလိုက်သေးတယ်..သူ့လိုလိုက်လုပ်ပေးတဲ့ ဒုတယမျိုးဆက် သခင်လေးတွေ ဆိုတာ ဒီနေ့ခေတ်မှာ ရှွေထက်တောင်ရှားသွားပြီ..."

"ဟူး....ငါတို့လည်း ဘယ်ချိန်လောက်မှ အဲ့လိုလန်းတဲ့ စကီလေးတစ်ယောက်လောက် ရနိုင်မှာလဲတဲ့ကွာ.."

"မင်းသာ ဘီလီယမ်နာ ဆိုရင်တော့ အဲ့လောက် လန်းတဲ့ စော်လေး ရရင် ရမှာပေါ့ကွာ..."

"အဲ့လိုဆိုလို့ကတော့ ငါအုတ်ဂူထဲ အရိုးဆွေးတဲ့အချိန်ကျမှ ငါ့သားလာပြီး မသာပိုက်ဆံများများ မီးရှို့ပေးဖို့ရာ မျှော်ကိုးရုံပဲ ကျန်တယ်....."

လင်းရီ ကားနောက်ဖုံးဖွင့်၍ ကျီချင်းရန် ဝယ်ယူလာခဲ့သည့် ပစ္စည်းများအားလုံးကို ပစ်ထည့်၍ ထိုနေရာမှမောင်းထွပ်လာခဲ့သည်။

"ငိုးပဲဟျောင့်တွေ ..ငါအမြင်မှားလိုက်တာလား..အဲ့ကောင်က အလှလေးကို ရှာရီနဲ့ တင်ခေါ်သွားတာ အမှန်ပဲလားကွ...ရှာရီနဲ့တောင် အဲ့လောက်လန်းတဲ့စော်ရနိုင်တယ်ဆိုတော့ ငါ့ရဲ့ ဝူလင်းဟုန်ကွမ်း(EV)လေးနဲ့လည်း ရနိုင်တယ်လို့ ပြောချင်တာပဲ မဟုတ်လား..."

လင်းရီ ကျီချင်းရန်ကို ကျိုကျုံး ဗီလာသို့ ခေါ်လာခဲ့လိုက်၏။

"ခုမှပဲ အိမ်ရောက်တော့တယ်...တစ်နေ့လည်ခင်းလုံး ရှော့ပင်းထွက်ထားရတာ ပင်ပန်းလိုက်တာဟာ..."

အိမ်ထဲသို့ ဝင်ရောက်ပြီးနောက် ကျီချင်းရန် သူမ ဒေါက်မြင့်ဖိနပ်ကို လွှင့်ပစ်ကာ ဆိုဖာပေါ်သို့ ခုန်အုပ်၍ လဲလျောင်းလိုက်လေသည်။

"နှိပ်ပေးရမလား..."

"ကောင်းပြီလေ..ငါဒီနေ့ နင့်ကို အခွင့်အရေး ပေးလိုက်မယ်..."ကျီချင်းရန် လိမ္မာသော မိန်းကလေးတစ်ဦးကဲ့သို့ ဟန်ဆောင်ကာ "ဒါပေမယ့် အရင်ဆုံး အရသာရှိတာတွေ ချက်ပေးရမယ်..ဗိုက်အရမ်းဆာနေပြီ..ငါနားလို့ ဝရင် နင့်ဆီ လာကူညီပေးမယ်လေ..."

"မင်း ပြောတော့ ငါချက်တဲ့ဟာတွေကို နောက်တစ်လလောက်အထိ မစားဘူးဆို...ခု ဘယ်နှစ်ရက်မှတောင် မရှိသေးဘူး စိတ်ပြောင်းသွားပြီပေါ့..."

"အိုင်ယား...ဒီနေ့က အထူးနေ့လေ..ဒါကိုကျ ထည့်မတွက်ဘူး...ငါတောင် ထည့်မတွက်တာ နင်က ဘာလို့ အဲ့လောက် ကပ်တွက်နေတာ..."ကျီချင်းရန် မျက်စောင်းလေး ထိုး၍ လင်းရီကို ပြောလိုက်သည်။

"ဘာလို့လဲဆိုတော့ လကုန်ခါနီးမို့လေ..."

ကျီချင်းရှန် ရှက်သွေးဖြန်းသွားပြီး "ပေါက်တတ်ကရတွေ လာလျှောက်မပြောနဲ့..သွားချက်တော့ သွား...."

"သဘော သဘော အဲ့တာဆို ပူတင်းကော စားဦးမှာလား..."

"အမ်..."ကျီချင်းရန် တခဏမျှ စဉ်းစားလိုက်ပြီး "ဒီနေ့တော့ မတူတာလေး ပြောင်းစားကြည့်မယ်..ဗန်နီလာအရသာလေး လုပ်ပေး..."

"အိုကေလေ..စောင့်နေ.."

လင်းရှီ လျင်မြန်စွာ ချက်ပြုတ်ပေးလိုက်ပြီး တစ်နာရီခန့်ကြာသော် အားလုံး ချက်ပြုတ်ပြီးဖြစ်၏။ သို့တိုင်အောင် ကျီချင်းရန်မှ သူ့အား လာကူညီနေသေးလေသည်။ သူ့ကို တစ်ယောက်တည်း လုပ်ရသည်ဟု မခံစားစေချင်ပုံပင်။

"လင်းရှီ ငါ တူတွေ  ပန်းကန်လုံးတွေ ယူလာခဲ့ပြီးပြီ..နင်က စွပ်ပြုတ်နဲ့ ဒယ်အိုးပဲ ယူလာခဲ့လိုက်တော့... "ကျီချင်းရန် စားပွဲရှေ့၌ ရပ်ရင်း ပြောလိုက်သည်။

"အင်း..."

လင်းရှီ တုံ့ပြန်သည့် အနေဖြင့် ခေါင်းညိမ့်လိုက်ပြီး ချက်ပြုတ်ထားသည့် ဒယ်အိုးကို ယူလာခဲ့ပြီး အဖုံးလှပ်လိုက်သည်။ ထိုအခါ စားချင်စဖွယ် ဟင်းရနံ့များက

လေနှင့်အတူ ကျီချင်းရန်၏ နှာသီးဝလေးသို့ ထိုးဖောက်ဝင်ရောက်လာတော့၏။

"ဒါ...ဒါက သကြားညိုရေ မဟုတ်လား..."

"အထဲမှာ သကြားလုံး အပျော့လေးတွေနဲ့ ကျောက်ပွင့်မှုံတွေကော ပါသေးတယ်နော်..မြည်းကြည့်လိုက်လျှာလည်သွားမယ်..."

"ဒါတွေက ဘာအတွက်လဲဟင်..."ကျီချင်းရန် ရှက်ရိပ်ကလေးဖြင့် မေးမြန်းလိုက်ပြီး နှလုံးသားထဲတွင်တော့ နွေးထွေးမှုများဖြင့် ပြည့်နှက်နေ၏။

"မင်း အန်တီလာနေတာမလား...အဲ့တာကြောင့် သက်သာအောင်လို့ လုပ်ပေးတာလေ..."လင်းရီ ညင်သာစွာပြုံး၍ ပြောလိုက်၏။

"ဒီလိုတွေ လုပ်ပေးမယ်ဆိုလည်း ပြောရောပေါ့...ဟီးဟီး နင့်ကို ဖလိုင်းကစ်လေးနဲ့ ဆုချချင်လို့.."ကျီချင်းရန် လင်းရီ၏ ပါးတစ်ဖက်ကို ဖျစ်ညစ်ရင်း ပြောလိုက်၏။

"မြန်မြန်စားလေ..ခဏနေဆို အေးတော့မယ်..."လင်းရီ အပြုံးလေးဖြင့် ပြောလိုက်သည်။

"အွန်း..."ကျီချင်းရန် အလျင်အမြန်တော့ မစားခဲ့ချေ။ တစ်ဇွန်းချင်း ဖြည်းဖြည်းစားရင်းဖြင့် မိနစ်လေးဆယ်လောက် ကုန်ဆုံးသွားခဲ့၏။

သူမ စားပြီးသည့် အချိန်တွင်တော့ ဆိုဖာပါ်တွင် ထိုင်ကာ ပြည့်အင့်နေသော သူမ၏ ဗိုက်ပူပူလေးကို ပွတ်သပ်ရင်း မျက်နှာထက်တွင်တော့ တိုင်းတာမရသည့် ကျေနပ်အားရမှုတို့ဖြင့် ပြည့်နှက်နေလေသည်။

"လင်းရီ ..ငါခဏလောက် နားချင်လို့..နှိပ်ပေးမှာလား..."

"အင်း ရတယ်လေ..ဒါပေမယ့် ရေ လေးငါးပတ်လောက အရင်ကူးလိုက်ရင်ကောင်းမယ်..အဲ့လိုဆို တစ်ကိုယ်လုံး အကြောအချဥ်တွေ ပြေလျော့ပြီးတော့ ထိရောက်မှုပိုကောင်းသွားတော့မှာ..."

"နင်က ငါ့ကို ရေကူးဝတ်စုံနဲ့ နှိပ်ပေးစေချင်လို့ ဒီဂွင်ဖန်လိုက်တာမလား..နင်က အရမ်း ဆိုးတာပဲ..."

"အာ..."

ခုတလော ချင်းရန်က ဘာလို့ ဉာဏ်ကောင်းနေပါလိမ့်...အရင်တုန်းကဆို ငါ့လှည့်ကွက်ထဲ ကျရောက်နေကြပဲ မဟုတ်ဘူးလား...

ကြည့်ရတာတော့ လှည့်ကွက် အသစ်လေးတွေ ထုတ်သုံးရတော့မယ်နဲ့ တူတယ်...

"မိန်းကလေးကို..ကျေးဇူးပြုပြီး ကျုပ်ရဲ့ စေတနာနဲ့ အကြံပေးတာကို သံသယမရှိပါနဲ့..ဒါဟာ ကျွန်တော့်ရဲ့ ကိုယ်ကျင့်တရားကို စော်ကားနေသလို ခံစားရတယ်...,"

"ဟွန့်..ငါ့အထင်တော့ နင်က နှာဘူးကျင့်ဝတ်တွေကို လိုက်နာနေတယ်လို့ပဲ ထင်တယ်..."ကျိချင်းရန် ခေါင်းလေးမော့ပြီး "ပြီးတော့ အရမ်း ကျွမ်းကျင်တဲ့ အနှိပ်သည်တွေ အကုန်လုံးက မျက်စိမမြင်တဲ့သူတွေလေ..နင်က ပရော်ဖက်ရှင်နယ်တောင် မဆန်ပါဘူး.."

"အဲ့လောက်ကြီး တည့်တိုးဆန်ဖို့ လိုလို့လားဟ...ငါသာ မျက်စိမမြင်ချင်ရင် မမြင်အောင် လုပ်လို့ရတယ်...."

လင်းရီ မျက်လုံးမှိတ်ပြီး ကျိချင်းရန်ပေါ်သို့ ခုန်အုပ်လိုက်၏။

"အား...ခစ်ခစ်..."

"လင်းရီ...နင့်ငါ့ကို အနိုင်ကျင့်နေတာပဲ .ကလိယားမထိုးနဲ့တော့လို့"

"ဟဲ့ မသာ နင့်လက်တွေက ဘယ်နေရာ ရောက်နေတာလဲ ကောင်စုတ်ရဲ့.."

"ငါက မျက်မမြင်လေ...အဲ့တော့ ငါ့လက်
ဘယ်နားရောက်နေလဲဆိုတာ ငါက
ဘယ်သိမှာ..ကံစေရာပဲပေါ့.. "

"မလုပ်ပါနဲ့တော့လို့
လင်းရီနော်....ငါတောင်းပန်ပါတယ်လို့..."ကျီချင်းရန်
ရုန်းကန်ရင်း သူမ၏ ဆံနွယ်များမှာ ယောက်ယက်ခတ်
သွားတော့၏။

"ငါပြောတာက နင့်ကို နှိပ်ပေးလို့ ပြောတာလေ..ဘာလို့
ဒီလိုကြီး အသားလာယူနေတာ.."

"ယူလို့လား.."

"ဟွန့်.."

ကျီချင်းရန် သူမ၏ ဆံပင်ပုံစံကို သေသပ်အောင်
ပြန်စည်းလိုက်ပြီး အပေါ်ထပ်သို့ တက်၍
ညအိပ်ဝတ်စုံလဲလှယ်ကာ အောက်ထပ်သို့
လှမ်းအော်လိုက်၏။

"လင်းရီ ငါ့အခန်းထဲ လာ...."

"ငါက ရောက်နေပြီးသား..."

သူမ စကားမဆုံးသေးခင်  လင်းရီမှာ သူမနောက်သို့ ရောက်နေကြောင်း မြင်လိုက်ရသည်။

အား..
ကျီချင်းရန် မတုံ့ပြန်နိုင်သေးခင် လင်းရီ သူမကို ခါးမှ ပွေ့ချီ၍ ကုတင်ပေါ်သို့ ပစ်တင်လိုက်၏။

"လင်းရီ ငါနင့်ကို သတ်မိတော့မယ်နော်..ငါနင့်ကို သေအောင် ကိုက်သတ်ပစ်မယ်ဆိုတာ ယုံလား..."

လင်းရီ ကျီချင်းရန် တင်ပါးကို တစ်ချက်ရိုက်လိုက်ပြီး
"အပိုတွေ ပြောမနေနဲ့..ဝမ်းလျားမှောက်..."

"ဟွန့်..နင်ငါ့ကို အရသာရှိတာတွေ ချက်ကျွေးထားတယ်ဆိုတဲ့ မျက်နှာကြောင့်သာ မဟုတ်ရင် နင့်ကို သေချာပေါက် ကိုက်ပစ်တယ်..."

"မင်း နောက်ကျရင်လည်း ငါ့လက်ရာကို စားချင်သေးတယ်မလား..."

"အွန်း အွန်း..."

"အဲ့တာဆို ဘာလို့ ဝမ်းလျား မမှောက်သေးတာလဲ.."

"အိုး..အိုကေလေ..."

ကျီချင်းရန် အိပ်ရာပေါ်တွင် ဝမ်းလျားမှောက်နေပြီး လင်းရှီလည်း သူမကို ဆက်လက် စနောက်မနေတော့ပဲ ကျီချင်းရန်၏ ခါးမှနေ၍ ကျောတစ်လျှောက် စတင် နှိပ်နယ်ပေးတော့၏။

"ငါ ယွမ်ယွမ်ဆီက ကြားတာတော့ ကျောက်ကျိန်းရန်က နင့်ကို တရားစွဲဖို့ ကြိုးစားသေးတယ်ဆို..."

"သူ(မ)က ပြောလိုက်တာလား..သတင်းကလည်း မြန်လိုက်တာ..ငါတော့ လစာ ဖြတ်ဦးမှထင်တယ်..."

"ဘာဆိုင်လို့ နင်က ယွမ်ယွမ်ကို လစာလျှော့မှာ...ပြီးတော့ ဒါကလည်း ကိစ္စကြီးပဲလေ..သူမ မပြောလည်း ငါက အနေးနဲ့ အမြန် ရှာတွေ့သွားမှာ..."

"ငါ ဆိုလိုတာက ငါသာ ယွမ်ယွမ်ကို လစာလျှော့လိုက်မယ်ဆိုရင် ပိုက်ဆံ ချေးတာရာ မရောက်ဘူးလားလို့..."လင်းရှီ ပြောလိုက်သည်။

"အွန်း အဲ့အကြံလည်း မဆိုးဘူး....နှစ်ကုန်ခါနီးကျရင် နင်သူ့ကို လစာလျှော့လို့ရအောင် ငါကြံပေးမယ်.."

ဟော်ယွမ်ယွမ် :"....."

အခန်း (၂၈၉)

"ယွမ်ယွမ်က ငွေနဲ့ ပတ်သက်လာရင် အရမ်း ဆတ်ဆတ်
ထိမခံတာနော်....နင်သူ့ကို လစာလျှော့မယ်ဆိုရင်
သတိလေးလည်း ထားဦး..တော်ကြာ နင့်ကို ဓားနဲ့
လိုက်-ထိုးနေဦးမယ်..."
ကျီချင်းရန် စနောက်သလိုလိုဖြင့် ပြောလိုက်လေသည်။

"အေးဆေးပေါ့..အဲ့ချိန်ကျ ငါသူ့အတွက် ပိုင်မုန့် အကြီးကြီး
ပြင်ပေးလိုက်မယ်...သူ့ရဲ့ ဉာဏ်ရည်နဲ့ဆို အဲ့ထောင်ချောက်ထဲ
မကျစရာအကြောင်း မရှိဘူး.."

"ခစ်ခစ်..အဲ့လိုဆိုရင်တော့ ငါနင်တို့ နှစ်ယောက်ကို
လွှတ်ထားပေးလိုက်တော့မယ်နော်...
ကျီချင်းရန် အပြုံးလေးဖြင့် ပြောလိုက်ပြီး
"တကယ်တမ်းကျတော့ ဒီကိစ္စက ငါ့ကြောင့်လည်း
ပါတယ်..တကယ်လို့ ငါသာ ဒုတိယထပ်ကို
သွားပြီးသူငယ်ချင်းတွေနဲ့ မတွေ့ဘူးဆိုရင်
ကျောက်ကျိန်းရန်လည်း ငါ့ကို တွေ့တော့မှာ
မဟုတ်ဘူးလေ....အဲ့တော့ နင်လည်း
အမှုရင်ဆိုင်စရာမလိုတော့ဘူး..."

"အဲ့တာဆို နင့်ရဲ့ ခံစားချက်တွေကို ၆ ပုံစံ ထိုင်ထ
လုပ်ပြီးတော့ မဖော်ပြသင့်ဘူးလား..."

"အဲ့တာကတော့ နင့်အပေါ် မူတည်တယ်လေ..တကယ်လို့ ငါ့သာ စိတ်ကောင်းဝင်နေတဲ့ အချိန်ဆို နင့်ကို ရေကူးဝတ်စုံဝတ်ပြပြီးတောင် S ပုံစံ ထိုင်ထ လုပ်ပေးလိုက်မယ်..."

"အခွင့်ရေးဆိုတာ ကိုယ်တိုင်ဖန်တီးယူရတာတဲ့..ဒီနေ့ လပြည့်ညရဲ့ ရောင်စဉ်ဖြာအောက်မှာဆို ဘယ်လောက်တောင် ကြည့်ကောင်းလိုက်မလဲ..ဒီလောက်လှတဲ့ မြင်ကွင်းကြီးကို ဖြုန်းတီးပစ်ရင် မကောင်းဘူးနော..."

"ဒီနေ့တော့ မရသေးဘူး..နင်နှိုပ်တာက အရမ်းကောင်းတော့ငါ လှုပ်ကို မလှုပ်ချင်တော့ဘူး...."ကျီချင်းရန် အပျင်းကြီးနေသော ကြောင်ကလေးကဲ့သို့ ပြောလိုက်၏။

"မင်းက စားပြီးတာနဲ့ ဝမ်းလျှားမှောက်ပြီး ဇိမ်ခံဖို့ပဲ သိတယ်...အဲ့လိုဆို ဝဝတုတ်တုတ်ကြီး ဖြစ်လာတော့မှာနော်...."

"ဝလည်း စားမှာပဲ ဟွန့်..."ကျီချင်းရန် သူမ၏ ဗိုက်ပူပူလေးကို ပုတ်၍ လင်းရီကို မျက်စောင်းထိုးရင်း ပြောလိုက်လေသည်။

"ဒါနဲ့ စကားမစပ် ငါ လေယာဉ်လက်မှတ်ကို မနက်ဖြန်မှ စီးဖို့ ဘွတ်ကင်လုပ်ထားတယ်နော်..ငါတို့ လေယာဉ်ပေါ်မှာ အိပ်ပြီးတော့ နိုးလာရင် အမေရိကကို ရောက်နေတော့မှာ..,ဒါပေမယ့် အချိန်တွေက မတူဘူးဆိုတော့

ငါတို့ လေယာဉ်ဆင်းတဲ့ အချိန်ကျရင် ဟိုဘက်မှာ မှောင်နေလောက်ဦးမှာ..."

"ရတယ်လေ..မင်းပြောတဲ့ အတိုင်းပဲပေါ့..."

"ဒါပေါ့..နင်က စကားနားထောင်တဲ့ ကလေးလေး လုပ်ရမယ်လေ...."

ဒူ ဒူ ဒူ ..

လင်းရီ ဖုန်းသံ မြည်လာခဲ့ပြီး ဟော်ယွမ်ယွမ်မှ Vd ကော ခေါ်လာခဲ့လေသည်။

နောက်ခံကတော့ လင်းယွမ် ကော်ပိုရေးရှင်း ဖြစ်ပြီး ချိရှန်းကျောက်မှ ကင်မရာရှေ့၌ ရုံဖန်ရုံခါ ဖြတ်လျှောက်သွားသည်ကို မြင်နေရ၏။

" ဒီလောက် ညနက်နေတာတောင်မှ မင်းတို့ နှစ်ယောက်က ကုမ္ပဏီမှာ ရှိနေကြတုန်းလားဟ..မဟုတ်မှလွဲရော ရှက်ဖို့ ကောင်းတာတွေ လုပ်ကြမလို့လားများလား...."

"အဲ့လို မပြောစမ်းပါနဲ့..ကျွန်မက အရေထူတယ်ဆိုပေမယ့် အစ်ကိုချီက အရမ်း အရှက်ကြောက် ကြီးတာနော်..."

"ဖက်ခ်...ယောက်ျား မပီသလိုက်တာကွာ...သူ့ကိုပြောလိုက်..နောက်ကျ

အပြင်ထွက်ရင် လင်းယွန် အုပ်စုကပါလို့
မပြောနဲ့လို့...တော်ကြာ ဘော့စ်ကလည်း
အဲ့လိုမျိုးပါလားဆိုပြီး ထင်ခံနေရဦးမယ်..."

"သူများကိုသာ
ပြောနေတာ..ရှင်ကျတော့ကော..ဘယ်လောက်ထိတောင်
ကြာနေပြီလဲ..ခုထိ အစ်မကျီကို
မသိမ်းပိုက်သေးဘူးမလား..ဘယ်လောက် ရှက်ဖို့
ကောင်းလိုက်လဲ.."

"မင်းရောပဲမဟုတ်လား..အဲ့လောက်ကြီး သောက်ရမ်း
အံ့ဩဖို့ကောင်းနေရင် လောင်ချီကို သွား
တွန်းလှဲလိုက်လေ...."

"ကျွန်မကို သွေးတိုး လာမစမ်းနဲ့နော်..ကျွန်မ ဟော်ယွန်ယွန်က
ကြောက်တတ်တဲ့ လူစားမျိုးထဲမှာ မပါဘူး..ရှင်သာ
အစ်မကျီကို တွန်းလှဲရဲရင် ကျွန်မလည်း လိုက်လုပ်ပြမယ်..."

"အေး...မင်းပြောတာနော်..."

လင်းရီ ကင်မရာကို ကျီချင်းရန်ဘက်သို့ ပြောင်းလိုက်ပြီး
"မင်းအစ်မကျီက ခု လဲနေပြီးသား..ဒီတော့ မင်းရဲ့
တင်ဆက်မှုလေး လုပ်ပါဦးဟ..."

"လင်းရီ နင် ဗွီဒီယိုလာမရိုက်နဲ့နော်..ငါ သတ်မိတော့မယ်..."

ကျီချင်းရန် ကုတက်ပေါ်မှ ကမန်းကတမ်းထ၍ ကင်မရာ
မြင်ကွင်းမှ ရှောင်လိုက်သည်။

"ငါတို့ ခုလေးတင် တစ်ချီပြီးထားတာ..ခု
မင်းအလှည့်ပဲ..."လင်းရီ ပြောလိုက်၏။

"ရှင်တို့..."
ဟော်ယွမ်ယွမ် အံအားသင့်သွားခဲ့သည်။

သူမ လင်းရီကို အစ်မကျီအား အပိုင်သိမ်းရန်
ပြောနေသော်လည်း သူမ၏ စိတ်ထဲတွင်တော့ အစ်မကျီ၏
အကျင့်စရိုက်နှင့်ဆိုပါက မဖြစ်နိုင်မှန်း နားလည်ပေသည်။

သို့သော်လည်း ယခု မြင်ကွင်းကို မြင်လိုက်သည့် အခါမှသာ
ဟော်ယွမ်ယွမ်မှာ သူမ အင်နိုးစန့်လေး ဖြစ်နေသေးကြောင်း
နားလည်သွားတော့၏။

သူမ၏ အစ်မကျီမှာ ညအိပ်ဝတ်စုံ ဝတ်ထားပြီး
မျက်နှာတွင်လည်း ကျေနပ်နေသည့် ဟန်အမူအရာဖြင့်
လဲလျောင်းနေလေသည်။ ထို့ပြင် နေရာမှာလည်း
ကျိုကျိုးဗီလာ၌ ဖြစ်နေသေး၏။

သက်သေအထောက်အထားတို့မှာတော့
လယ်ပြင်တွင်ဆင်နင်းသကဲ့သို့ ကွက်ကွက်ကွင်းကွင်းကြီးပင်။

"မြန်မြန် ငါပေါက်ပေါက်တောင် ပြင်ပြီးပြီနော်...မင်းတို့ စမှာကို ထိုင်စောင့်နေတယ်...ဘယ်ပုံစံလည်း မုဆိုးဒူးထောက်လား..ဘားမားကောင်းဘွိုင်လား..ဒေါ့ဂီစတိုင် လား..တိုက်ရိုက်ကြည့်ဖို့ အသင့်ပဲနော်...."

"အစ်မကျီ...."
ဟော်ယွမ်ယွမ် မျက်ရည်ကျလုနီးပါး ဖြစ်နေပြီး ခိုကိုးရာမဲ့စွာဖြင့် သူမ၏ အစ်မကျီကိုသာ အကူညီတောင်းရန် တတ်နိုင်တော့၏။

"ကောင်းပြီ..ယွမ်ယွမ်ကို စမနေနဲ့တော့..."ကျီချင်းရန် လင်းရီထံမှ ဖုန်းလုယူလိုက်ပြီး "ယွမ်ယွမ် ဘာလို့လဲ..နင်လင်းရီဆီက တစ်ခုခု လိုတာရှိလို့လား..."

"ဘာမှတော့ မရှိပါဘူး.."ဟော်ယွမ်ယွမ် ပြောလိုက်ပြီး "ဒါနဲ့ အစ်မကျီက ဘာလို့ ဘော့စ်ရဲ့ အိမ်မှာ ရှိနေတာလဲဟင်..."

"သူ့အိမ်မှာ ညစာ လာစားတာလေ..ညနက်နေလို့ ဒီမှာပဲ နေလိုက်တော့တာ..."ကျီချင်းရန် သံသယများကို ရှင်းအောင် ပြုလုပ်လိုက်၏။

"ပဂျားမားကြီးနဲ့...သူ့အိမ်မှာ အမျိုးသမီး ပဂျားမားတွေလည်း ရှိတယ်ပေါ့...."

"သူငါ့အတွက် ဝယ်ထားပေးတာလေ..တောင်းတောင်းပန်ပန်နဲ့ နေခိုင်းနေတော့ ငါလည်း လှုပ်ရမှာ ပျင်းတာနဲ့ ဒီည ဒီမှာပဲ နေဖို့ ဆုံးဖြတ်လိုက်တာ...."

လင်းရီကတော့ ဘေး ကုတင်ပေါ်တွင် လဲလျောင်းနေရင်း ကျီချင်းရန် မှုသားပြောနေသည်ကို မဖော်ထုတ်ခဲ့ပေ။

ယောကျ်ားကောင်းတို့မည်သည် အခြေနေနှင့် အချိန်ခါကို လိုက်၍ သိတတ်ရ၏။ မဟုတ်ပါက ညစာငတ်သွားနိုင်သည်။

"အစ်မကျီ...ဘော့စ်လင်းက လူကောင်းနဲ့တော့ မတူပေမယ့် အဲ့လိုကြီးတော့ မလုပ်လောက်ဘူး ထင်တယ်နော..."

"ဟမ်...နင်က ဘာပြောချင်နေတာ..သဘောက ငါကပဲ ကိုယ့်သဘောနဲ့ကိုယ် ဒီရောက်လာတယ်ပေါ့....?"

"အွန်း..အဲ့လိုပဲ..."

"အဲ့တာဆို နင် လင်းရီကို လိုက်လွှင့်ပြဖို့သာ ပြင်ထားလိုက်တော့..."

ကျီချင်းရန် ဖုန်းကို စိတ်တိုစွာဖြင့် လွှင့်ပစ်လိုက်ပြီး မျက်နှာ mask ကပ်ရန် အခန်းပြင်သို့ ထွက်သွားတော့၏။

ဘယ်လို ကောင်မလေးပါလိမ့်..သူမကဖြင့် စေတနာနဲ့ ကူညီပေးနေတာကိုတောင်မှ အလိုက်ကန်းဆိုးကို မသိဘူး..လင်းရီ အနိုင်ကျင့်တာနဲ့ပဲ တန်တယ် ဟွန့်...

ဒါနဲ့ ငါလိမ်တာ အဲ့လောက်တောင် မပီပြင်လို့လား...

ငါပြောနေတာလည်း အမှန်ပဲလေ..သူပဲ ငါ့ကို ဒီခေါ်လာတာမဟုတ်လား...

လင်းရီ တည်တံ့သော မျက်နှာ အမူအရာဖြင့် ဖုန်းကောက်ကိုင်လိုက်၏။

"ဒီလောက်ညနက်နေမှ ဖုန်းခေါ် လိုက်တယ်ဆိုတော့တစ်ခုခုတော့ ရှိရမယ်..ဘာလဲ..."

"ဘော့စ်ပဲ ကျွန်မကို အနက်ရောင် လန်ရိုဗာ အကြောင်း စုံစမ်းခိုင်းထားတယ် မဟုတ်လား.. ခု စုံစမ်းပြီးသွားပြီ.."ဟော်ယွမ်ယွမ် ပြောလိုက်ပြီး "မှန်းကြည့်ကြည့်..ဒီကားပိုင်ရှင်က ချောင်ရှန့်ယွီတဲ့..."

"ချောင်ရှန့်ယွီ..."

လင်းရီ မတုံ့ပြန်နိုင်ခင် တခဏမျှ ရပ်တန့်၍ တွေးတောလိုက်၏။ ချောင်ရှန့်ယွီဆိုတာက Ciscoဘော့စ်၊ ချောင်ကျားတုံးရဲ့ သားတော်မောင် မဟုတ်လား...

Sci-tech ရဲ့ စက်ရုံရှေ့မှာ လာတွေ့တယ်ဆိုတော့ ထူးတော့ ထူးနေပြီ...

"ဟုတ်တယ်..သူပဲ.."

ဟော်ယွမ်ယွမ် မေးလိုက်ပြီး "တစ်ခုခု သိထားတာများ ရှိနေလို့လား..ကားတစ်စီးကို စုံစမ်းလိုက်တာ ချောင်ရှန့်ယွီ ဖြစ်နေတယ်ဆိုတော့လေ..အဲ့လောက်ကြီးကျတော့ တိုက်ဆိုင်လွန်းသွားပြီ..."

"ထွေထူး မဟုတ်ပါဘူးကွာ..ငါက ဒီတိုင်း စုံစမ်းခိုင်းလိုက်တာ..."လင်းရီ ပေါ့ပါးစွာ ပြောလိုက်ပြီး "ဘာမှ မရှိတော့ဘူးဆိုရင် ဖုန်းချလိုက်တော့မယ်"

"ဘာတွေ အဲ့လောက် လောနေတာ..စကားနည်းနည်းလောက် ထပ်ပြောကြမယ်လေ..."

"မင်းရဲ့ အစ်မကျီက ငါနဲ့ ရှိနေတုန်းနော်..အဲ့တာတောင် စကားပြောဖို့ တွဲခေါ်နေတုန်း ဆိုတော့...မိန်းကလေး မင်းလည်း ငါ့ကို ကြိုက်ကြွေနေတာလား..."

"အာ...တော်ပြီ ဖုန်းချလိုက်တော့မယ်...ဘာမှ ပြောစရာ မကျန်တော့ဘူး..."

ဖုန်းချပြီးလျှင်ပြီးချင်း ကျီချင်းရန် မျက်နှာပေါ်တွင် maskကပ်လျက် ရောက်လာခဲ့၏။

သူမ၏ လက်ထဲတွင်လည်း မကပ်ရသေးသည့် အသစ်တစ်ခုကို ကိုင်ထားပြီး စောနက ဖြစ်ရပ်မှာ သူမ၏ ကောင်းနေသည့် မုဒ်လေးကို သက်ရောက်မှု မရှိသွားဟန်ပင်။

"လာ လင်းရီလာ..ငါ နင့်ကိုလည်း တစ်ခုကပ်ပေးမယ်နော်..ဒီmask က အရမ်းကောင်းတာ..."

"တော်ပြီ..."

"မရဘူး..နင်လည်းကပ်ရမှာပဲ.."ကျီချင်းရန် ပြောလိုက်ပြီး "နင် ရေကူးဝတ်စုံနဲ့ Sပုံစံ ထိုင်ထ ကြည့်ချင်လား မကြည့်ချင်ဘူးလားပြော..."

"အဟမ်း ..နေထဲလေထဲ လျှောက်သွားထားတော့ ငါ့မျက်နှာက ဖုန်၊ အညစ်ကြေးတွေ နဲ့ မွဲခြောက်နေတာ...နဂိုကလောက်တောင် မချောတေယ့ သလိုပဲ..ဒီတော့ maskလေး တစ်ခုလောက်ပြီးရေဓာတ်ပြန်ဖြည့် ဦးမှပါလေ..."လင်းရီ သွားကြီးဖြီး၍ ပြောလိုက်၏။

ကျီချင်းရန်ကတော့ ကျေနပ်စွာ ပြုံးလိုက်ပြီး "နင်ကတော့ မကောင်းတဲ့ကောင်ပဲ.."

ကျီချင်းရန် mask အထုပ်ကို ဖွင့်၍ လင်းရီ၏ မျက်နှာထက်၌ ကျွမ်းကျင်စွာ ကပ်လိုက်လေသည်။

"ငါ့မှာ နင် အနာဂတ်ကျ မကောင်းတဲ့ကောင် မဖြစ်အောင် ကာကွယ်တဲ့နည်း ရှိတယ်.."

"ဘယ်လိုလဲ...စိတ်ဝင်စားလား..."

"တော်ပါပြီ..သန်တုန်းမြန်တုန်းလေးမို့ ပျော်ပါရစေ...နောက်ကျရင် ဒီကိစ္စတွေ စိတ်ဝင်စားတော့မှာ မဟုတ်ဘူး...."

"ဆုတောင်းလေ..."ကျီချင်းရန် မျက်စောင်းထိုးလိုက်သော်လည်း maskအုပ်ထားကြောင့် မသိသာလိုက်ပဲ "စကားမစပ် ယွမ်ယွမ်က နင့်ကို ဘာတွေ ပြောသွားတာ..."

"ငါဒီနေ့ တွေ့ခဲ့တဲ့ တစ်ယောက်က Cisco သူဌေးရဲ့သား ချောင်ရှန့်ယွီ ဖြစ်နေတာလေ..."

"သူက သူ့သားကို စက်ရုံမှာ ကြီးကြပ်ခိုင်းထားတယ်ပေါ့.."ကျီချင်းရန် အံ့သြနေဟန်ဖြင့် မေးလိုက်၏။

"ဘာလို့လဲ...သာမန်ပဲ မဟုတ်လား..ဘာပဲပြောပြော
သူ့အဖေပိုင်တဲ့ ကုမ္ပဏီလေကွာ...သားဖြစ်သူကို အဲ့နေရာ
ပေးထားတာ ဘာမှားလို့လဲ..."

ကျီချင်းရန် စက္ကန့်အနည်းငယ်ခန့် တုံ့ဆိုင်း သွားပြီးနောက်
"Cisco ရဲ့ သူဌေးမှာက ကလေး ဘယ်နှစ်ယောက်ရှိတာ..."

"နှစ်ယောက်..သားတစ်ယောက်နဲ့
သမီးတစ်ယောက်...သူ့သမီးနာမည်က
ချောင်ကျင်းချိုးတဲ့....ချောင်ရှန့်ယွီထက် သုံးနှစ်ငယ်တယ်..."

"အဲ့တာဆို လုံး၀ သေချာပြီ..."ကျီချင်းရန် ပြောလိုက်ပြီး
"တစ်ရာ ရာခိုင်နှုန်းတော့ မသေချာပေမယ့် ဒါက သူ့ရဲ့
သဘောထားကို သွယ်၀ိုက်ပြီး ဖော်ပြနေတာပဲ... "

လင်းရီ မျက်မှောင် ကုပ်လိုက်ပြီး "မင်းဆိုလိုချင်တာက
ချောင်ကျားတုံးက ဒီနည်းလမ်းကို အသုံးပြုပြီးတော့
ချောင်ရှန့်ယွီကို သဘောမကျဘူးဆိုတာ သွယ်၀ိုက်ပြီးတော့
သတိပေးနေတဲ့ ပုံစံမျိုးလား..."

## အခန်း (၂၉၀)

"ဘာပဲပြောပြော သူက သူ့သားလေ..ပေါ်တင်ကြီး
စကားနဲ့တော့ သတိပေးလို့ ဘယ်ကောင်းမှာ..."

"ဒါမှမဟုတ် သဘောထား ကွဲလွဲတာလည်း ဖြစ်နိုင်တာပဲလေ..သူ့ လုပ်နေတဲ့ အဓိပ္ပာယ်ကိုတော့ ပါဝင်နေကြတဲ့ သူတွေပဲ နားလည်ကြမှာ..."

ကျီချင်းရန် သူမ ဆံပင်ကို နောက်သို့ သပ်ပြီး ဆက်လက်၍ "ဒါပေမယ့် နင်သာ ချောင်ရှန့်ယီက  Ciscoမှာ ဘယ်လိုနေရာရှိလဲဆိုတာ သိရင် ဒီကိစ္စက ပိုပြီး ရှင်းလင်းသွားပြီ... "

လင်းရှီ သူမစကားကို သဘောတူစွာ ခေါင်းညိမ့်လိုက်သည်။ ကျီချင်းရန်၏ စကားလုံးများမှာ လွန်စွာ အဓိပ္ပာယ် ရှိလွန်းလှပေသည်။

လက်ရှိ ချောင်ရှန့်ယီ၏ အခြေနေကို အကဲဖြတ်ကြည့်မည်ဆိုပါက သူ၏ ရင့်ကျက်မှုနှင့် တည်ငြိမ်နိုင်စွမ်းမှာ လျော့နည်းနေလေသည်။

"Cisco က ခု ရှင်ရဲ့ ရန်သူမဟုတ်လား..ရှင်က သူနဲ့ ဘယ်မှာ တွေ့ခဲ့တာ..."

"Sci-techစက်ရုံရှေ့မှာ...သူ့အတွင်းရေးမှူးကောပဲ..."

" ကုမ္ပဏီ သွားဝယ်တာများလား"ကျီချင်းရန် မေးလိုက်ပြီး "ငါ စီးပွားရေး သတင်းထဲမှာ တွေ့လိုက်ရသေးတယ်..အဲ့ကုမ္ပဏီက သိပ်မကြာခင် ဒေဝါလီ ခံရတော့မှာတဲ့.. Cisco က အဲ့တာကို သွားယူမလို့ နေမှာ..."

လင်းရီ အနည်းငယ် အံ့အားသင့်သွားခဲ့သည်။ ကျီချင်းရန်မှာ နည်းပညာနယ်ပယ်ရှိ သတင်းများကိုပါ နှံ့စပ်ကျွမ်းကျင်နေလိမ့်မည်လို့ ထင်မထားခဲ့ချေ။

သို့သော်လည်း  သူမ နည်းပညာနယ်ပယ်ကို အာရုံစိုက်နေခြင်းမှာ လင်းရီ ကြောင့် ဆိုတာတော့ သိရှိနိုင်လိမ့်မည် မဟုတ်။

"မင်းအတွေးလွန်နေပြီ..သူတို့ ဝယ်မှာ မဟုတ်ဘူး..."လင်းရီ ပြောလိုက်၏။

"နင်က ဘာလို့ အဲ့လောက်တောင် သေချာနေတာ..ဘာကို အခြေခံပြီးတော့မှလဲတဲ့..."

"ဘာလို့လဲဆိုတော့ ငါက Sci-tech ကို ဝယ်ထားပြီးသွားပြီလေ..."

ချင်းရန် :"????"

"နင်က ဝယ်လိုက်တယ်..."ကျီချင်းရန်၏
သမင်မျက်လုံးလေးများ မယုံကြည်နိုင်ဟန်ဖြင့်
ဝိုင်းစက်သွားခဲ့လေသည်။

"ဒီနေ့ပဲ ဝယ်ခဲ့တာလေ..ဒီတိုင်း ဒေဝါလီခံတော့ မယ့်
ကုမ္ပဏီကိုများကွာ..အဲ့လောက် ရေးကြီးခွင်ကျယ် လုပ်ပြဖို့
လိုလို့လားဟ..."

"ဘာလို့လဲဆိုတော့ ငါအဲ့အကြောင်း ဟော်ယွမ်ယွမ်ဆီက
မကြားရလို့လေ..နင် ဘာမှ မပြောဘဲနဲ့
ဝယ်ပစ်လိုက်တာလား..."

ဟော်ယွမ်ယွမ်မှာ လင်းယွမ် အုပ်စု၏ CFO တစ်ဦးပင်။
ဘဏ္ဍာရေးဝန်ထမ်းတစ်ဦးဖြစ်သည့် အလျောက် ငွေကြေး
သုံးစွဲမှုများမှာ သူမ၏ လက်အောက်တွင် ရှိလေသည်။
ပိုက်ဆံ ထုတ်မည်ဆိုပါက သူမနှင့် အရင် တိုင်ပင်ရပေမည်။
(CFO - chief financial officer)

"လင်းယွမ်ကုမ္ပဏီကလွဲရင် တခြားစီးပွားရေးလုပ်ငန်း
မရှိဘူးဆိုတော့ ဒေဝါလီခံတော့မယ့် Sci-tech ကို
တွေ့တာနဲ့အတော်ပဲလေ..အဲ့တော့ ဝယ်လိုက်တာ..."

Sci-techကုမ္ပဏီမှာ စနစ် အန္တိမ မစ်ရှင်၏
ဆုလဒ်ဖြစ်သော်လည်း လင်းရှီ ထိုအကြောင်းကို
ထုတ်ပြောစရာ အကြောင်းမရှိချေ။ ထို့ကြောင့်
ဆင်ခြေတစ်မျိုးပေး၍ အာရုံလွှဲလိုက်လေသည်။

"ဒါကြီးကတော့ အရမ်း ဒရာမာ
ဆန်လွန်းသွားပြီ..."ကျီချင်းရန် အပြုံးလေးဖြင့် ပြောလိုက်ပြီး "နင်က ကုမ္ပဏီတစ်ခု ဝယ်တာကို ဂေါ်ဖီထုပ်တွေ ဝယ်သလိုမျိုး ပြောနေတော့တာပဲ..."

"အဲ့မှာ စမှားတာပဲ..ဂေါ်ဖီထုပ် ဝယ်ရတာထက်တောင် ပိုလွယ်နေသေးတယ်..."

"ဟွန့် အဲ့မှာ ကြွားနေလိုက်..."

လင်းရီ၏ အောင်မြင်မှုကို ကြားသိရတော့ ကျီချင်းရန်လည်း ဝမ်းသာပေးလိုက်ပြီး ဆက်မမေးဘဲ စောနက စကားဝိုင်းကို ပြန်ဆက်လိုက်၏။

"နင်က ချောင်ရှန့်ယွီကို စက်ရုံဝမှာ တွေ့ခဲ့တယ်ဆိုတော့ သူ့ရဲ့ အကွက်တွေက ထင်သလောက် မရိုးရှင်းလောက်ဘူးနော...."

လင်းရီ ယခင်က ထိုကိစ္စကိုတွေးတောဖူးသော်လည်း သိပ်တော့ မသေချာပေ။

"မင်းဆိုလိုချင်တာက သူက Sci-tech ကိုသွားပြီးတော့ OEM ပစ္စည်းတွေ ထုတ်လုပ်ချင်နေတယ် ဆိုတဲ့ သဘောလား..."

"ကျီချင်းရန် ခေါင်းညိမ့်လိုက်ပြီး "ငါနဲ့ ယွမ်ယွမ် နှစ်ယောက်သား Cisco အကြောင်းကို အများကြီး ဆွေးနွေးပြီးသွားပြီ..သူတို့ခု ဖြစ်နေတဲ့ အကြီးမားဆုံးပြဿနာက ထုတ်လုပ်နိုင်စွမ်းပဲ...လင်းယွမ်အုပ်စု တစ်ခုတည်းကမဟုတ်ဘူး..တခြား ကုမ္ပဏီအကြီးစားကြီးတွေကလည်း Cisco ရဲ့ ချစ်ပ်တွေကို အာရုံကျနေကြတာ..သူတို့ ဈေးကွက်ထဲမှာ အမြန်ဆုံး ခြေကုပ်ယူနိုင်ဖို့ဆိုရင်တော့ OEM ထုတ်ကုန်တွေကို အချိန်တိုအတွင်း ထုတ်လုပ်ပေးနိုင်ဖို့ပဲ..."

"နောက်ပြီး ငါယွမ်ယွမ်ဆီက ကြားထားတာတော့Ciscoက သူတို့ နောက်ငါးနှစ်အတွင်း ဟုန်ဟိုင်နဲ့ TVB တို့ပြီးရင် တတိယ အကြီးဆုံး ချစ်ပ်ထုတ်လုပ်ရေး ကုမ္ပဏီ ဖြစ်လာရမယ်လို့ ကြွေးကြော်ထားတယ်ဆိုပဲ...အဲ့တာကြောင့်လည်း သူတို့ လက်ရှိနယ်ပယ်မှာ ခြေကုပ်ယူဖို့ အလျင်လိုနေကြတာလေ...ဒါကြောင့်မို့လို့ စပ်တူထုတ်လုပ်မယ့် ပါတနာတွေ လိုက်ရှာနေတာ နေမှာ...."

လင်းရီ အိပ်ရာပေါ်တွင် ခြေတင်ချိတ်ထိုင်ကာ မျက်မှောင်ကြုတ်၍ "အဲ့လိုဆိုရင်တော့ ချောင်ရှန့်ယွီ Sci-tech ကိုလာတာ ဖြစ်နိုင်ချေ နှစ်ခုရှိတယ်..." လင်းရီ ပြောလိုက်ပြီး "သူ့အဖေရဲ့ အကြံကို လိုက်နာပြီးတော့ လာတာ မဟုတ်ရင် သူက ကုမ္ပဏီမှာ သူ့နေရာ ခိုင်ခံ့အောင် ပူးပေါင်းပေးမယ့်သူ လိုက်ရှာနေတာ.... "

"ခစ်ခစ်..နင်က အရမ်းညာဏ်ပြေးတာပဲ..."

ကျီချင်းရှန် လင်းရီ ပါးကို ဖျစ်ညစ်လိုက်ပြီး
နောက်သို့သွားကာ ပခုံးများကို နှိပ်နယ်ပေးလိုက်၏။

"ငါ့အထင်တော့ ဒုတိယဖြစ်နိုင်ချေက နင့်အတွက်
ပိုကောင်းမယ်ထင်တာပဲ..အဲ့လိုဆို ချစ်ပ်တွေ
လျော့ဈေးပေးခိုင်းဖို့ရာ ဆွေးနွေးဖို့ လွယ်ကူသွားပြီ..."

"အမှန်ပဲ..."လင်းရီ ပြောလိုက်၏။

သို့တိုင်အောင် သူ၏ နှလုံးသားထဲ၌ ကွယ်ဝှက်ထားသည့်
စိုးရိမ်မှု တစ်ခုလည်း ရှိနေသေးသည်။

ချောင်ရှန့်ယွီ အပြင် မမြင်ရသေးသည့်
ချောင်ကျင်းချိုးမှာလည်း အန္တရာယ်ရှိနိုင်သည်ဟု
ခံစားနေရ၏။

အကယ်၍ သူ့တွင်သာ အချိန်လုံလောက်ပါက
ထိုမိန်းကလေးအကြောင်း
တစ်ချက်စုံစမ်းကြည့်သင့်ပေသည်။

ကလင် ကလင် ကလင်

လင်းရီ အတွေးနက်နေတုန်း ဖုန်းသံ မြည်လာခဲ့၏။

ဝမ်ထျန်းလုံဆီမှပင်။

"ဘာကိစ္စလဲ.."

"ဘော့စ်လင်း...ချောင့်ရှန့်ယွီလို့ ခေါ်တဲ့ တစ်ယောက်က ကျွန်တော့်ဆီ ဖုန်းခေါ်လာတယ်..ဒါပေမယ့် ကျွန်တော် မကိုင်လိုက်ဘူး.. ကျွန်တော့် အမျိုးသမီးကို ကိုင်ခိုင်းလိုက်တယ်.."

လင်းရီ ဝမ်ထျန်းလုံကို အနာဂတ်တွင် သူ့ထံ ဖုန်းစိမ်းများ ခေါ်လာနိုင်ကြောင်း ပြောပြထား၏။ တစ်ချိန်တည်းတွင် ထိုဖုန်းစိမ်းများ ဝင်လာပါက တိုက်ရိုက်မကိုင်ပဲ တစ်ယောက်ယောက်ကို အကျိုးကြောင်း မေးမြန်းကာ ဘာဆက်လုပ်ရမလဲဆိုတာကို ဆုံးဖြတ်ရန် ပြောပြထားခဲ့သည်။

ဝမ်ထျန်းလုံလည်း လင်းရီ၏ သတိပေးစကားကို ပြန်လည် နားယောင်ကာ သူ့အမျိုးသမီးကို ကိုင်ခိုင်းလိုက်လေသည်။

"ဟိုဘက်က ဘာပြောလာလဲ..."

"သူပြောတာတော့ Ciscoရဲ့ ဒါရိုက်တာက ကျွန်တော်နဲ့ စကားပြောချင်နေတယ်..ပြီးတော့ အလုပ်အတူလုပ်ဖို့ လည်း

စိတ်ဝင်စားတယ်လို့တော့ ပြောတာပါပဲဗျ...ကျန်တာကတော့ ဘာမှ မပြောဘူး.."

လင်းရီနှင့် ကျီချင်းရန်တို့ အကြည့်ချင်း ဖလှယ်လိုက်ကြသည်။

ကိစ္စများမှာ သူတို့ မျှော်မှန်းထားသကဲ့သို့ ဖြစ်လာပုံပင်။

ချောင်ရှန့်ယွီ ဖုန်းခေါ်ဆိုလာခဲ့ခြင်းမှာ သေချာပေါက် စာချုပ်ချုပ်ဆိုရန် ဖြစ်ပေရမည်။

စက္ကန့်အနည်းငယ်ခန့် စဉ်စားပြီးနောက် လင်းရီ ပြောလိုက်သည်။

"သူနဲ့ စကားပြောဖို့ အချိန်မရှိသေးဘူးလို့ပြောပြီး ငါ့ဖုန်းနံပါတ်ကို သူ့ဆီပေးလိုက်..ဒါပေမယ့် ငါဘယ်သူလဲဆိုတာတော့ မပြောလိုက်နဲ့.."

"နင့်မှာ အထောက်အထား တစ်ခုခုတော့ ရှိမှလေဟယ်..မဟုတ်ရင် သံသယများသွားမှာပေါ့.."ကျီချင်းရန် ဘေးမှနေ၍ ဝင်ပြောလိုက်သည်။

"လွယ်ပါတယ်..သူ့ကို ငါက မင်းယောက်ဖလို့သာ
ပြောလိုက်...ပြီးတော့ ငါက ခု စက်ရုံတာဝန်ခံလို့
ပြောထားလိုက်ကွာ.."

"ဟုတ်ကဲ့ ပြဿနာတော့ မရှိပါဘူး..ဒါပေမယ့် ကျွန်တော့်
ယောက်ဖက လွန်ခဲ့တဲ့ နှစ်နှစ်တုန်းကရင် ထရပ်ကားတစ်စီးနဲ့
ဝင်တိုက်ခံရပြီးတော့ နံရိုကြားထဲ
ညှပ်သွားတာနော်..ကျွန်တော်တို့ ပြန်တွေ့တော့
အလောင်းတောင်မှ အခြေနေ
တော်တော်ဆိုးဆိုးကြီးပဲ...မရှုမလှကြီး ဆုံးသွားခဲ့တာ...."

လင်းရီ :"....."

အခြားတစ်ဖက်တွင်တော့ ကျီချင်းရန်မှာ ပါးစပ်အုပ်၍
တခစ်ခစ် ရယ်မောနေတော့၏။ ယခုလို စကားဝိုင်း
ဖြစ်သွားလိမ့်မည်လို့ ထင်မထားခဲ့ချေ။

" အေး အတော်လေးကို ကံဆိုးတာပဲကွ..မင်းကော
ထရပ်ကားတစ်စီးလောက် ရှာပြီးတော့ အတွေ့ကြုံလေး
ဘာလေး မယူချင်ဘူးလား...

"မ မဟုတ်ပါဘူးဗျာ ဘော့စ်ကလည်း ..အဲ့သဘောမျိုး
မဟုတ်ပါဘူး..တကယ်လို့ ကျွန်တော်သာ
သေသွားမယ်ဆိုလို့ကတော့ ဘယ်သူက ဘော့စ်ကိုကူပြီး
ဟိုတယ်ကို စီမံပေးမှာလဲတဲ့ဗျ... "

"ငါ့မှာ ရှိတဲ့ ပိုက်ဆံနဲ့ မင်းလောက် တော်တဲ့သူကို
မရှာနိုင်ဘူးလို့ ထင်နေတာလား..."

"ဘော့စ်လင်းကလည်း အဲ့လို မပြောပါနဲ့ဗျာ..."ထျန်းလုံ
ပြောလိုက်ပြီး "ကျွန်တော် ကြွားတာတော့
မဟုတ်ဘူးနော်..ဒါပေမယ့် ပန်နီဆူလာ ဟိုတယ်ရဲ့
အရွယ်အစားနဲ့ဆိုရင် အဲ့လောက်ကြီးတဲ့ ဟိုတယ်ကြီးကို
ကြီးကြပ်နိုင်တဲ့လူက များများစားစား မရှိဘူးဗျ... "

"ကောင်းပြီ..ကြွားနေတာတွေ ရပ်လိုက်ျတော့.."လင်းရီ
ပြောလိုက်ပြီး "အလုပ်လုပ်တဲ့ အချိန်ကျရင်
တက်တက်ကြွကြွလေးလုပ်..အပြင်ဘက်က သတင်းလေး
ဘာလေးလဲ သေချာ နားစွင့်ထားဦး ကြားလား.."

"ရက်စ် ဘော့စ်..မစ်ရှင်ကို ပြီးမြောက်အောင်မြင်အောင်
လုပ်ပေးပါ့မယ်ဗျ..."

"အိုကေ...."

လင်းရီ စကားလုံး အနည်းငယ်ခန့် ပြောပြီးနောက်
ဖုန်းချလိုက်၏။

ဟစ်...

သူ ဖုန်းချပြီးပြီးချင်း လင်းရီ ကျောစိမ့်လာသလို
ခံစားလာရ၏။ "ငါ အဲကွန်းလည်း မဖွင့်ထားပါဘူး၏ ..ဘာလို့
ဒီလောက် အေးစိမ့်..."

ကျီချင်းရန်၏ လူသ-တ်ချင်စိတ်များ ပြည့်နှက်နေသည့် အမူအရာကို မြင်တော့ လင်းရီ တစ်ဝက်တစ်ပျက်တွင် ရပ်တန့်သွားခဲ့လေသည်။

ဒီကောင်မလေးက ဘာတွေ ထဖောက်နေတာလဲဟ...

အန်တီလာတယ်ဆိုရင်တောင်မှ ဒီလောက်ကြီးတော့ မဖြစ်သင့်ဘူးလေကွာ...စောနတုန်းက အကောင်းကြီး ရှိနေတာ မဟုတ်လားကွ...

"နင် ခုနလေးတင် ပန်နီဆူလာ ဟိုတယ်က နင့်အပိုင်လို့ ပြောလိုက်တာလား..."

"ဟုတ်တယ်လေ..ဒီတိုင်း ဟိုတယ်လေး တစ်လုံးပဲမဟုတ်လား..ဘာမှ ထူးဆန်းတာလည်း မဟုတ်ပဲနဲ့..."

"အရင်တုန်းက ချောင်ရန်အုပ်စု ညီလာခံ လုပ်ချင်တုန်းက မန်နေဂျာဝမ်ရဲ့ အပြုအမူတွေက ထူးဆန်းနေပါတယ်လို့ မှတ်နေတာ..လက်စသတ်တော့ ရှင့်ကြောင့်ကိုး..."

"အာ....တကယ်လို့ ငါအမှတ်မမှားဘူးဆိုရင်...အကြောင်းပြချက်က...."

"နင်က ဝန်ခံရဲတယ်ပေါ့လေ..."ကျီချင်းရန် ဒေါသထွက်စွာ ပြောဆိုလိုက်ပြီး "နင်က အဲ့လို ညစ်ပတ်ပြီးတော့ ငါ့ကို ဒီ ပုံစံ ထိုင်ထလုပ်ခိုင်းတယ်ပေါ့လေ...ငါနင့်ကို သတ်မယ်...."

အခန်း (၂၉၁)

သောက်ကျိုးနည်း...

သူဘယ်လိုလုပ် အဲ့ကိစ္စကြီးကို မေ့သွားခဲ့ပါလိမ့်..

ကျီချင်းရန် လင်းရီထံသို့ ဒေါသထွက်နေသည့် ကျားမလေး တစ်ကောင်ကဲ့သို့ ပြေးဝင်သွားလိုက်ပြီး သူမ၏ အမျိုးသမီး ပုံရိပ်ကိုပင် ဂရုစိုက်နေခြင်း မရှိတော့ချေ။

ညအိပ်ဝတ်အင်္ကျီ ပိုးထည်ပါးပါးလေးသာ ဝတ်ဆင်ထားသောကြောင့် သူမ၏ နူးညံ့သော အသားစိုင်ကြီးများကို ခံစားနေရပြီး လင်းရီအဖို့ လှိုင်းလုံးကြီး တစ်လုံးပြီး တစ်လုံး အရိုက်ခံနေရကာ အသက်ရှူ မဝသလိုပင် ဖြစ်လာခဲ့တော့၏။

"ချင်းရန် ငါပြောတာကို အရင်နားထောင်ပါဦးဟ..."လင်းရီ ပြောလိုက်ပြီး "အဲ့လို လုပ်လို့ ငါ့ကို အပြစ်တင်လို့ မရဘူးလေကွာ..မင်းလေးက ဒီလောက်ထိ စွဲမက်စရာ ကောင်းတာ ဘယ်ယောကျာ်းသားက မင်းအပေါ် မဟုတ်တဲ့ အတွေးတွေ မရှိဖို့ ဆိုတာ ဘယ်လိုလုပ်

ဖြစ်နိုင်မှာလဲတဲ့..ဒီတော့ ငါ အဲ့လိုလုပ်မိတာကို နားလည်ပေးသင့်တယ်လေကွာ..."

"နင့်ကို နားလည်ပေးရမယ်..ဟုတ်လား."

"အမှန်ပဲလေ.."လင်းရီ သေချာနေသည့် လေသံဖြင့် ပြောလိုက်ပြီး "ကိုယ် ကလည်း ယောကျ်ားသား တစ်ယောက်ပဲ..မင်းလေးက နတ်သမီးတမျှ လှပတော့ ကိုယ်ကလည်း  စွဲလန်းမိတာပေါ့..အဲ့လိုလုပ်မိလို့ ကိုယ့်တစ်ဘဝလုံး ပြစ်ဒဏ်ကျခံရမယ်ဆိုရင်တောင်မှ ကိုယ် ကျေကျေနပ်နပ်ကြီး ခံယူပါရစေ...ေနာက်ထပ် အခွင့်ရေး တစ်ကြိမ် ထပ်ရခဲ့ဦးမယ်ဆိုရင် တောင်မှ ကိုယ်တို့ဆိုင်းခြင်းမရှိ အဲ့လိုထပ်လုပ်ဖို့ ရွေးချယ်မိမှာပဲ..ဘဝမှာ မလုပ်မိလိုက်လို့ နောင်တရတဲ့ အဖြစ်မျိုး မဖြစ်ချင်ဘူး... "

လင်းရီ၏ ဖွင့်ဟဝန်ခံချက်ကို နားထောင်ပြီးနောက် ကျိချင်းရန် နှလုံးသားလေး အနည်းငယ် လှုပ်ရှားသွားခဲ့၏။

ဟွန့် အပြောကတော့ ချို..နေတာပဲ...ဒီကောင် အလှလေး ဘယ်နှစ်ယောက်ကို ဒီလိုစကားတွေပြောပြီး ချုပ်နေလဲ မသိပါဘူး...

"ကောင်းပြီ...ဒီတစ်ခါတော့ နင့်ကို ခွင့်လွှတ်လိုက်မယ်..."

ကျိချင်းရန်လည်း လင်းရီတွင် စီးပွားရေးလုပ်ငန်း ဘယ်လောက်များများ ပိုင်ဆိုင်ထားလဲဆိုတာ သိချင်နေလေသည်။ သို့သော်လည်း သူမဘက်မှ စတင်မေးမြန်းရန်တော့ အစီစဉ် လုံးဝမရှိ။

အဲ့ကောင်စုတ်က ငါ့ကို
အရင်လာပြောရင်ပြော..ငါ့ဘက်ကတော့ စမေးဖို့
စဉ်းတောင်မစဉ်းစားနဲ့...

"တော်ပြီ..ငါ အရမ်းပင်ပန်းနေပြီ..နင်လည်း ကိုယ့်အခန်းကို
ပြန်အိပ်တော့..မနက်ဖြန် နေ့လည်ခင်းလောက်မှ ငါ့ကို
လာရှာလှည့်...နောက်မကျစေနဲ့နော်..."

"အိုကေ..."လင်းရီ ဆက်လက် စနောက်မနေတော့ပဲ
အိုကေလက်ဟန်ပြ၍ ထွက်ခဲ့လိုက်၏။ သူ့တွင် အာရုံစိုက်စရာ
ကိစ္စတစ်ချို့လည်း ရှိနေသေးသည်။

သူ၏အိပ်ရာပေါ်တွင် လဲလျောင်းရင်း လင်းရီ စနစ်၏
စာမျက်နှာကို ဖွင့်ရန် အမိန့်ပေးလိုက်သည်။

"စနစ်..Didi ဒရိုင်ဘာ အလုပ်အကိုင်ကို စတင်မယ်..."

[Didi ဒရိုင်ဘာ အလုပ်အကိုင် ရပ်စဲထားခြင်း အခြေအနေ
ပြီးဆုံး သွားပါပြီ...]

[ပြန်လည် စတင်ချင်ပါသလား...]

"စတင်မယ်..."

[Didi ဒရိုင်ဘာအလုပ်ကို ပြန်လည် အသက်သွင်းပြီးပါပြီ...]

[စနစ် မစ်ရှင် : ကီလို ၅,၀၀၀ကို လုံခြုံစွာ
မောင်းနှင်ပါ...(၁,၀၈၉/၅၀၀၀)]

[ဆုလဒ် : အတွေ့ကြုံမှတ် ၂၀၀,၀၀၀]

လင်းရီ တွက်ချက်မှု တစ်ချို့ ပြုလုပ်လိုက်၏။ သူ Didi ကို သီတင်းတစ်ပတ်ခန့် မောင်းနှင်ပြီး ကီလို တစ်ထောင်ကျော်နီးပါး ရောက်ခဲ့လေသည်။ ဤအခြေနေပေါ်တွင် မူတည်၍ တွက်ချက်ကြည့်ပါက မစ်ရှင်ပြီးမြောက်ရန် သီတင်းလေးပတ်ခန့် လိုအပ်နိုင်၏။

ယခုအချိန်မှစ၍ သူ အရင်လို ပေါ့ပျက်ပျက် လုပ်လို့ရတော့မည်တော့ မဟုတ်ချေ။

နောက်တစ်နေ့ နံနက်ခင်းတွင်တော့ လင်းရီ အိပ်ရာမှ နိုးလာပြီး မီးဖိုချောင် ထဲမှ အိုးခွက်ပန်းကန်သံများကို ကြားလိုက်ရသည်။အောက်သို့ ဆင်းကြည့်လိုက်သောအခါ ကျိချင်းရန်တစ်ယောက်အေပရွန်ကို ခါးစည်း၍ မီးဖိုချောင်ထဲတွင် အလုပ်များနေသည်ကို မြင်တွေ့လိုက်ရ၏။

သူမ၏ ဆံပင်များကို ခေါင်းစည်းကြိုး အပြာရောင် တစ်ခုဖြင့် သပ်ရပ်စွာ ချည်နှောင်ထားပြီး လေးနက်စွာ ချက်ပြုတ်နေသည်မှာတော့ အိမ်ထောင်မှု နိုင်နင်းသည့် အမျိုးသမီးတစ်ယောက်အသွင် ဖြစ်နေလေသည်။

"ထလာပြီလား...သွား..မျက်နှာသွားသစ်ချည်..ခေါက်ဆွဲက ခဏနေဆို အသင့်ဖြစ်တော့မယ်..."

ကျီချင်းရန် လက်ထဲတွင် ယောင်းမ ကိုင်လျက် လင်းရီဘက်သို့ လှည့်ကာ အပြုံးလေးဖြင့် ပြောလိုက်သည်။

"ဘာလို့ စောစီးထပြီး မနက်စာတွေ ချက်ပြုတ်နေတာ..."လင်းရီ တံခါးဘောင်တွင် မှီလျက် ကျီချင်းရန်ကို မေးလိုက်သည်။

"နင့်ချည်းပဲ ချက်ပြုတ်ခိုင်းနေလို့ ဘယ်ဖြစ်မှာ..ငါက မျှတတဲ့ သူပါနော်.."

"ငါမင်းကို ချက်ပြုတ်ကျွေးတာက အသားငါးတွေလေကွာ..မင်းက ပြန်လုပ်ကျွေးတော့ ခေါက်ဆွဲပြုတ်တဲ့လား....တော်တော်လေး မျှတရှာတာပဲနော်..."

"နင်ပြောတော့ ငါက နင် ကြိုတ်crushနေတဲ့ CEO ဆို..ခု ငါက နင့်အတွက် ကိုယ်တိုင် ချက်ပြုတ်ပေးနေတာကို နင်က မကျေနပ်ဘူးပေါ့..." ကျီချင်းရန် အကြောမခံပဲ "ဒါက နင်ချက်ပေးတဲ့ အသားငါးတွေထက်တောင် ကောင်းသေးတယ်..ငါက စေတနာ ဗလပွနဲ့ ချက်ပေးတာ.."

"ဟုတ်ပါပြီ မင်းလေးကသာ အကောင်းဆုံးပါ.."လင်းရီ ပြုံးလျက် ခေါင်းခါယမ်းပြီး ရေချိုးခန်းသို့ ဝင်ကာ မျက်နှာသစ်လိုက်သည်။

သူထွက်လာသည့် အချိန်တွင်တော့ မနက်စာမှ စားပွဲပေါ်သို့ ရောက်ရှိနေပြီး အဆင်သင့် ဖြစ်နေလေသည်။

ခေါက်ဆွဲ၊ကြက်ဥကြော်နှင့် နွားနို့တစ်ခွက်။
ကျီချင်းရန်ကတော့ တ-ရုတ်နှင့် အနောက်တိုင်း မနက်စာများကို ရောတမမွှေ ချက်ပြုတ်ထားချေလေသည်။

"နင် ကျောင်းကနေ ခွင့်ဘယ်နှစ်ရက် ယူထားလဲ.."

ကျီချင်းရန် မေးမြန်းလိုက်ပြီး "ငါတို့ အချိန်စာရင်းကို သေချာလုပ်ဖို့ လိုတယ်နော်..."

"ငါ့ခု အလုပ်ထွက်ပြီးတော့ Didi ပြန်မောင်းဖို့ ဆုံးဖြတ်လိုက်ပြီ.."

"အမ်...နင်ကျောင်းပြန်ရောက်တာတောင် တစ်လ မပြည့်သေးဘူး..ထွက်ပြန်ပြီတဲ့လား..."

"ဒီတိုင်း လာတယ်ဆိုပြီး ပြရုံသပ်သပ်ပဲလေ..ထွေထူးလုပ်ဖို့မှ မလိုတာ.."

"ဟီးဟီး တစ်ကယ်တမ်းကျတော့ ငါလည်း နင့်အကြံကို သဘောတူတယ်သိလား..အဲ့လိုဆို နောက်ကျ ငါ့မှာ ဘယ်ချိန်ဖြစ်ဖြစ် ခေါ်လို့ရတဲ့ ဒရိုင်ဘာတစ်ယောက်

ရှိသွားပြီလေ..."ကျီချင်းရန် ပျော်ရွှင်နေသည့် လေသံဖြင့်
"ငါလည်း ကားမမောင်းချင်နေတာနဲ့ အတော်ပဲ..."

"ကျွတ်...မင်းက အပျင်းထူးတာကိုး..."

"ဟီးဟီး.."

နံနက်စာစားပြီးနောက် ကျီချင်းရန် မနေ့က ဝယ်လာခဲ့သည့်
အထုပ်များကို ယူပြီး "ငါ ဒီအဝတ်တွေ ရုံးကို
ယူသွားလိုက်မယ်နော်..နင် နေ့လည် ငါ့ကို လာကြိုတဲ့
အချိန်ကျမှ အဝတ်လဲလိုက်ပေါ့..."

"အင်း..."

နှစ်ယောက်သား ကားထဲသို့ ဝင်လိုက်ကြ၏။ ကျီချင်းရန်မှ
ကျွမ်းကျင်စွာဖြင့် အော်ဒါတင်လိုက်ပြီး နှစ်ယောက်သား
နည်းလမ်းဟောင်းကြီးအတိုင်း အော်ဒါလက်ခံပြီးနောက်
ရုံးခန်းသို့ မောင်းလာခဲ့လိုက်၏။

ကျီချင်းရန်ကို ရုံးသို့ လိုက်ပို့ပေးပြီးနောက် လင်းရီ ကျောင်းသို့
ဦးတည်လိုက်သည်။

"အစ်ကိုလင်း..ရှင့်အတန်းက နေ့လည်မှ မဟုတ်လား..ဘာလို့
ဒီလောက် အစောကြီး လာခဲ့တာလဲ..."စုန့်ကျားမှ
ထူးဆန်းနေဟန်ဖြင့် မေးမြန်းလိုက်သည်။

သူမတို့ မျက်လုံးတွင်တော့ တက္ကသိုလ်မှာ
လင်းရီအတွက်တော့ အိမ်ရှေ့နှင့် နောက်ဖေးကဲ့သို့ ဖြစ်နေပြီး
လာချင်တဲ့အချိန် လာ၍ ရပေသည်။

သို့သော်လည်း တစ်ခုထူးဆန်းသည်က လင်းရီမှာနောက်ကျမှ
လာပြီး စောပြန်သော်လည်း သူ၏ အတန်းချိန်
တစ်ခုတစ်လေကိုမျှ လွတ်ထွက်သွားခြင်းမရှိချေ။

အခြားတစ်ဖက် ကြည့်မည်ဆိုပါက သူ၏ အလုပ်ပေါ်တွင်
နစ်မြုပ်ထားကြောင်း မြင်နိုင်လေသည်။

"ငါနောက်ရက်တွေက စပြီး အလုပ်လာနိုင်တော့မှာ
မဟုတ်ဘူး..ဒါကြောင့် မင်းတို့ကို လာနှုတ်ဆက်တာ..."

"ရှင်က မလာတော့ဘူးပေါ့ ...ထွက်ပြန်ပြီလား..."

"ထွက်တယ်ရယ်လို့တော့ မဟုတ်ပါဘူးကွာ..ဒီတိုင်း
အတန်းဝင်တာတွေပဲ နားလိုက်တာ.."လင်းရီ ပြောလိုက်ပြီး
"တစ်ကယ်လို့ ကျောင်းမှာ တစ်ခုခု ဖြစ်ရင်တော့ ငါ့ကို
ခေါ်လိုက် ..ငါလာခဲ့ပေးမယ်..."

လင်းရီ ကျောင်းကော်မတီရုံးခန်းထဲမှ မထွက်ခွာမီ
စုန့်ကျားတို့နှင့် ခဏတဖြုတ် စကား ပြောလိုက်၏။ ထို့နောက်
သူ၏ ကားထံသို့ ပြန်လာခဲ့လိုက်လေသည်။

ကားထဲသို့ ဝင်ပြီး ခါးပတ်တပ်တော့မည့် အချိန်တွင်လင်းရီ ဖုန်းသံ မြည်လာခဲ့၏။ အမည်မသိ နံပါတ်တစ်ခုပင်။

"ဟယ်လို..မစ္စတာလင်းရီလားခင်ဗျာ..."

အသံမှာ အမျိုးသားတစ်ဦး၏ အသံပင်။  လင်းရီ အသံပိုင်ရှင် မည်သူဖြစ်မလဲလဲဆိုတာကို ကြိုးစား၍ စဉ်းစားဖော်ထုတ်သော်လည်း ယင်းအသံပိုင်ရှင်နှင့် ရင်းနှီးနေခြင်းမရှိသောကြောင့် စဉ်းစားလို့တော့မရခဲ့။

"ကျွန်တော်ပါ..."
"Cisco ရဲ့ ဒါရိုက်တာ ချောင်ရှန့်ယွီလေ..ကျုပ် ခင်များယောက်ဖဆီ မနေ့က ဖုန်းဆက်လိုက်သေးတယ်..ဒါပေမယ့် ခင်များကမှ စက်ရုံတာဝန်ခံဆိုပြီး ကျွန်တော့်ကို ဒီဖုန်းနံပါတ် ပေးလိုက်လို့ ဆက်သွယ်လိုက်တာ"

လင်းရီ ရုတ်တရက်ဆိုသလို ဤဖုန်းခေါ် ဆိုသူမှာ သူမျှော်လင့်နေသည့် လူဖြစ်ကြောင်း အမှတ်ရသွားလေသည်။

"အဲ့ စုတ်ပြတ်နေတဲ့ စက်ရုံအကြောင်းတော့ ပြောမနေစမ်းပါနဲ့ဗျာ....ဒီတိုင်း ပိုက်ဆံကို မီးရှို့လိုက်ရင်တောင်မှ ကြည့်လို့ကောင်းဦးမယ်.."လင်းရီ ဒေါသထွက်နေဟန်ဖြင့် "ယောက်ဖကလည်း ဘာတွေ လုပ်လို့ လုပ်နေမှန်းကို မသိဘူး....ဘာမှ သောက်သုံးမကျတဲ့

စက်ရုံကြီးကို သန်းရာချီပေးပြီး
ဝယ်ရတယ်လို့ကွာ....သောက်သုံး မကျလိုက်တာ..."

ချောင်ရှန့်ယွီ ကြက်သေသေသွားခဲ့၏။

ဒီကောင်က သူ့ယောက်ဖကိုသူ ကျိန်ဆဲနေတာလားဟ...

အတော်လေး တဇောက်ကန်း နိုင်တဲ့ လူပဲ...

"အိုး ဟုတ်သား..ခင်များက ဘယ်သူ..ကျုပ်သေချာ
မကြားလိုက်လို့..."

"Cisco ရဲ့ စက်ရုံမန်နေဂျာ ..ချောင့်ရှန့်ယွီပါ..."

"အမ်... Cisco...ဘယ်နားက Ciscoလဲ..ကျုပ်တစ်ခါမှ
မကြားဖူးဘူး..."

ယခုတော့ ချောင်ရှန့်ယွီ ပိုလို့ပင် ဆွံ့အသွားတော့၏။

CISCOက မင်းတို့ စက်ရုံဘေးမှာလေကွာ..အလွန်ဆုံးဝေးလှ
မီတာရာကျော်လောက်ပေါ့..အဲ့တာကို မကြားဖူးဘူးတဲ့လား....

ဒီဘိုးတော် သေချာပေါက် နှာလောက်ပဲ
မီးတောက်နေတာဖြစ်မယ်...

"မကြားဖူးလည်း အဆင်ပြေပါတယ်ဗျ..ကျုပ် ဒီကနေ့ ဖုန်းဆက်လိုက်ရတာက အလုပ်ကိစ္စလေး ဆွေးနွေးချင်နေလို့ပါ..အားတဲ့ချိန်ကျ တွေ့ရင် ဘယ်လိုလဲ..."

"ခုတော့ မရသေးဘူး..ကျုပ် ပြည်ပရောက်နေလို့...ဟူး ဟူး ဟူး...သောက်ကောင်မ မင်းပါးစပ်ကို သေချာသုံးစမ်း..ဒါက ဘဝကြီးတစ်ခုလုံးကွ..."

"ဟားဟား...မစ္စတာလင်းက အလုပ်ရှုပ်နေတယ် ဆိုမှတော့ ကျုပ် မနှောင့်ယှက်တော့ပါဘူး...မစ္စတာလင်း ပြန်ရောက်တဲ့အချိန်ကျမှ တွေ့ကြတာပေါ့.."

"အိုကေလေ..ကျုပ်ပြန်ရောက်တဲ့ချိန်ကျ ဖုန်းဆက်လိုက်မယ်..ဘာပဲပြောပြော အားလုံးက မိတ်ဆွေတွေပဲ မလား..."

"ဒါပေါ့ဗျ....အားလုံးက မိတ်ဆွေတွေပဲလေ..ပြန်ရောက်ရင် တစ်ဝိုင်းလိုက်တိုက်ပါ့မယ်..."

"အဆင်ပြေတာပေါ့..."

ဖုန်းချပြီးနောက် လင်းရီ မေးစေ့ပွတ်ရင်း ချောင်ရှုန့်ယွီမှာ သူချထားသည့် ငါးစာကိုတော့ ကိုက်ထားချေပြီ။ ဤအရာက ကောင်းသည့် လက္ခဏာပင်။

သူ့တွင် တခြား ဖုန်းခေါ်စရာလည်း မရှိသောကြောင့် ဝမ်ရန်ကိုခေါ်ပြီး သူ့အတွက် အမြန်ဆုံး အလုပ်လုပ်ခိုင်းရန် စီစဉ်လိုက်၏။

"သင့်မှာ အော်ဒါအသစ် ရှိပါတယ်."

[ပေချောင် ဟော့ပေါ့ဆိုင်မှ ကျိုးဟိုင် နိုင်ငံတကာ ကားပြိုင်ပွဲကွင်းသို့..]

အော်ဒါကို ဖတ်ရှုပြီးနောက် လင်းရီ ပြုံးမိလိုက်သည်။

အဲ့နေရာက ငါ့ရဲ့ ပိုင်နက်မဟုတ်လား...

ပေချောင် ဟော့ပေါ့ဆိုင်မှာ တက္ကသိုလ်နှင့် သိပ်မဝေးပေ။ လမ်းနှစ်လမ်းလောက်သာ ကွာခြား၏။ ရှောင်ထျန်ပင် သူ့ကို တစ်ခါ ဝယ်ကျွေးဖူးသေးသည်။

ထိုအချိန်တွင်တော့ ပေချောင် ဟော့ပေါ့ဆိုင်တွင်မိန်းကလေး သုံးဦး ပါးစပ်သုတ်ပြီးနောက် တစ်သျှူးကို လမ်းတစ်ဖက်သို့ ပစ်လိုက်သည်။

"ဘယ်နှမိနစ်တောင် ရှိနေပြီလဲ..Didi က ခုထိ ရောက်မလာသေးဘူးတဲ့လား... "ဂျင်းစကတ်အတို ဝတ်ဆင်ထားသည့် ဆံပင်အရှည်နှင့် အမျိုးသမီးမှ ပြောလိုက်သည်။

"အဲ့လိုမှန်း ကြိုသိရင် စွပ်ပြုတ်တွေ ကုန်အောင်သောက်ပြီးမှ လာပါတယ်ဟယ်.."

အခန်း (၂၉၂)

"အွန်း ငါကောပဲ..ဆိုဒါတစ်ဝက်လောက်တောင် ကျန်သေးတယ်...နင်သာ ငါ့ကို မလောရင် အလဟဿ ဖြစ်သွားမှာ မဟုတ်ဘူး..စိတ်ဆိုးတယ် သိလား.."ဆံပင်အနီရောင်နှင့် မိန်းကလေးမှ ပြောလိုက်သည်။

"လီဖေး..မုန့်ရှင်း..ငါ နင်တို့ နှစ်ယောက်နဲ့ သဘောတူထားတယ်နော်..ဒီနေ့ ဟော့ပေါ့က ငါကျွေးတာဆိုတော့ နောက်တစ်ခေါက်ကျရင် နင်တို့ငါ့ကို ပြန်ကျွေးရမယ့် အလှည့်ပဲ..."ဆံပင်အတိုနှင့် မိန်းကလေးမှ ပြောလိုက်၏။

"အမယ်လေး ..ယွီကျောင်းကျောင်း..နင်ကလည်း ကပ်စေးနည်းလိုက်တာအေ..ဒီတိုင်း ဟော့ပေါ့တစ်ပွဲလေးကိုများ စာဖွဲ့ပြီး ပြောနေလိုက်သေး.... " လီဖေးဆိုသော မိန်းကလေးမှ မကျေမနပ်ပြောလိုက်၏။
"စကားမစပ် ငါနင့်ကို လောလောလတ်လတ် တွေ့ထားတဲ့ သခင်လေးရန် အကြောင်း ပြောပြမယ်..သူ့မိသားစုက လေကြောင်းလိုင်းကို ပိုင်တာနော် ..ပိုက်ဆံကလည်း အများကြီး ရှိတယ်..ပြီးတော့ ခုလည်း သူပဲ ငါတို့ကို ကျိုးဟိုင် ကားပြိုင်ပွဲကွင်းကို ခေါ်လိုက်တာ..ငါသာ သူ့ကို ကောင်းကောင်းလေး ခစားလိုက်မယ်ဆိုရင် သူ့ဆီကနေ မုန့်ဖိုးတွေ အများကြီး ရလောက်တယ်..အဲ့ခါကျရင် နင်တို့ကို

ကြယ်ငါးပွင့် ဟိုတယ်ကြီးဆီခေါ်သွားပြီးတော့
ဇိမ်ခံတယ်ဆိုတာက ဘာလဲဆိုတာ သိအောင် လုပ်ပေးမယ်..."

"အဲ့ဒီ ကြယ်ငါးပွင့် ဟိုတယ်အကြောင်း
မပြောသေးနဲ့ဦး...ငါတော့ ကျိုးဟိုင် နိုင်ငံတကာ
ကားပြိုင်ပွဲကွင်းကြီးဆီ သွားရဖို့ကို
မစောင့်နိုင်တော့ဘူး..ငါကြားထားတာ အဲ့ပြိုင်ပွဲကွင်းက
တ-ရုတ်မှာ အကြီးဆုံး ကားပြိုင်ပွဲကွင်းကြီးဆိုပဲ....အဲ့နေရာက
သွားချင်တိုင်း သွားလို့ရတဲ့ နေရာ
မဟုတ်ဘူးတဲ့နော်..."မုန့်ရှင်းဟု ခေါ်သည့် မိန်းကလေးမှ
ပြောလိုက်သည်။

"ဒါကြောင့်မို့ ငါ၊ လီဖေးနောက် လိုက်ခဲ့ရင် အနာဂတ်ကျ
အသားတွေ အများကြီးစားရမယ့် အခွင့်ရေး ရပါမယ်လို့
ပြောတာပေါ့..."

"ငါတို့တွေ ညီအစ်မလို နေလာတာဖြင့် ကြာလှပြီ...တကယ်လို့
ကောင်းစားသွားရင် ငါတို့ကိုလည်း
မမေ့ရဘူးနော်..."ယွီကျောင်းကျောင်းမှ ပြောလိုက်သည်။

"ပြဿနာမရှိဘူး..ငါက သစ္စာရှိတဲ့သူပါနော်..နင့်လို ဟော့ပေါ့
တစ်ပွဲလောက်ကို စာဖွဲ့နေတဲ့သူများ မှတ်နေလား..."

လီဖေး သူမ ဖုန်းကို ကိုင်ပြီး ဘေးဘီဝဲယာကို
တစ်ချက်ကြည့်လိုက်၏။ သူမ မျက်နှာပေါ်ရှိ

စိတ်မရှည်မှုများမှာ တစထက်တစ ပို၍ ပေါ်လွင်လာလေသည်။

"လာနောက်နေတာလား..ခေါ်ထားတာ ဆယ်မိနစ်တောင် ရှိတော့မယ်..ကားက ခုထိ ရောက်မလာသေးဘူး..."

"ဒီတစ်ဝိုက် လမ်းတွေက ယာဥ်ကြောကျပ်တယ်..အဲ့တော့ နဲနဲကြာတာ မဆန်းပါဘူးဟယ်.."မုန့်ရှင်းမှ ပြောလိုက်၏။

"ဒါထက် နင်တို့ ကြားဖူးကြလား..တလောတုန်းက ချမ်းသာတဲ့ သခင်လေး တစ်ယောက်က ပြိုင်ကားကြီးနဲ့ နေ့တိုင်း Didi မောင်းတယ်တဲ့နော်ဖ။။။။ငါတို့ သူနဲ့ ဆုံမယ်လို့ ထင်လား.."

"ပေါက်လွတ်ပဲစား..."ယွီကျောင်းကျောင်း ပြောလိုက်ပြီး "ဘယ်လို ချမ်းသာတဲ့ သခင်လေးက လက်ကမျဥ်းကြောထပြီး Didi မောင်းမှာလဲတဲ့...လူတွေ ချဲ့ကားပြီး ပြောထားကြတာနေမှာပါဟယ်..."

"အွန်း ..နင်ပြောတာ မှန်တယ်..."မုန့်ရှင်း ပြောလိုက်ပြီး "ခု Didi ဆွဲတဲ့ကားတွေက ယွမ် တစ်သိန်း ဝန်းကျင်လောက်ပဲ..တကယ်လို့ ငါသာ ဒရိုင်ဘာ လိုင်စင်ရလို့ကတော့ ပေါ်စချယ် တစ်ခါတည်း ဝယ်ပစ်ပြီးတော့လျှောက်မောင်းပစ်လိုက်ဦးမယ်.."

"ပေါ်စချယ်က ဘာပေါက်...ငါ ခုတလော အစိမ်းရောင် လမ်ဘိုဂီနီလေးတစ်စင်းကို မျက်စိကျနေတာ..ကြည့်လိုက်တာနဲ့ အရမ်းကို

မျက်စိအေးတယ်..ငါတော့ ပိုက်ဆံရှိတာနဲ့ အဲ့ဒီကားလေးကို ဝယ်ဖို့ ဆုံးဖြတ်ထားပြီးသား..... "

"ဟမ့်...နင်တို့ နှစ်ယောက်ကလည်း တောဆန်လိုက်တာ..."လီဖေးမှ ခေါင်းမော့ ရင်ကော့လျက် ဂုဏ်ယူစွာဖြင့် "ငါ သခင်လေးလျန်ဆီက ကြားတာတော့ ပေါ်စချယ်တို့ လမ်ဘိုဂီနီတို့ဆိုတာက အရမ်း သာမန်ဖြစ်တယ်..တကယ်လို့ နင်တို့သာ ပြိုင်ကားတွေ အကြောင်း ပြောမယ်ဆိုရင်တော့ အကောင်းဆုံးက ဖာရာရီပဲ...ငါသာကားဝယ်မယ်ဆိုလို့ကတော့ သေချာပေါက် ဖာရာရီပဲ ဝယ်မှာ..အဲ့လိုသာဆို ငါ့နား ဖုန်းနံပါတ် လာလာ တောင်းနေတဲ့ ကောင်တွေကို တားဆီးပြီးသားလည်း ဖြစ်ရောပဲ..မဟုတ်ရင် တအား စိတ်အနှောက်ယှက် ဖြစ်ဖို့ကောင်းတယ်..ယင်ကောင်တွေလိုပဲ..ဘာမှ မရှိပဲ အာလာလာချောင်နေကြတာ.."

မုန့်ရှင်းနှင့် ယီကျောင်းကျောင်းတို့ အကြည့်ချင်း ဖလှယ်လိုက်ကြပြီး "အဲ့တာဆို ငါတို့ နှစ်ယောက်လည်း ဖာရာရီလောက် နီးနီးရှိတဲ့ ကားကို ဘာလို့ မရွေးမှာလဲတဲ့.."

"ဒါပေါ့..ငါပြန်ရောက်တဲ့ အချိန်ကျရင် သေချာကြည့်လိုက်ဦးမယ်..ပြီးမှ တစ်စီးရွေးကြတာပေါ့..."

ခရိခ်...

လင်းရှီ ပေချောင် ဟော့ပေါ့ အဝင်ဝတွင် ကားထိုးရပ်လိုက်၏။

လင်းရီ၏ ရှာရီကို မြင်တော့ မိန်းကလေး သုံးယောက်မှာ မသိလိုက် မသိစွာဖြင့် ဘေးသို့ ကပ်ရပ်မိလိုက်ကြ၏။ ဤကားမှာ ဆယ်နှစ်ဝန်းကျင်ခန့်ရှိလောက်ပြီး ဈေးကွက်၌ပင် ထိုလိုကားမျိုး သိပ်မကျန်လောက်တော့ပေ။ အဆင့်တန်း နိမ့်ကျလွန်း၏။

အကယ်၍ သူမတို့သာ ထိလိုက်မည် ဆိုပါက သူမတို့ လက်သန သွားလိမ့်မည်။

လင်းရီ မိန်းကလေး သုံးယောက်ထဲမှ မိတ်ကပ်အထူကြီး လိမ်းခြယ်ထားသော အမျိုးသမီးကိုကြည့်၍ "ဖုန်းနောက်ဆုံး နံပါတ် ၄၂၂၉နဲ့ မစ်လီဆိုတာက ဘယ်သူပါလဲ..."

"နှင်...နှင်ဘယ်လိုလုပ် ငါ့ဖုန်းနံပါတ် နောက်ဆုံး ဂဏန်းကို သိနေတာလဲ..."

"ခင်များပဲ ခုနတုန်းက Didi ကို ခေါ်လိုက်တယ်မလား..ကျုပ်က Didi ဒရိုင်ဘာပဲလေ..။"

"နှင်က Didi ဒရိုင်ဘာ..."

လင်းရီ၏ အရောင်မွဲမွဲနှင့် ရှာရီကိုမြင်တော့ မိန်းကလေး သုံးယောက်စလုံး မသတီသည့် ပုံစံဖြစ်သွားကြ၏။

"ဘာလို့လဲ..ဖြစ်လို့မရလို့လား..."

"ဘယ်လို ငရဲလဲဟ...တကယ်လို့ ယွမ်သိန်းဂဏန်းလောက်ပဲ တန်တဲ့ ကားဆိုရင်တောင် အဆင်ပြေသေးတယ်...ဘာလို့ ဒီလောက် စုတ်ပြတ်သပ်နေတဲ့ ရှာရီကြီးလဲက Didi မှာ မှတ်ပုံတင်လို့ ရနေတာလဲတဲ့ သောက်ချေးပဲဟာ..."

သူမတို့ သုံးဦးမှာ ယွမ်နှစ်သိန်းလောက် တန်ကြေးရှိသော ကားလာကြိုပင်လျှင် ကြည်ကြည်ဖြူဖြူဖြင့် လိုက်စီးပေဦးမည်။

အကယ်၍ မဖြစ်နိုင်လျှင်တောင်မှ တစ်သိန်းခန့် တန်ကြေးရှိသည့် ကားဆိုလျှင် သဘောထားကြီးကြီးဖြင့်လိုက်သွားရန် စဉ်းစားထား၏။

သို့သော်လည်း ယခုတော့ လူတကာ၏ အကြည့်၌ အမြင်မတင့်သည့် စုတ်ပြတ်သပ်နေသော ရှာရီကြီး ဖြစ်နေလေသည်။ မှန်းထားသည့် နှမ်းထွက်နှင့် မကိုက်သောကြောင့် သူမတို့ သုံးယောက်လုံး လက်ခံနိုင်ရန် ခက်ခဲနေကြသည်။

"မိန်းကလေးတို့ ဆင်းပြီး တွန်းစရာလည်း မလိုဘူး..ပြီးတော့ အရှိန်ကလည်း ပုံမှန်ပဲလေ..အဲ့လိုကြီး ပြောဖို့ လိုလို့လားဟ..."

လင်းရီ ပြောစရာ စကား ကင်းမဲ့သွားသည်။ ရှာရီမှာ အနည်းငယ် နိမ့်ကျသည်မှာ မှန်သော်လည်း ထိုမျှ အထင်သေးရန်တော့ မလိုအပ်ချေ။

"ဆင်းတွန်းစရာ မလိုဘူးဆိုတာက ဘာသဘောလဲ..."

လီဖေး အော်ကြောလန်သည့် မိန်းမသား ပုံစံဖြင့် "ငါတို့က ယွမ်တစ်သိန်းကျော်တန် ကားမျိုးမှ ထိုင်တာ..နင့်ရဲ့ရှာရီ အစုတ်ကြီးက ငါတို့ မျက်စိနဲ့ ကြည့်ဖို့တောင်မတန်ဘူး..အဲ့တာကိုတောင်မှ နင်က ဆင်းတွန်းရမယ့် အကြောင်းတွေ ပြောနေတယ်ပေါ့လေ..အိပ်မက်မက်နေလိုက်..."

"ကြည့်စမ်း...နင်က Didi နာမည်ကို သုံးပြီးတော့ ငါတို့လို အလှလေးတွေကို ကထိကပါး လုပ်ချင်နေတယ်ပေါ့.."မုန့်ရှင်းမှ လက်ပိုက်၍ လင်းရီကိုပင်မကြည့်ပဲ မော်ကြွားကာ ပြောလိုက်လေသည်။

လင်းရီကတော့ သူမတို့ ပြောသမျှ နားထောင်ရင်း ဆွံ့အနေတော့၏။

ဘယ်ရွာသာကြီးက လွတ်လာတဲ့ သောက်ရူးတွေလဲဟ...

"ငါတော့ မစီးနိုင်ပေါင်..ဒီလိုကားမျိုး စီးတာက ငါ့ရဲ့ အဆင့်အတန်းကို နိမ့်ကျစေတယ်..."

"ဖေးဖေး..နင်ကလည်း စိတ်လျှော့ပါဦးဟယ်..သခင်လေးလျန်က လမ်းမှာ ရောက်နေပြီလို့ ပြောထားတယ်မလား...တကယ်လို့ ငါတို့ နောက်ထပ်ကားတစ်စီး စောင့်နေရဦးမယ်ဆိုရင် သူ့အချိန်တွေ အများကြီး ဖြုန်းသလို ဖြစ်သွားလိမ့်မယ်..ဒီကားနဲ့ပဲ

သွားလိုက်ကြရအောင်လေနော်...ဘာပဲပြောပြော ငါတို့ ကိစ္စက အရေးကြီးတယ် မဟုတ်လား..."

လီဖေး မျက်မှောင်ကြုတ်မိသည်။ သခင်လေးလျန်ကဲ့သို့သော အဆင့်ရှိသူတို့မှာ အချိန်တိကျသည်ကို နှစ်သက်ကြ၏။ သူမကလည်း သခင်လေးလျန်၏ စိတ်ထဲ၌ ပုံရိပ်ကောင်းများ ချန်ထားရစ်ခဲ့ပြီးဖြစ်သည်။ အကယ်၍ သူမ အချိန်နောက်ကျ၍ ကြိုးစားပမ်းစား ဖန်တီးထားသည့် ထိုပုံရိပ်ကောင်းလေး ပျက်ဆီးသွားမည်ဆိုပါက ထိုက်တန်လိမ့်မည် မဟုတ်ချေ။

"ဟမ့်..ပြီးတာပဲလေ..နင့်မျက်နှာကြောင့် လိုက်စီးပေးလိုက်မယ်..."

ထိုသို့ပြောပြီးနောက် လီဖေးနှင့် ကျန်သူများ ကားတံခါးဖွင့်၍ နောက်ခန်းတွင် ဝင်ထိုင်လိုက်ကြသည်။ သူမတို့ထဲက မည်သူတစ်ဦး တစ်ယောက်ကမျှ ရှေ့ခန်းတွင် မထိုင်ကြ။

လင်းရီကတော့ နောက်ခန်းတွင် ပြွတ်သိပ်စွာ ထိုင်နေသည့် သုံးယောက်ကို အရူးများကဲ့သို့ ကြည့်ရင်း ဆွံ့အနေတော့သည်။ ထို့နောက် သူ အရူးနှံ့များ ပျောက်စေရန် ရည်ရွယ်ချက်ဖြင့် ကားထဲတွင် ရေမွှေးတစ်ချက် ဖြန်းလိုက်သည်။

"နောက်ခန်းကလည်း ကျပ်လိုက်တာအေ..အသက်တောင် ကောင်းကောင်းရှူလို့ မရချင်ဘူး..."လီဖေး စောဒက တက်လိုက်သည်။

"ခုလောလောဆယ်တော့ အောင့်အီးပြီး နေလိုက်ဦး..ငါတို့ နောက်ကျ ဖာရာရီ တစ်စီး ဝယ်လိုက်မယ်...အဲ့တာကမှ ပိုပြီး သက်တောင့်သက်သာ ဖြစ်မှာ..."ယွီကျောင်းကျောင်း ပြောလိုက်သည်။

ဖူး...

လင်းရီ မနေနိုင်ပဲ အသံထွက် ရယ်သွမ်းမိသွားသည်။

လူ့ရှင်တော်တွေ ထုတ်တဲ့ ပြက်လုံးတောင် ဒီလောက်ရယ်ရမှာ မဟုတ်ဘူး...

ဘာလဲ ...ဖာရာရီတဲ့...

"ဟဲ့..နင်က ဘာသဘောနဲ့ ရယ်နေတာ.."လုဖေး အေးစက်သည့် မျက်နှာထားဖြင့် "နင်က ငါတို့ကို အထင်သေးနေတာလား..."

"ရေစက်ပါလို့ တခဏ ဆုံကြတာပဲ..ကျုပ်မှာ မိန်းကလေးတို့ကို အထင်သေးတဲ့ စိတ် မရှိပေါင်..." လင်းရီ ပြုံးလျက် ပြောလိုက်ပြီး "ကျုပ် သတိပေးချင်တာက ကျုပ်မှာလည်း အရည်သွေး အရမ်းမြင့်တဲ့ ဖာရာရီ တစ်စီးရှိတယ် ..ဒါပေမယ့် ထိုင်ခုံတွေက ထိုင်ရတာ တစ်စက်မှ သက်တောင့်သက်သာ မရှိဘူး..မိန်းကလေးတို့

မသိဘူးဆိုရင်လည်း အင်တာနက်ပေါ်မှာ တစ်ချက်လောက် စုံစမ်းကြည့်သင့်တယ်.."

"ဘာပြောလိုက်တယ်..နင့်မှာ ဖာရာရီ ရှိတယ်ဟုတ်လား.."လီဖေး အထင်သေးမှု အပြည့်ဖြင့် မေးလိုက်ပြီး "လေလုံးထွားမနေနဲ့..နင်က ရှာရီ အစုတ်ကြီး မောင်းပြီးတော့မှ ဖာရာရီ အကောင်းစားကြီး ရှိတယ်လို့ လာပြောနေတယ်ပေါ့လေ..နင် ငါတို့ကို သုံးနှစ်သမီးလေးတွေများ အောက်မေ့နေတာလား..."

"ဟုတ်တယ်..နင်က ကြွားကြီး လုပ်ချင်တယ်ဆိုရင်လည်း ကိုယ့်အခြေနေကိုယ် ပြန်ကြည့်ပြီးတော့မှ ပြောသင့်တယ်..."မုန့်ရှင်း ပြောလိုက်၏။

"ဘာလဲ ငါတို့ မလုံ့တလုံလေး ဝတ်ထားတော့ နင်က စိတ်ထလာခဲ့တာလား..ဟီးဟီး ..ပြောထားလိုက်မယ်..နင့်လို ရှာရီမောင်းတဲ့သူက ငါတို့ရဲ့ ညီမလေးတွေကို နင့်ဘဝတစ်သက် မဟုတ်ဘူး..ဆယ်သက်ကြိုးစားရင်တောင် ထိလို့ရမှာ မဟုတ်ဘူး..."

"သူ့အထင် သူ့ရုပ်ရည်လေးက ချောတော့ ငါတို့ရှေ့မှာ ကြွားလို့ရမယ်များ ထင်နေလား မသိဘူး..ဆောတီးပဲလို့နော် ငါတို့က ပိုက်ဆံ မရှိရင် လှည့်ကို မကြည့်တာ....ပိုက်ဆံသာရှိလို့ကတော့ သွားမပါလည်း ဖြစ်တယ်..."ယွီကျောင်းကျောင်းမှ အပြောင်အပြက်လုပ်၍ ပြောလိုက်သည်။

"မောင်ငယ်လေး..နင့်ရဲ့ တော်ကီတွေကို
ကောလိပ်ကျောင်းသူလေးတွေပဲ ရင်ခုန်လိမ့်မယ်..မမတို့လို
ဝါရင့်နေတဲ့ သူတွေကျတော့ အဲ့လို
စကားလုံးအလှလေးတွေလောက်နဲ့ ရင်ခုန်အောင်
မလုပ်နိုင်တော့ဘူး..ဒီတော့ စကားအပိုတွေ မပြောဘဲ
အားအင်ချွေတာလိုက်တာ ကောင်းမယ်...."

အခန်း (၂၉၃)
"ထားလိုက်တော့ ..သူ့လို ကောင်စားမျိုးနဲ့ စကားပြောနေရင်
လေကုန်တာပဲ အဖတ်တင်မယ်..."မုန့်ရှင်း ပြောလိုက်၏။

"မြန်မြန် မိတ်ကပ် ပုတ်ကြဦးဟဲ့..ငါတို့က သခင်လေးလျန်နဲ့
သူ့သူငယ်ချင်းတွေကို သွားတွေ့ကြမှာနော်..အလှဆုံး
ဖြစ်နေမှ ရမှာ.."

"သပပဲ..နင်ဘာလို့ စောစောမပြောလဲ..ငါတို့ မေ့တောင်
မေ့တော့မှာ..."လီဖေး ပြောလိုက်၏။

"ဒီနဲ့ ကျိုးဟိုင် နိုင်ငံတကာ ကားပြိုင်ပွဲကွင်းဆိုတာက
သိပ်ဝေးတာ မဟုတ်ဘူး..ဒီတော့ မိတ်ကပ် မြန်မြန်
ပြင်ရမယ်..မဟုတ်ရင် မျက်နှာပေါ်က ဖုတွေ ထစ်တွေနဲ့
မြင်လို့ကို မကောင်းဘူး.."

"ငါ့အထင်တော့ နင်တို့ မိတ်ကပ်ကို ထူထူလေး
ပုတ်သင့်တယ်လို့ ထင်တာပဲ..ခဏနေ သခင်လေးလျန်ငါတို့ကို

ကားလိုက်စီးဖို့ ခေါ်သွားတဲ့ အချိန်ကျ ခါကျရင်
ကျနေမှာ.."ယွီကျောင်းကျောင်းမှ ပြောလိုက်၏။

"ခစ်ခစ်..နင်ကတော့ အတော်လေးကို အတွေ့ကြုံတွေ
ရင့်ကျက်နေပြီပဲ.."

ထို့နောက် သုံးယောက်သား ကိုယ်စီကိုယ်စီ
အလှပစ္စည်းများထုတ်ကာ အစွမ်းကုန်ခြယ်သကြတော့၏။

"ဖေးဖေး..ငါ့ကို နင့်ရဲ့ နှုတ်ခမ်းနီလေး ငှားပါဦးဟဲ့..."

"ဒါက givenchyနော် ..အများကြီး မသုံးနဲ့.."

"အေးပါဟ့ နင်ကလည်း..ငါ နည်းနည်းလေးပဲ သုံးမှာပါ..."

နောက်ခန်းတွင် မိန်းကလေးသုံးယောက် အလှပြင်နေသည်ကို
မြင်တော့ လင်းရီကတော့ ဘာမျှ ပြောမနေဘဲ သူ့အလုပ်သူ
လုပ်နေခဲ့၏။

သူ အီရန်ဘွိုင်းလုပ်စဉ် လူဘောက်သောက်နှင့် ဆုံခဲ့၏။ ယခု
Didiမောင်းသည့်အခါ၌လည်း ထို့အတူပင်။ ကောင်းသူနှင့်
ကြုံဖူးသလို အသားလွတ် ဘဝင်မြင့် မာနကြီးသူများနှင့်
ဆုံခဲ့သည်မှာလည်း ဒုနဲ့ဒေးရှိ၏။ ထို့ကြောင့် အာရုံထားမနေပဲ
မိမိ၏ တာဝန်ကိုသာ ထမ်းဆောင်နေလိုက်သည်။

မကြာမီ လင်းရီတို့ ကျိုးဟိုင် နိုင်ငံတကာ
ကားပြိုင်ပွဲကွင်းကြီးဆီသို့ ရောက်ရှိသွားတော့၏။

အပြင်ဘက် ဝင်ပေါက်ဝမှ လှမ်းကြည့်လိုက်သောအခါ အထဲတွင် သန်းပေါင်းများစွာ တန်ကြေးရှိသော စူပါကားများ ပါကင်ထိုးထားသည်ကို မြင်တွေ့နေရသည်။

ထိုအထဲမှ တစ်စီးကတော့ P1ပင်။

"အဲ့တာ ချင်းဟန့်ကားမဟုတ်လားကွ..ငနဲကတော့ ပါလေရာငပိ လုပ်နေပြန်ပြီ..."

အထဲထိ မောင်းသွားသောအခါ လင်းရီ ချင်းဟန်သာမက မက်ထရိုပိုလစ်၌ ဆုံခဲ့သည့် လျန့်ကျင်းမင်နှင့် ကောင်းကျုံးယွမ်တို့ကပါ ရောက်ရှိနေကြောင်း မြင်လိုက်ရ၏။

"ဖေးဖေး..ဟိုနားမှာ လူအတော်လေးတော့ များတယ်နော်..ဘယ်တစ်ယောက်က သခင်လေးလျန်လဲဟင်.."

"ဂျင်းဝတ်ထားပြီး ဆံပင်အတိုနဲ့ တစ်ယောက်က သခင်လေးလျန်လေ..."လီဖေး သူမ သိသည်ဟူသော အထာဖြင့် ဂုဏ်ယူစွာ ပြောလိုက်၏။

"နင်ပြောတော့ ဆစ်ပတ်ရှိတဲ့ ကောင်လေးတွေပဲ ကြိုက်တာဆို..အဲ့ဒီ ဘောလုံးလို ခန္ဓာကြီးကို နင်အကြိုက်တွေ့သွားမယ်လို့တောင် ထင်မထားဘူး.."

"ကောင်မ.နင်ကဘာသိလို့....ပိုက်ဆံဆိုတာ ပုံမပြောင်းဘူး...ပြီးတော့သူ့နားမှာ ရှိနေရင် လုံခြုံသလိုမျိုး ခံစားရတယ်"

"နင်ပြောတာ ဟုတ်တယ်...သူက ဝတုတ်တုတ် ဆိုပေမယ့် ချစ်စရာကြီး..ငါတောင် သူ့ကို ကြိုက်စပြုလာပြီ..."ယွီကျောင်းကျောင်းမှ ပြောလိုက်၏။

လင်းရီကတော့ ပြောသမျှ နားထောင်ရင် ပါးစပ်အဟောင်းသား ဖြစ်နေလေသည်။

လျန်ကျင်းမင်မှာ တိုဟူးတုံးကြီးကဲ့သို့ ဝတုတ်နေ၏။ သူမ ဘယ်နားကသွားပြီး လုံခြုံတဲ့ ခံစားချက်ရနေလဲဆိုတာကိုတော့ သူလည်း မစဉ်းစားတတ်တော့...

လူတွေက Didi မောင်းရတာ ပျင်းဖို့ကောင်းတယ်လို့ ထင်ကြမှာပဲ..ဒါပေမယ့် သူတို့ မသိတာက ပိုက်ဆံ ဈေးကြီးပေးပြီး နိုင်သံကျော် လူရှင်တော်တွေဆီမှာ သွားနားထောင်လို့ မကြားရတဲ့ ပြက်လုံးတွေကို အချိန်နဲ့အမျှ ကြားနေရတယ် ဆိုတာပဲ...

"သပပဲ..ကောင်မတွေ နင်တို့ ကန်းချင်နေကြတာလား..သခင်လေးလျန်ကို ကြာပစ်နေတာ ရပ်လိုက်ကြစမ်း.."

"အမယ်လေး အမြန်အမြန်.. ကြည့်ကြည့်...သူ့ဘေးနားက ဘောင်းဘီအတို ဝတ်ထားတဲ့သူက ကျိုးဟိုင်ရဲ့ အင်ပါယာ ချင်းဟန်မလား.."

"တကယ်...ချင်းဟန်လည်း ဒီရောက်နေတယ်ပေါ့..."

လီဖေးတို့ အသိုင်းအဝိုင်းထဲတွင် ချင်းဟန်မှာ အတော်လေး ပေါ်ပြူလာဖြစ်၏။အကယ်၍ ကျိုးဟိုင်၏ ထိပ်တန်းအချမ်းသာဆုံး စာရင်းဝင်သည့် ချင်းဟန်ကို မသိပါက တာဇံဟု လူထင်ခံရလိမ့်မည်။

သူမတို့ ချင်းဟန်ကို ဓာတ်ပုံ ဗွီဒီယို ထဲတွင်သာ မြင်ဖူးလေသည်။ လူချင်း တစ်ခါမှ မမြင်ဖူးသောကြောင့် မြင်မြင်ချင်းအခါတုန်းက မမှတ်မိ ဖြစ်သွားခဲ့၏။

လီဖေးနှင့် ယွီကျောင်းကျောင်းတို့ ဖုန်းထုတ်ပြီး ဝေ့ပေါ်ရှိ ချင်းဂန် ပုံကို ရှာကာ သူမတို့ မြင်နေရသည့် လူနှင့် နှိုင်းယှဉ်ကြည့်လိုက်သောအခါ တထေရာတည်း တူနေကြောင်း မြင်တွေ့လိုက်ရသည်။

ဘုရားသိကြား ဗုဒ္ဓမြတ်စွာ..တကယ်ကြီး ချင်းဟန်ဟ...

"မဖြစ်နိုင်လိုက်တာ..ငါတကယ်ကြီး ချင်းဟန်ကို အပြင်မှာ မြင်လိုက်ရတယ်တဲ့လား..စိတ်လှုပ်ရှားဖို့ မကောင်းဘူးလား.."လီဖေး စိတ်လှုပ်ရှားစွာဖြင့် ပြောလိုက်သည်။

"ဖေးဖေး နင့်ရဲ့ သခင်လေးလျှန်ကလည်း သခင်လေးချင်းနဲ့ အတော်လေး ရင်းနှီး ပုံပဲနော်..ငါတို့ ဒီနေ့ နင့်နောက် လိုက်ခဲ့တာ အလကား မဖြစ်တော့ဘူး.."

"ဒါပေါ့လို့..ဒီနေ့တွေ့ဆုံပွဲကနေ ငါတို့လည်း သခင်လေးချင်းနဲ့ သိသွားပြီလို့ သတ်မှတ်လို့ရတယ် လေ..ရှေ့ဆက်မယ့် ငါတို့ရဲ့ လမ်းက ပိုကျယ်ဖို့ပဲ ရှိတော့တယ်..."လီဖေး ပြောလိုက်ပြီး "နင်တို့ နှစ်ယောက် ဘာ အပိုစာသားမှ မပြောကြနဲ့တော့..မိတ်ကပ်ကို သေချာလေး ပြန်ပြင်ကြ..သခင်လေးချင်းဆိုတာက နယ်နယ်ရရ မဟုတ်ဘူး..ငါတို့တွေ အလေးနက်ထားမှ ဖြစ်မှာ..."

"အွန်းအွန်း..ပြန်ပြင်ကြမယ်..ငါတို့ သခင်လေးချင်းရှေ့မှာ ရုပ်ဆိုးနေလို့ မဖြစ်ဘူး.."ယွီကျောင်းကျောင်းလည်း ထောက်ခံဆိုလိုက်သည်။

"ရှေ့က ကားဆရာ ဖြည်းဖြည်းမောင်းပြီး ငါတို့ကို အချိန်ပိုရအောင် လုပ်ပေး.."လီဖေး လင်းရီကို အမိန့်ပေးသည့် လေသံဖြင့် ပြောလိုက်သည်။

"ငါမင်းတို့ကို အကြံပေးလိုက်မယ်..ချင်းဟန်က မင်းတို့လို မိန်းကလေးတွေကို စိတ်ဝင်စားမှာ မဟုတ်ဘူး..ဒီတော့ မိတ်ကပ်တွေ ဖြုန်းမနေကြနဲ့..."

"နင်ဘာတွေ လာပြောနေတာလဲ..ငါတို့ သုံးယောက်က ဘာဖြစ်နေလို့လဲ..ဘယ်သူက ငါတို့လို လှပတဲ့ မျက်နှာနဲ့ ကိတ်တဲ့ ခန္ဓာကိုယ်ကို မတပ်မက်လို့လဲ..ဘယ်သူက ငါတို့ရဲ့ အလှတရားအောက်မှ မဝပ်ဆင်းသွားပဲ နေမှာလဲ..."လီဖေး မေးခွန်းပေါင်းများစွာကို တရစပ် မေးမြန်းသွား၏။

"အဲ့လောက် ခေါင်းမာနေမှတော့ သဘောပဲ..ငါ့ဘက်က ပြောစရာရှိတာ ပြောပြီးသွားပြီ.."လင်းရီ ပြောပြီး ကားကို ဖြည်းညင်းစွာ မောင်းပေးလိုက်သည်။

"ဟျောင့်တွေ ..ဘာလားဟ..ရှာရီက ဒီထဲ မောင်းလာတယ်တဲ့လား.."လျန်ကျန်းမင် ပြောလိုက်၏။

"နေဦး..ဒီရှာရီကို မြင်ဖူးသလားလို့..."ချင်းဟန် ဇဝေဇဝါဖြင့် ပြောလိုက်သည်။

"အစ်ကိုကြီးချင်း..လာနောက်မနေနဲ့..အစ်ကိုကြီးရဲ့ အဆင့်အတန်းနဲ့ဆိုရင် ရှာရီနဲ့ ရင်းနှီးနေဖို့ ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး..ကျုပ်တို့ကို ရယ်အောင် လာလုပ်နေတာပဲဗျ..."

"နောက်နေတာ မဟုတ်ဘူး..ဒီကားက ဟိုကောင် မအဘ လင်းရီရဲ့ကား..."

"အာ...အစ်ကိုကြီးလင်းရဲ့ ကားလား..."

လျှန်ကျင်းမင်နှင့် ကောင်းကျုံးယွမ်တို့
ကြက်သေသေသွားကြ၏။

သူတို့ လင်းရီအကြောင်း ကောင်းကောင်းသိသည်။

ထိုလူ၏ အဆင့်အတန်းမှာ ချင်းဟန်နှင့် တစ်တန်းတည်းပင်။

သန်းကျော်တန်တဲ့ စူပါကားမောင်းရင်တောင် သူ့ကို
စော်ကားသလိုဖြစ်နေပြီကို ရှာရီကြီး မောင်းနေတယ်တဲ့လား..

ဝှက်သယ်ဖက်ခ်...

"သကော..ခင်များ မနောက်ဘူးဆိုတာ သေချာရဲ့လားဗျာ...."

"မင်းတို့ လင်းရီ အကြောင်း နားမလည်ပါဘူးကွာ..အဲ့ကောင်
ဦးနှောက်က ငါတို့လို မဟုတ်ဘူး..ဒီတော့
အဲ့ကောင်လုပ်နေတာတွေကလည်း ငါတို့ နားလည်နိုင်တဲ့
ဟာတွေ မဟုတ်ဘူး..."

ချင်းဟန် ပြောလိုက်ပြီး "သူ့လက်ထဲမှာ ယွမ် ဘီလီယမ်နဲ့ချီပြီး
ရှိတယ်နော်..အဲ့တာတောင် မအာဘက နေ့တိုင်း
အလုပ်သွားနေတုန်းပဲ...မင်းတို့ ပြောရင် ယုံမှာလား..."

"အာ...အဲ့လိုဆို အစ်ကိုကြီးလင်းက အတော်လေး ထူးခြားတဲ့
ပုဂ္ဂိုလ်ကြီးပဲပေါ့..."

"သွားစို့..အဲ့ကောင် ဒီဘာလာလုပ်လဲဆိုတာ သွားကြည့်ရအောင်...အခြေနေကောင်းရင်ဆွဲခေါ်ပြီး တစ်ပတ်နှစ်ပတ်လောက် ပြိုင်မောင်း ခိုင်းလိုက်ဦးမယ်..ဒီကောင့်ရဲ့ စကေးတွေက နိတ်လယ်ဗယ်ကို ရောက်နေပြီ..."

"အဲ့တာဆိုလည်း ဘာစောင့်နေမှာလဲဗျ...အစ်ကိုကြီးလင်းက ဒီရောက်နေပြီ ဆိုမှတော့ သွားတွေ့ကြမယ်လေ..ကျုပ်တို့လည်း သူနဲ့ မတွေ့ရတာ အတော်ကြာနေပြီ..."

ချင်းဟန် ၊ လျန်ကျင်းမင်နှင့် ကောင်းကျုံးယွမ်တို့ စိတ်ကို ပြင်ဆင်၍ လင်းရီထံ လျှောက်လာခဲ့ကြ၏။

တစ်ချိန်တည်းတွင် လင်းရီ၏ ရှာရီထဲ၌ အလုပြင်နေကြသည့် လီဖေးတို့မှာ ချင်းဟန်တို့ အုပ်စု လျှောက်လာသည်ကိုမြင်တော့ စိတ်လှုပ်ရှားလွန်း၍ ဆွံ့အသလို ဖြစ်နေကြသည်။

အာဘာ အာဘာ...

"ကြည့် ကြည့် ..သခင်လေးချင်းက ငါတို့ဆီ လမ်းလျှောက်လာနေသလိုပဲဟ့.."ယွီကျောင်းကျောင်း စိတ်လှုပ်ရှားစွာဖြင့် ပြောလိုက်သည်။

"သူက...ငါတို့ သုံးယောက်ကို လာကြိုတာတော့ မဟုတ်ဘူးမလား..."မုန့်ရှင်း သူမ သူငယ်ချင်းများကို ကြည့်၍ မေးလိုက်သည်။

"ဖြစ်နိုင်လောက်တယ်..."လီဖေး ပြောလိုက်ပြီး "ငါက သခင်လေးလျန် ခေါ်ထားတဲ့ သူပဲလေ..ငါ့အထင် သူတို့ ငါ့ကို စောင့်နေပြီးတော့မှ ငါရောက်လာတော့ လာကြိုဆိုတာ သဘာဝပဲမဟုတ်လား.."

"ဖေးဖေး...နင်က အရမ်းဂုဏ်ယူဖို့ကောင်းတဲ့ အမှုကို ပြုလိုက်တာပဲ..အားကျလိုက်တာဟယ်..."

"အသေးမွှားလေးပါ...အသေးမွှားလေး.."လီဖေး သူမ ခေါင်းကို မော့၍ ပြုံးဖြီးစွာ ပြောလိုက်သည်။

"သခင်လေးချင်းကလည်း ရာဂရှိတဲ့ ယောကျာ်းပဲလေ..ဒီတော့ ငါတို့လို အလှလေးတွေကို စိတ်ဝင်စားတာ သဘာဝပဲ မဟုတ်လား..."

"အဲ့လိုဆိုရင်တော့ ငါသခင်လေးချင်းနဲ့ ကုတင်ပေါ်မှာ အချစ်ပွဲနွှဲရတော့မယ်လို့ စဉ်းစားမိတိုင်း ပူလောင်လာသလိုပဲ.."

"ငါတို့ ခု ဘာလုပ်ကြမလဲ..ကားထဲမှာပဲ
စောင့်နေသင့်လား..ဒါမှမဟုတ် ထွက်ပြီး
သွားနှုတ်ဆက်သင့်လား.."
မုန့်ရှင်း ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေပြီး သူမ
နှလုံးသားတစ်ခုလုံး ကဆုန်စိုင်းနေကာ လည်ချောင်းဝမှ
ခုန်တက်လာတော့မလို ခံစားနေရ၏။

"ဒါပေါ့..ငါတို့ ကားထဲမှာပဲ စောင့်မှာ.."လီဖေး ပြောလိုက်ပြီး
"သူတို့ကို လူကြီးလူကောင်းဆန်ဆန် ကာတံခါးဖွင့်ပေးဖို့
အခွင့်အရေး ပေးလိုက်မယ်လေ.. "

"အိုက်စ်..ဒုတိမျိုးဆက် သခင်လေးတွေက အရမ်း
ဂျန်တယ်မန်းဆန်တာပဲနော်..ပိုက်ဆံ မရှိတဲ့
သောက်ငမွဲတွေနဲ့များ တခြားစီ..."

"အဆင့်တန်း ကွာခြားမှုဆိုတာ အဲ့တာပဲလေ.."

ချင်းဂန်နှင့် ကျန်သူများ နီးတစ်ထက် နီးလာသည်ကို မြင်တော့
လီဖေးနှင့် ကျန်သူများ အလွန်အမင်း စိတ်လှုပ်ရှားနေကြ၏။

ဒါက ဒဏ္ဍာရီလာ ချင်းဟန်လေ..တုန်လှုပ်မိတာပေါ့လို့...

တစ်ချိန်တည်းတွင် ချင်းဟန်နှင့် ဘော်ဒါတစ်သိုက်တို့
ကားရှေ့ ရောက်လာခဲ့ကြပြီး  ကားတံခါး ဆွဲဖွင့်ကာ

ကျယ်လောင်စွာ ရယ်မော၍ "ဟားဟား....မင်းကားမှန်း သိသားပဲ..ဘာလာလုပ်တာလဲဟျောင့်..လက်ယားနေလို့လား ..."

အခန်း (၂၉၄)

လင်းရီ ကားထဲမှ ထွက်၍ အကြောဆန့်ကာ "ငါခု Didi ပြန်ဆွဲနေတာလေ..ပြီးတော့ ဒီစော်သုံးယောက်ကို လာပို့ရင်းနဲ့ ရောက်လာတာပဲဟ့..သူတို့ ပြောတာတော့ မင်းတို့ကောင်တွေနဲ့ ကစားဖို့တဲ့..."

လီဖေးနှင့်ကျန်သူများ၏ မျက်နှာပေါ်တွင်တော့ ရှုပ်ထွေးမှုများက အထင်းသားပင်။

သူမတို့ ဘာဖြစ်နေကြလဲဆိုတာ နားမလည်နိုင် ဖြစ်နေကြလေသည်။

ဒီကောင်က Didi ဒရိုင်ဘာလေး မဟုတ်ဘူးလား...

ဘာလို့ ကျိုးဟိုင်ရဲ့ အင်ပါယာ ချင်းဟန်က အရေးတယူလုပ်ပြီး စကားအရင် ပြောလာတာလဲတဲ့...

သူကအရင်စပြီး ချင်းဟန်ကို ကြိုဆို နှုတ်ဆက်သင့်တာ မဟုတ်လား...

တစ်ချိန်တည်းတွင် လီဖေးနှင့် ကျန်သူများ ကားထဲမှ ထွက်လာခဲ့ကြ၏။ သူမတို့ ဘာဖြစ်နေကြလဲဆိုတာ ယခုထိ နားမလည်ကြသေးပေ။

ချင်းဟန် သူမတို့သုံးယောက်ကို အထင်သေးစွာဖြင့် ကြည့်လိုက်ပြီး "မင်းတို့ကို ဘယ်ကောင်က ဒီခေါ်လိုက်တာ..."

"အစ်ကိုကြီးချင်း..ကျွန်တော် ခေါ်လိုက်တာပါဗျ..."လျန်ကျင်းမင် ပြောလိုက်သည်။

"မင်းလူကို ဘယ်လိုတွေကြည့်ပြီး ခေါ်တာတုန်းဟ...ဒီလို မိတ်ကပ်ထူလဖြစ်နဲ့ ကောင်မတွေကို မင်းမို့ ခေါ်တယ်လို့ကွာ.." ချင်းဟန် အထင်သေးစွာ ပြောလိုက်ပြီး "မင်းရဲ့ အရသာကလည်း လင်းကြီးနဲ့ ယှဉ်ရင် အတော်လေး လိုသေးတယ်.."

"ပြီးတော့ သူတို့နားက ဟော့ပေါ့နံ့တွေလည်း ရသေး..မြန်မြန် မောင်းထုတ်လိုက်စမ်းပါကွာ.."ကောင်းကျုံးယွမ်မှ နှာခေါင်းရှုံ့၍ ပြောလိုက်၏။

"မင်းတို့နှစ်ယောက်က ပြောလာပြီဆိုမှတော့လည်း ငါက ဘယ်လိုလုပ် ခေါ်ထားရဲတော့မှာ.."လျန်ကျင်းမင် ပြောလိုက်ပြီး သူ၏ လက်ကို စိတ်မရှည်စွာ ဝှေ့ယမ်း၍ "လစ်လိုက်တော့ ဒီနေရာက မင်းတို့ အဆင့်အတန်းနဲ့ မကိုက်ညီဘူး..."

မိန်းကလေး သုံးယောက်လုံး အံ့သြမှင်တက် သွားကြသည်။

ယခုထိ သူမတို့ ရှာရီအစုတ်ကြီးမောင်းသည့် Didi ဒရိုင်ဘာမှာ အဘယ်ကြောင့် ထိုကဲ့သို့ အရေးပေးခံရလဲဆိုတာကို သဘောမပေါက်ကြသေး ဖြစ်နေလေ၏။

"ဖေးဖေး ဘာတွေ ဖြစ်နေတာလဲ..နင်ပြောတော့ သခင်လေးလျှန်နဲ့ အရမ်း ကီးကိုက်နေပါတယ်ဆို..ခုကျတော့ ငါတို့ကို ရောက်ရောက်ချင်း မောင်းထုတ်နေတယ်တဲ့လား..."ယွီကျောင်းကျောင်း အသံနိမ့်၍ မေးမြန်းလိုက်၏။ လူရှေ့သူရှေ့ မောင်းထုတ် ခံရသောကြောင့် သူမ အင်မတန် မျက်နှာပူနေလေသည်။

"ဘာမှ စိုးရိမ်မနေနဲ့..အထင်လွဲတာလည်း ဖြစ်ရင်ဖြစ်မှာပေါ့..ဘာတွေ ဖြစ်နေလဲဆိုတာ သိအောင် အရင် မေးလိုက်ဦးမယ်...."

လီဖေး ရှေ့သို့ ခြေတစ်လှမ်းတိုးပြီး အသံနိမ့်၍ "သခင်လေးလျှန်...ရှင်တို့က ဒီရဲ့ Didi ဒရိုင်ဘာနဲ့ ရင်းနှီးတာလား..."

"Didi ဒရိုင်ဘာ..."လျှန်ကျန်းမင် လီဖေးကို အထင်တသေးဖြင့် ကြည့်လိုက်ပြီး "မင်းတို့က သောက်ရူးတွေလား..အစ်ကိုကြီးလင်းက Didi မောင်းတယ်ဆိုတာ စိတ်အပန်းဖြေဖို့ သပ်သပ်ပဲကွ..ဒီကျိုးဟိုင် နိုင်ငံတကာ ကားပြိုင်ပွဲကွင်းကြီး တစ်ခုလုံးက သူ့အပိုင်ပဲ .မင်းတို့က သူ့ကို သာမန် Didi ဒရိုင်ဘာလို့ ထင်နေတာလား.."

၎င်းကိုလည်း ကြားရော သုံးယောက်စလုံး အဆုတ်ထဲသို့ လေအေးများ ရှူသွင်းလိုက်ရသည်။

ထိုအခါမှသာ သူမတို့ သုံးယောက်လုံး လင်းရီမှာ မရိုးရှင်းကြောင်း သတိထားမိသွားကြလေသည်။

သူမတို့ကို သူ့တွင် ဖာရာရီတစ်စီး ရှိသည်ဟု ပြောခဲ့ဖူး၏။ ယခု အမြင်အရဆိုပါက သူ့တွင် တကယ်ကြီး ဖာရာရီ ရှိပုံပင်။

သုံးယောက်လုံး ပြောစရာစကား ကင်းမဲ့သွားကြတော့သည်။

ဒါဆိုငါတို့က တစ်ချိန်လုံး ဘီလီယမ်နာ သူဌေးကြီးကို အထင်သေးမိနေခဲ့ကြတာပေါ့...

"မစ္စတာလင်း..ကျွန်မတို့ တောင်းပန်ပါတယ်နော်..အဲ့လို စော်ကားဖို့ မရည်ရွယ်ပါဘူး..ခွင့်လွှတ်ပေးလိမ့်မယ်လို့ မျှော်လင့်ပါတယ်ရှင့်..."

"ဒါက ဘာမှ ခွင့်လွှတ်စရာလည်း မလိုဘူး..တောင်းပန်စရာလည်း မလိုဘူး..ငါတို့က ရေစက်ပါလို့ တခဏတွေ့ကြတာပဲ..ပြီးတော့ မင်းတို့လို လူစားမျိုးတွေကြောင့်လည်း ငါက  စိတ်ရှုပ်ခံပြီး ဒေါသထွက်နေမှာ မဟုတ်ဘူး..."လင်းရီ ပြောလိုက်ပြီး "မင်းတို့ လာချင်တဲ့ နေရာ ရောက်ပြီဆိုတော့ အော်ဒါပိတ်ပေးတော့..."

"ဟုတ် ဟုတ် ကျွန်မတို့ ခုပဲ ပိတ်လိုက်ပါ့မယ်ရှင့်..."

လီဖေး ဖုန်းကို အလျင်အမြန်ထုတ်၍ အော်ဒါပိတ်လိုက်သည်။ သူမ ဤအချက်ကို အသုံးပြု၍ လင်းရီကို အကူညီပေးရန် ကြံရွယ်ထားလေသည်။

"အိုကေ အိုကေ..ပြီးပြီ ဆိုလည်း ဒီကနေ ရှောင်းလိုက်တော့..ငါ့ရဲ့ အစ်ကိုကြီးလင်းက မင်းတို့ကို သဘောမတွေ့ဘူး..သူ့ကို ကြာပစ်မနေကြနဲ့..."လျန်ကျင်းမင် သူ့လက်ကို ဝှေ့ယမ်း၍ ခွေးမောင်းသလို မောင်းလိုက်သည်။

သို့သော်လည်း သုံးယောက်မှာ တံခါးဝ၌ ကြောက်ရွံ့စွာ ရပ်နေကြပြီး မည်သူကမျှ ထွက်သွားရန် ဆန္ဒမရှိကြ။

သူမတို့ရှေ့ရှိ လူငယ်လေးများမှာ ကျိုးဟိုင်ရှိ ချမ်းသာသော ဒုတိယမျိုးဆက် သခင်လေးများ ဖြစ်ကြ၏။ အကယ်၍ သူမတို့သာ စကားနားထောင်ပြီး သည့်တိုင်း ထွက်သွားမည်ဆိုပါက အနာဂတ်တွင် အသိုင်းဝိုင်းထဲသို့ ဝင်ဆံ့ရန် အခွင့်ရေး ရှိလိမ့်မည် မဟုတ်ချေ။ ထို့ကြောင့် သူမတို့ ပေတေနေ၍ အခွင့်အခွင့်အရေးအတွက် တိုက်ခိုက်ရပေမည်။

သို့သော်လည်း တံခါးဝ၌သာ ရပ်နေရဲ၏။ ရှေ့သို့ ခြေတစ်လှမ်းပင် မချဝံ့ကြချေ။

လင်းရီနှင့် ချင်းဟန်တို့ တစ်ယောက်ယောက် ခွင့်မပြုမချင်း သူမတို့ မဝင်လာရဲကြ။

"လင်းကြီး..တိုက်တိုက်ဆိုင်ဆိုင် ရောက်ချလာတယ်ဆိုတော့ လေးငါးပတ်လောက် ပြိုင်မောင်းရအောင်ကွ ..မင်းနဲ့ မပြိုင်ရတာ ဘယ်လောက်တောင် ကြာနေပြီလဲ မသိတော့ဘူး.."ချင်းဟန် အပြုံးလေးဖြင့် ပြောလိုက်၏။

"ဟမ့်...မင်းလို အရှုံးသမားနဲ့လား..တော်စမ်းပါကွာ..Didi မောင်းတာကတောင်မှ ပိုပျော်ဖို့ ကောင်းဦးမယ်..."

"ငါတော့ မင်းတွေးနေတာတွေကို တကယ် နားမလည်နိုင်တော့ဘူး..ဘာလုပ်ဖို့ Didi မောင်းမှာလဲကွ.."

"မင်းငါ့လယ်ဗယ်လောက် ရောက်ရင် သူ့အလိုလို နားလည်လာလိမ့်မယ်..ခုတော့ ပြောပြရင်တောင် မင်း နားလည်မှာ မဟုတ်ဘူး.."လင်းရှီ ချင်းဟန်၏ ပခုံးကို ပုတ်ရင်း အထီးကျန်ဆန်ဟန်ဖြင့် ကောင်းကင်သို့ မော်ကြည့်၍ ပြောလိုက်သည်။

"တစ်နေ့ မင်းငါ့လို စတိုင်နဲ့ ငါ့လို နှလုံးသားရှိလာရင် နားလည်လာလိမ့်မယ်ကွာ"

လင်းရှီမှ ချင်းဟန်ကို အရှုံးသမား ဟာ ခေါ်လိုက်သည့် အသံကို ကြားတော့ လီဖေးနှင့် သူမသူငယ်ချင်းတို့မှာ ပိုလို့ပင် ရှော့ခ်ရသွားခဲ့ကြသည်။

ချင်းဟန်ရဲ့ အဆင့်အတန်းနဲ့ဆိုရင် သူ့ကို ဒီလိုပြောဖို့ ဘယ်လောက်တောင် စွမ်းအားကြီးဖို့ လိုလိုက်မလဲ...

"ငိုးပဲ..သောက်ပိုတွေ လုပ်နေပြီးတော့များ.."ချင်းဟန် ကျိန်ဆဲလိုက်ပြီး "အိုး ဟုတ်သား ငါမင်းကို ပြောစရာ ရှိသေးတယ်.."

"ဘာကြီးလဲ.."

"ငါ စူပါးကား ကလပ်ဖွဲ့ပြီးတော့ ဒီနေရာမှာ ထရိန်နင် ပေးရင် ကောင်းမလားလို့ စဉ်းစားနေတာ.."

"စူပါကားကလပ်.."လင်းရီ မေးစေ့ပွတ်လိုက်ပြီး "နားထောင်လို့တော့ မဆိုးပါဘူး..မင်းက ဘာလဲလုပ်မှာ..."

"ငါလည်း အစတုန်းက လုပ်ဖို့ အစီအစဉ် မရှိဘူးကွာ..ဒါပေမယ့် အဲ့ဒီ ရန်ကျင်းက ဒုတ်းြယမျိုးဆက်တွေဘယ်လောက်ဆိုးလဲ ဆိုတာ မင်းလည်း သိမှာ..တစ်ကောင်ချင်းစီတိုင်းက သောက်ဖင်ခေါင်းကျယ်ပြီး ငါ့ကို တွေ့တိုင်း ရန်လာလာ စနေကြတာ..တကယ်လို့ ငါသာ သူတို့ကို မှတ်လောက်သားလောက် ဖြစ်အောင် ပညာမပေးနိုင်ဘူးဆိုရင် ငါ့ရဲ့ ဂုဏ်သတင်းတွေ ဘယ်လို ဆက်ထိန်းရတော့မှာ... "

လင်းရီ ထူးမခြားနားစွာ ခေါင်းညိမ့်လိုက်သည်။
ရှေးယခင်ကတည်းပင် ကျိုးဟိုင်နှင့် ရန်ကျင်းရှိ
ဒုတိယမျိုးဆက် သခင်လေးတို့ တကျက်ကျက်
ဖြစ်နေကြသည်မှာ အစဉ်လာတစ်ခုလိုပင် ဖြစ်နေလေသည်။

ချင်းဟန်လည်း ထိုငနဲတို့၏ စော်ကား ပုတ်ခတ်ချင်းကို
ခံလာခဲ့ရပြီး အခဲမကျေ ဖြစ်နေဟန်ပင်။

"ကောင်းပြီလေ..ငါမင်းကို ၂၀%
ဒစ်စကောင့်ပေးမယ်....ဘာပဲပြောပြော ညီကိုတွေမလား.."

"ငါယီးကို ညီကိုပါလားကွ..ငါ့မှာ မင်းလို ညီကိုမျိုးမ
ရှိဘူး.."ချင်းဟန် ပြောလိုက်ပြီး "မင်းကို ပိုက်ဆံ
မပေးဘူး..ငါလုပ်မယ်ဆိုတာ ပြောပြနေတာ..."

"ငိုးပဲဟျောင့်..မင်း အတော်လေး သောက်ရှက်မဲ့ပါလားကွ..."

"ဘယ်တတ်နိုင်မှာ ..ငါက စီးပွားရေး သမားလေ...."

"သဘော ..မင်းတို့ကောင်တွေ နေရစ်ပြီး
အေးဆေးမောင်းကြဦး..ငါသွားတော့မယ်..."

"မင်း ဒီည အားလား...ငါတို့ အနှိပ်ခန်း သွားကြရင်
ဘယ်လိုလဲ...ငါ မင်းတို့ကောင်တွေကို ဟွာချင်းရေကန်ဆီ
ခေါ်သွားပြီးတော့ ဝန်ဆောင်မှု အပြည့်ရတယ်ဆိုတာက
ဘာလဲဆိုတာ လိုက်ပြပေးမယ်.."

"လောလောဆယ်တော့ မရသေးဘူး..ငါ အမေရိကား သွားဖို့
ရှိတယ်..နောက်တစ်ပတ်လောက်မှပေါ့..."

"အမေရိကား..."လျန်ကျင်းမင် ပြောလိုက်ပြီး
"နားထောင်ရတာတော့ တော်တော်လေး
စောက်ထာကျတာပဲဗျ..ကျုပ် လိုက်ပို့ပေးမယ်လေ..."

"ဘယ်လိုလိုက်ပို့မှာ..မင်းကားကြီး စုတ်ပြတ်သပ်နေအောင်
မောင်းရင်တောင်မှ ငါ့ကို ရောက်အောင် ပို့ပေးနိုင်မှာ
မဟုတ်ဘူး....."

"ဟိုက်ယား..အစ်ကိုကြီးလင်းကလည်း
မေ့နေပြီထင်တယ်..ကျုပ်မိသားစုက လေကြောင်းလိုင်း
ပိုင်တာလေ..."လျန်ကျင်းမင် ပြောလိုက်ပြီး "ဒီညနေ ၆ နာရီမှာ
အမေရိကားကို သွားမယ့် လေယာဉ် တစ်စီးရှိတယ်...ကျုပ်
အစ်ကိုကြီးအတွက် ပထမတန်းကနေ လိုက်စီးလို့ရအောင်
လုပ်ပေးမယ်..."

"ဟမ်...ရှင်းဟွား လေကြောင်းလိုင်းက မင်းမိသားစု
ပိုင်တာလားဟ..ငါလည်း ညနေ ၆ နာရီကျ အဲ့လေယာဉ်စီးဖို့
ဘွတ်ကင်လုပ်ထားတာ..."

လင်းရီ ပြောလိုက်သည်။

"ဟုတ်တယ်..အဲ့တာ ကျွန်တော့် မိသားစုပိုင်တဲ့ လေကြောင်းလိုင်းလေ.."လျှန်ကျင်းမင် ပြောလိုက်ပြီး "အစ်ကိုကြီးလင်းကလည်း စောစောတုန်းကတော့ မပြောဘူး..ကျုပ် မန်နေဂျာကို ဖုန်းဆက်ပြီးတော့မှ ငွေပြန်အမ်းခိုင်းလိုက်မယ်..."

"မလိုဘူး..ပြန်အမ်း မနေနဲ့တော့ ...ငါက တစ်ချို့သူတွေလို သူများနေရာငှားပြီး ပိုက်ဆံ မပေးတဲ့ကောင် မဟုတ်ဘူး..."

"ယီးပဲ ယီးပဲ..ကိုယ့်ဘာကိုယ် Didi မောင်းနေစမ်းပါကွာ..."

အားလုံး ရယ်မောလိုက်ကြပြီး လင်းရီ ရှာရီကို ကားဂိုဒေါင်ထဲသို့ထည့်ကာ သူ၏ ပန်ဂနီကို ထုတ်လိုက်သည်။

ရှာရီမှာ အမှန်တကယ်ကို ရုပ်ပေါက်လှ၏။ အကယ်၍ သူသာ ရှာရီဖြင့် Didi ဆက်မောင်းမည်ဆိုပါက ယနေ့လို အဖြစ်မျိုး မည်မျှထိ ဆက်ကြုံမလဲဆိုတာ ပြောမပြတတ်တော့ပေ။

အကယ်၍ ပန်ဂနီနှင့် ဆိုလျှင်တော့ ပြဿနာမရှိပဲ မိမိုက်သလိုလည်း လုပ်၍ ရ၏။ တစ်ချက်ခုတ် နှစ်ချက်ပြတ်သည့် အကြံပင်။

လီဖေးနှင့် ကျန်သူများ လင်းရှီ ပန်ဂနီ ထုတ်လာသည်ကို မြင်တော့ မျက်လုံးအရောင် တောက်ပသွားကြသည်။

"အဲ့တာ ဘယ်လိုကားလဲတဲ့..လန်းလိုက်တာဟယ်..."

"ဖာရာရီထက်တောင် ပိုပြီး ကြည့်လို့ကောင်းနေသေးတယ်..."

"ဒီတိုင်းရပ်မနေနဲ့လေ..ဘာကားလဲဆိုတာ မြန်မြန်ရှာမှပေါ့ဟဲ့..."လီဖေး လောဆော်လိုက်သည်။

တခဏကြာသော် ယွီကျောင်းကျောင်း အထိတ်တလန့်ဖြင့် အော်ဟစ်မိသွားသည်။
" သောက်ခွေး ..ဒီကားကြီးက သန်း ၂၀ ကျော်တန်ကြေးရှိတဲ့ ပန်ဂနီဇွန်ဒါကြီးတော့..."

"ငါမှတ်မိပြီ..Didi မောင်းတဲ့ ဒုတိယမျိုးဆက် သခင်လေးဆိုတာ သူပဲ..."

သုံးယောက်လုံး မျက်နှာ ဖြူလျော်သွားခဲ့ကြသည်။ မည်သူကမျှ ယခုလို ဖြစ်လာလိမ့်မည်လို့ ထင်မှတ်မထားခဲ့ကြချေ။

လင်းရှီ ကားထုတ်လာပြီးနောက် ချင်းဟန်နှင့် သူ့ဘော်ဒါတစ်သိုက်ကို လက်ပြနှုတ်ဆက်ကာ ထွက်လာခဲ့လိုက်၏။

သို့သော်လည်း အပေါက်ဝတွင် လီဖေးတို့ အုပ်စု၏ ရပ်တန့်ခြင်းကို ခံလိုက်ရလေသည်။

"သခင်လေးလင်း..ကျွန်မတို့က သခင်လေးလင်းရဲ့ကားနဲ့ ဒီလာခဲ့တော့ ပြန်လည်း သခင်လေးလင်းရဲ့ တက္ကစီနဲ့ပဲ ပြန်လို့ရမလားဟင်..."

"အာ...အဆင်မပြေလောက်ဘူး ထင်တယ်နော်... "လင်းရီသူ၏ ခရီးသည်ထိုင်ခုံကို ညွှန်ပြလိုက်ပြီး "ပန်ဂနီက ထိုင်ခုံ တစ်ခုပဲ ရှိတော့ မိန်းကလေးတို့ သုံးယောက်လုံး ကို တင်ဖို့ရာ မဖြစ်နိုင်ဘူးလေ..."

ထိုအခါမှသာ သူမတို့လည်း ပြိုင်ကားများမှာ မောင်းသူထိုင်ခုံအပါအဝင် ထိုင်ခုံနှစ်ခုသာ ရှိကြောင်း သတိရသွား၏။

၎င်းကို သတိပြုမိပြီးနောက် သုံးယောက်ကြားရှိ လေထုမှာ ပြင်းထန်သိပ်သည်း၍ အကက်ကွဲတော့မည့် သယောင် ဖြစ်လာခဲ့လေသည်။

"ငါက နင်တို့ကို ဒီခေါ်လာခဲ့တာနော်..ခဏနေ တက္ကစီ လာလိမ့်မယ်... အဲ့တော့နင်တို့က အဲ့တက္ကစီ စီးပြီး ပြန်လိုက်ကြ...ငါ သခင်လေးလင်းနဲ့ လိုက်သွားလိုက်မယ်..."

အခန်း (၂၉၅)

"လီဖေး နင်အဲ့လို ပြောလို့ မရဘူးလေ.."မုန့်ရှင်း ပြောလိုက်ပြီး "ငါတို့ နင့်နောက် လိုက်ခဲ့တာ မှန်တယ်..ခု ငါးမိနစ်တောင် မပြည့်သေးဘူးမောင်းထုတ်ခံလိုက်ရပြီ....နင်က ငါတို့ အရှက်ရတာအတွက် လျော်ကြေးတောင် မပေးရသေးဘူး.."

"အဲ့တာကြောင့် ငါတို့ နှစ်ယောက်ကပဲ သခင်လေးလင်းရဲ့ ကားထဲမှာ လိုက်စီးခွင့်ရှိတယ်..နင်က တက္ကစီပဲ စီးတော့.."

"ဘာလို့ ငါက တက္ကစီစီးရမှာ..."

လီဖေး အသံမြှင့်လိုက်ပြီး "တကယ်လို့ ငါ့ကြောင့်သာ မဟုတ်ရင် နင်တို့ သခင်လေးလင်းနဲ့ တွေ့ရမှာတောင် မဟုတ်ဘူးနော်...နင်တို့ကို ပြောလိုက်မယ် ငါနဲ့ လာမလုနဲ့ လစ်လိုက်တော့.."

"နင် အပျက်မ..ဘယ်သူ့ကို လာအော်နေတာလဲ.."

"နင့်ကို အော်နေတာလေ..သောက်ကောင်မရဲ့..နင်က ငါနဲ့ယှဉ်ပြီးတော့ သခင်လေးလင်းရဲ့ ထိုင်ခုံဘေးမှာ ထိုင်ချင်နေတယ်ပေါ့လေ...နင်လုပ်နေတာကိုကော နင်သိရဲ့လား.."

"နင်ငါ့ကို အော်ရဲတယ်ပေါ့လေ..နင့်ကို သင်ခန်းစာ
ပေးမှရမယ်..."

သို့ဖြင့် အမျိုးသမီး သုံးဦးမှာ တစ်ယောက်ကို တစ်ယောက်
ကန်ကျောက်ပြီး ဆံပင်များဆွဲဆောင့်ကြကာ
ရုပ်ပျက်ဆင်းပျက်များ ဖြစ်နေကြတော့၏။

လင်းရီ :"???"

ဒီလို ရန်ဖြစ်လဲ ရတာပဲလားဟ..

ပြောတော့ နှစ်တွေအကြာကြီး ပေါင်းလာခဲ့တဲ့ သူငယ်ချင်း
ကောင်းတွေဆို...

ရန်ပွဲမှာ ဆိုးသထက်ဆိုးဝါးလာပြီး မည်သူ့အနိုင်ရမလဲဆိုတာ
မသိကြသောကြောင့် လင်းရီလည်း စောင့်ဆိုင်းမနေတော့ပဲ
မောင်းထွက်လာခဲ့လိုက်သည်။

"အား....သခင်လေးလင်း..မသွားနဲ့ဦးလေ..ကျွန်မတို့ တက္ကစီ
ငှားချင်သေးတယ်..."

လင်းရီ ကားပြိုင်ပွဲကွင်းမှ မထွက်ခွာမီ
နောက်ထပ်အော်ဒါတစ်ခု လက်ခံလိုက်သည်။
ဤတစ်ကြိမ်တွင်တော့ သူ၏ ခရီးသည်မှာ အမျိုးသား
တစ်ဦးဖြစ်ပြီးလင်းရီနှင့် ကားအကြောင်းများ ဆွေးနွေး၍
လိုရာ ခရီးရောက်သောအခါ တွန့်ဆုတ်တွန့်ဆုတ်ဖြင့်
ကားထဲမှ ထွက်သွားတော့၏။

ထို့နောက် လင်းရီ ကျုံ့ရှုံ့မ်လမ်းကြားထဲသို့ ဝင်၍
ဦးလေးကျင်း၏ ကြက်ဥထမင်းကြော်ကို သုံးဆောင်ကာ
အော်ဒါများ ဆက်လက် ရယူတော့သည်။

ညနေ ၄ နာရီခွဲသို့ ရောက်သောအခါ လင်းရီ ပျှမ်းမျှ အော်ဒါ
၁၂ ခု ရယူခဲ့ပြီး ကီလိုမီတာ ၁၆၀ကျော်အထိ မောင်းနှင်ခဲ့၏။
နည်းသည်ဟု မဆိုသာသော်လည်း မစ်ရှင် ပြီးမြောက်ရန်တော့
အတော်လေး အလှမ်းကွာဝေးနေဆဲပင်။

နောက်ဆုံးအော်ဒါအတွက်ကတော့ လင်းရီ
ချောင်ရန်အုပ်စုသို့သွားပြီး ဂျီကျမလေးကို ကြိုရန်
ဆုံးဖြတ်လိုက်သည်။

ရုံးခန်းတံခါးကို ဖွင့်လိုက်သည့် အချိန်တွင်တော့ ကျီချင်းရန်
မှန်ရှေ့၌ ရပ်နေကြောင်း မြင်လိုက်ရ၏။ သူမ၏
ကိုယ်အောက်ပိုင်းတွင်တော့ စကတ်အတိုတစ်ထည်
ဝတ်ဆင်ထားပြီး အဖြူရောင် အစက်အပြောက်လေးများကို
မြင်တွေ့နေရ၏။ အကယ်၍ သေချာဂရုတစိုက်နှင့်
ကြည့်မည်ဆိုပါက ထို အစက်အပြောက်လေးများမှာ
အဖြူရောင်ပန်းပွင့်လေးများ ဖြစ်နေကြောင်း
မြင်တွေ့နိုင်သည်။ အပေါ်ထပ်တွင်တော့ သာမန် အဖြူရောင်
အမျိုးသမီးဝတ် မစ်ကီးမောက် အင်္ကျီကိုသာ
ဝတ်ဆင်ထား၏။

သူမ၏ ခန္ဓာကိုယ်တစ်ခုလုံးမှ လှသွေးကြွယ်သည့်
အရှိန်အဝါများ ထုတ်လွှတ်နေလေသည်။

ကျီချင်းရန်မှာ အမြဲလိုလို ရှပ်နှင့် ဂါဝန်ကို
တွဲဖက်ဝတ်ဆင်ရသည်ကို နှစ်သက်ကြောင်း
လင်းရီရုတ်တရက် သတိထားမိသွား၏။

"အယ်..ရောက်လာပြီပေါ့..."

လင်းရီ အထဲသို့ ရောက်လာသည်ကို မြင်တော့ ကျီချင်းရန်
သူမ ဝတ်ဆင်ထားသည်ကို ပြလိုက်ပြီး
"ဘယ်လိုလဲ..ငါဝတ်ထားတာ လှလား.."

"မဆိုးပါဘူး..ဝတ်စုံကတော့ အတော်လေး လှတယ်..."

"အဲ့တာဆို ငါက မလှဘူးပေါ့..."

"အာ..မင်းလည်း လှတယ်လေ..."

ဘယ်လိုတောင် ရစ်တာလဲဟ...

ကျီချင်းရန် ရယ်မောလိုက်ပြီး "ငါနင့်အတွက် အင်္ကျီတွေ
ရွေးထားပေးပြီးပြီ..မြန်မြန် သွားဝတ်ကြည့်ကြည့် ..ပြီးရင်
ငါတို့ သွားကြမယ်..."

"အိုကေ.."

လင်းရီ အဝတ်စားအမြန်လဲပြီး မိနစ်အနည်းငယ်အတွင်း အထဲမှ ထွက်လာခဲ့၏။

ထို့နောက် သူ၏ အင်္ကျီနှင့် ကျီချင်းရန်၏ အဝတ်စားတို့မှာ လိုက်ဖက်ညီနေကြောင်း ရုတ်တရက် သတိထားမိသွားသည်။

သူမမှာ အဖြူရောင် ရှပ်အင်္ကျီနှင့် အပြာရောင် စကတ်ကို ဝင်ဆင်ထားပြီး သူကတော့ အဖြူရောင် ဘောင်းဘီ အတိုနှင့် အပြာရောင် အင်္ကျီလက်တိုကို ဝတ်ဆင်ထားလေသည်။ အတူရပ်နေပါက စုံတွဲ ဝတ်စုံများကဲ့သို့ ထင်မှတ်သွားစေနိုင်၏။

"ပစ္စည်းတွေကော ..ရယ်ဒီပဲလား..."

"အင်း..ငါ့ရဲ့ အဝတ်လဲခန်းထဲမှာ ခရီးဆောင်အိတ်တစ်လုံး ရှိတယ်လေ.."

လင်းရီ နောက်သို့ လှည့်ကြည့်လိုက်သောအခါ အနီရောင် ခရီးဆောင်အိတ် အကြီးစားကြီး တစ်လုံးကို မြင်တွေ့လိုက်ရပြီး "မင်းယူလာမယ့်ဟာတွေက ဒါတွေပေါ့..မနည်းလွန်းဘူးလားဟ..."

"အင်း..ငါတို့က မနက်ဖြန်ရောက်တဲ့ထိ မလာနိုင်ဘူးဆိုတော့ အဝတ်စား နည်းနည်းလေး ပိုယူခဲ့လိုက်တာလေ...ဟိုရောက်မှ ထဝယ်နေမယ်ဆို နောက်ကျသွားတော့မှာ..."

"ငါက ဘာမှ သိပ်လိုတာ မဟုတ်ဘူး..ငါ့ ပစ္စည်းတွေ ထုတ်ထားလိုက်လေ..ဝန်ပိုပေါ့သွားတာပေါ့.."

"အဲ့ထဲမှာ နှင့်ပစ္စည်းတွေ တစ်ခုမှ မပါဘူး.."ကျီချင်းရန် ဟန်ပါပါဖြင့် "အိတ်ထဲကဟာတွေ အကုန်လုံးက ငါ့ဟာတွေချည်းပဲ..နှင့်ပစ္စည်းတွေက ဟိုးးးနားလေးက ကျောင်းလွယ်အိတ်လေးထဲမှာ..."

လင်းရှီ :"...."

ကြောင်သူတော်ကြီးပဲ...

"ခစ်ခစ်..ငါကို အဲ့လိုကြီး လာမကြည့်နဲ့လေဟယ်..."ကျီချင်းရန် အပြုံးလေးဖြင့် ပြောလိုက်ပြီး "အိတ်ထဲမှာ နှင့်ပစ္စည်းတစ်ချို့လည်း ပါပါတယ်ဟယ်..ငါ ကျီချင်းရန်က လုံးဝ တစ်ကိုယ်ကောင်းဆန်တဲ့သူ မဟုတ်ပါဘူးနော်..."

"အဲ့တာဆို ဘာတွေ ထည့်ထားပေးထားတာ.."

"သွားတိုက်တံလေ..."

"အင်း..ပြီးတော့ကော..."

"ဘာကို ပြီးတော့လဲ..."

လင်းရီ သူမ ပါးဖောင်းဖောင်းလေးကို ဆွဲစိတ်လိုက်ပြီး
"ဒီတော့ မင်းက ငါ့အတွက် သွားတိုက်တံ တစ်ချောင်းပဲ
ထည့်ထားပေးတယ်ပေါ့လေ..."

"အာ့ အာ့ နာတယ်...ခုမှ
မိတ်ကပ်လိမ်းထားပါတယ်ဆိုနေမှ..ပျက်ကုန်တော့မှာပဲ.."

ကျီချင်းရန် လင်းရီလက်ကို ဘေးသို့ ပုတ်ထုတ်လိုက်ပြီး
နူတ်ခမ်းစူကာ သူမ ပါးဖောင်းဖောင်းလေးကို ပွတ်လိုက်၏။

"သွားတိုက်တံကလွဲရင် ငါတို့ ကျန်တာတွေ အကုန်
မျှသုံးလို့ရတယ်လေ..ပြီးတော့ နင်က အကျီအများကြီးလည်း
ဝတ်စရာ မလိုဘူး..ကျောင်းလွယ်အိတ်တစ်လုံးကတောင်
နင့်အတွက် လုံလောက်တာထက် ပိုနေပြီးသား...ငါက
နင့်အတွက် ဝန်ပေါ့အောင် ကြိုးစားပေးနေတာကိုနော်..ဟွန့်
ငါ့ရဲ့ စေတနာတွေကို နင်က နားမလည်ဘူးပေါ့.."

တံငါနားနီး တံငါ၊ မုဆိုးနားနီး မုဆိုးဟူသော စကားပုံအတိုင်း
ကျီချင်းရန်ပါ လင်းရီအနား နေတာကြာပြီဖြစ်၍
ပေါက်တတ်ကရများပင် ဆိုတတ်လာသည်။

"တော်ပြီ..မင်းနဲ့ ဆက်မငြင်းချင်တော့ဘူး..."

ကိစ္စ ဝိစ္စများကို ပြင်ဆင်ပြီးနောက် လင်းရီ ကျီချင်းရန်ကို
ခေါ်၍ လေဆိပ်သို့ ထွက်လာခဲ့လေသည်။

လင်းရှိနှင့် ကျီချင်းရန်တို့ လေဆိပ်သို့ ရောက်လာသည့်အခါ များပြားလှသည့် အမျိုးသားနှင့် အမျိုးသမီးတို့၏ အာရုံကို သိမ်းကျုံးဖမ်းစားသွားခဲ့သည်။

တစ်ချို့ မိန်းကလေးများဆိုလျှင် ကျီချင်းရန်ကို မြင်ပြီးနောက် မဖြောင့်တော့ဟု ခံစားရလာ၏။ သို့သော်လည်း သူမ၏ အေးစက်နေသည့် ရေခဲလို လှပမှုမှာ စကားလာပြောချင်သည့် မသမာသူ အမြောက်အများကို စကားလာပြောသည့် ရန်မှ သူ့အလိုလို တားဆီးပြီး ဖြစ်သွား၏။

"ဘော့၏်လင်း..ဘော့စ်ကျီ..ဒီမှာ လာဆုံတယ်ဆိုတော့ ဘယ်လောက်တောင် တိုက်ဆိုင်လိုက်လဲ.."

လေယာဉ်ပျံသန်းတော့မည့် အချိန်ကို ထိုင်စောင့်နေစဉ် ရုတ်တရက် သူမတို့ အနောက်မှ အသံတစ်သံ ပေါ်ထွက်လာသည်ကို ကြားလိုက်ရသည်။

နှစ်ယောက်သား မသိလိုက်မသိစွာဖြင့် နောက်သို့ လှည့်ကြည့်မိသောအခါ ကျောက်ကျိန်းရန်နှင့် ချူနန်တို့ သူမတို့နောက်၌ ရောက်ရှိနေကြောင်း အံ့အားသင့်ဖွယ် မြင်တွေ့လိုက်ရ၏။

"အာဟား..သခင်လေး ကျောက်ပါလား..ဘယ်လောက် တောင် တိုက်ဆိုင်လိုက်လဲ.."လင်းရှိ ပြုံးလိုက်သည်။

"မင်းရဲ့ ငွေငါးသောင်းကိုပဲ
ကျေးဇူးတင်ရမှာပါပဲကွာ..အဲ့တာလေးနဲ့ပဲ ငါတို့နှစ်ယောက်ရဲ့
ဆက်ဆံရေးက တစ်ဆင့်တက်သွားတာ..မဟုတ်ရင်
ချင်းရန်က ငါနဲ့အတူ အမေရိကားသွားဖို့ သဘောတူမှာတောင်
မဟုတ်ဘူး..."

"ဟက်..."
ကျောက်ကျိန်းရန် အေးစက်စက် ရယ်မောလိုက်ပြီး
"ရပါတယ်..ငါးသောင်းလေးပါပဲ..လက်ဆောင်ပေးတယ်လို့
သဘောထားလိုက်..အဲ့လောက်ကြီး စာဖွဲ့နေစရာ မလိုဘူး..."

"အမှန်ပဲ..ကျောက်မိသားစုရဲ့ ဂုဏ်သတင်းတွေနဲ့ဆိုရင်
ပရဟိတ ညစာစားပွဲလေးလုပ်ပြီး လေလံတင်လိုက်တာနဲ့
သူများပိုက်ဆံတွေကို
လိမ်ရိုက်လို့ရပြီလေ..ငွေငါးသောင်းလောက်ကတော့
မင်းအတွက် ပါးပါးလေးပါ...ဟုတ်တယ်မလား..."

"ဒါပေမယ့် မင်းပုံစံကြည့်ရတာက ကိုးရီးယားသွားပြီး
ပလတ်စတစ် ဆာဂျရီ လုပ်တော့မယ့် ပုံစံပဲ...အဲ့လိုဆိုရင်တော့
လေယာဉ်ပေါ် အမြန်တက်နော်..အချိန်မမှီရင် ဆာဂျရီလုပ်ဖို့
လွဲနေဦးမယ်...ငါကတော့ ဟင်း....ငါ ပလတ်စတစ်ဆာဂျရီ
လုပ်ချင်ရင်တောင်မှ ဆရာဝန်က ငါ့မျက်နှာကို ပြည့်စုံလွန်းလို့
ဓားတင်ခွင့် မပေးဘူးတဲ့ကွာ...မင်းတို့လို ပလတ်စတစ်ဆာဂျရီ
လုပ်နိုင်တဲ့ကောင်တွေကို သောက်ရမ်း အားကျတယ်..."

ကျီချင်းရန် နှုတ်ခမ်းလေး အုပ်၍ အသံထွက်မရယ်မိစေရန် အနိုင်နိုင် ကြိုးစားနေရသည်။

ဒီကျောက်ကျိုန်းရန်က လွန်လွန်းပါတယ်ဟယ်...ဘာလို့ သူက ဘာလို့ လင်းရှီနဲ့ လာငြင်းခုန်နေတာလဲတဲ့..မိန်းမသားဖြစ်တဲ့ သူမတောင်မှ လင်းရှီနဲ့ စကားယှဉ်မပြောနိုင်တာကို..

"ဘာတွေ လာပြောနေတာ...ငါ ကျောက်ကျိုန်းရန်က မျက်နှာနဲ့ လုပ်စားနေတဲ့ကောင် မဟုတ်ဘူးကွ..."ကျောက်ကျိုန်းရန် အရုပ်ဆိုးနေသော မျက်နှာဖြင့် အေးစက်စွာ ပြောလိုက်သည်။

"ဒါပေမယ့် မင်းတလောတုန်းကမှ တရားခွင်မှာ ငါ့ကို ရှုံးသွားတာမလား..ကျွတ်ကျွတ်...ရုပ်ရည်ပဲဖြစ်ဖြစ် ခွန်အားပဲဖြစ်ဖြစ် မင်းက တစ်ခုမှ မပြည့်စုံပါဘူး ညီကိုရာ.."လင်းရှီ သနားနေဟန်ဖြင့် တစ်ချက် စုပ်သပ်လိုက်သည်။

ငိုးပဲ...

ကျောက်ကျိုန်းရန် အကျယ်ကြီး အော်ဆဲချင်နေသော်လည်း လေဆိပ်တွင် လူအများကြီး ရှိနေသောကြောင့် ကြိတ်မှိတ် သည်းခံလိုက်ရ၏။ မဟုတ်ပါက သူ့လူများနှင့် မိုက်မိုက်ကန်းကန်း လုပ်ပစ်လိုက်မည်။

"ငါ လေယာဉ်သွားစီးတော့မယ်..ဒီမှာပဲ စောင့်ပြီး ကြည့်နေလိုက်စမ်းပါ..."

ထိုစကားလုံးများ ပြောဆိုပြီးနောက် ကျောက်ကျိန်းရန်
ချိန်နန်ကို တစ်ဖက်သို့ ခေါ်ဆောင်သွားခဲ့၏။

"ဒါရိုက်တာကျောက် ..ကျုပ်အထင်တော့ သူတို့က
အမေရိကား သွားမလို့ ထင်တယ်..ကျုပ်တို့
အဆက်အသွယ်တွေကို အသုံးချပြီးတော့ သင်ခန်းစာလေး
တစ်ခုလောက် ပေးလိုက်ရင်ကော.."

"ငါကခု မိုက်ခရိုဆော့ဖ် ကုမ္ပဏီနဲ့ ဆွေးနွေးဖို့ အမေရိကားကို
သွားရတော့မှာ..သူအပေါ် အချိန်ဖြုန်းဖို့
မအားဘူး..."ကျောက်ကျိန်းရန် ပြောလိုက်ပြီးနောက်
တခဏမျှ စဉ်းစား၍ "လေဆိပ်မန်နေဂျာကို
သွားခေါ်ခဲ့ကွာ..ငါ့နာမည်သာ ပြောလိုက်..."

"နားလည်ပါပြီ ခင်ဗျ..."

အမိန့်ပေးပြီးနောက် ကျောက်ကျိန်းရန် VIP နားနေခန်းထဲသို့
ဝင်သွားခဲ့သည်။ မိနစ်အနည်းငယ်အတွင်း ချိန်နန် ရှင်းဟွာ
လေကြောင်းလိုင်း၏ မန်နေဂျာနှင့် ရောက်လာခဲ့လေသည်။

ရှင်းဟွာ လေကြောင်းလိုင်း၏ မန်နေဂျာမှာ
ကောင်းရှစ်ဖုန်းဖြစ်ပြီး အသက်လေးဆယ် အရွယ်ရှိကာ
အနည်းငယ် ဝဖိုင့်ဖိုင့်နှင့်ရှိလှ၏။
ထိုဖက်တီးကြီးမှာ ကျောက်ကျိန်းရန်ဆီသို့
အဆီတလှုပ်လှုပ်ဖြင့် ရောက်လာခဲ့လေသည်။

"ဘော့စ်ကျောက်က ဘာကိစ္စရှိလို့လဲ မသိဘူး..."

ကျောက်မိသားစု၏ အနေအထားမှာ ကျိုးဟိုင်တွင် ချင်းမိသားစုနှင့် မတိမ်းမယိမ်းပင်။ သို့သော်လည်း ကျောက်ကျိန်းရန်မှာ ချင်းဟန်လောက်တော့ နာမည်ဂုဏ်သတင်း ကျော်ဇောခြင်းတော့ မရှိချေ။

ကျောက်မိသားစု၏ ခွန်အားမှာ ထင်ရှားမြင်သာလှ၏။ ကျိုးဟိုင်တွင် သူတို့မှာ နယ်ပယ်ပေါင်းစုံ၌ အဆက်သွယ် စုံလင်လှပေသည်။

"ငါဘယ်သူလဲဆိုတာ မိတ်ဆက် ပေးစရာတော့ မလိုတော့ဘူးထင်တယ်.."ကျောက်ကျိန်းရန် စီးကရက်တစ်လိပ်ကို ပါးစပ်တွင်ခဲလျက် မီးညှိရင်း ပြောလိုက်သည်။

"ဘော့စ်ကျောက်ကတော့ နှောက်နေပြန်ပါပြီ...တစ်ယောက်ယောက်က ကိုယ့်အဖေနာမည် ဘယ်သူလဲဆိုတာ မမှတ်မိရင်တောင် ဘော့စ်ကျောက်နာမည်ကိုတော့ သေချာပေါက် မှတ်မိနေမှာပါဗျ..."ကောင်းရှစ်ဖုန်း ဖော်လံဖား လိုက်၏။

"ကောင်းတယ်...အဲ့ဒါဆို ခု အမေရိကားကို သွားမယ့် သူတွေထဲမှာ လင်းရီနဲ့ ကျိချင်းရန်ဆိုတဲ့သူနှစ်ယောက် ရှိတယ်..သူတို့ နှစ်ယောက်ကို ငါလေယာဉ်ပေါ်မှာ မမြင်ချင်ဘူး..."

အခန်း (၂၉၆)
ကောင်းရှစ်ဖုန်း တခဏမျှ စဉ်းစားလိုက်ပြီး
အခက်တွေ့နေသည့် အမူအရာများ မျက်နှာထက်၌
ပေါ်လာခဲ့သည်။

"အဲ့လိုဆိုရင်တော့ သူတို့ လက်မှတ်တွေကို နောက်ဆုံးမိနစ်မှာ
ပယ်ဖျက်ဖို့ အတွင်းကနေပဲ လုပ်ရတော့မယ်ထင်တယ်..."

"မင်းဘာမင်း ဘယ်လို နည်းလမ်းပဲ သုံးသုံး
ငါစိတ်မဝင်စားဘူး.."ကျောက်ကျိန်းရန် ပြောလိုက်ပြီး
"သူတို့ကို မမြင်ရရင် ပြီးရောပဲ..."

"ကောင်းပါပြီခင်ဗျ..ကျုပ်ခုပဲ သွားလုပ်လိုက်ပါ့မယ်..."

"အေး..."

မကြာမီ တန်းစီနေကြသည့် လူတိုင်း ချက်ကင်ဝင်ကြ၏။

"တီ တီ တီ တီ..!"

" တီ တီ တီ..!"

"တီ တီ ..!"

ဝန်ထမ်းမှ လက်မှတ်တစ်စုံကို စက်ဖြင့် စစ်ဆေးနေပြီး မကြာမီ နှစ်ကိုယ်စာလောက်ကြားနိုင်သည့် တီတီ ဟူသော မြည်သံကြီး ထွက်ပေါ်လာခဲ့သည်။

"ဆာ နဲ့ မစ် ကျွန်မတို့ စိတ်မကောင်းပါဘူး..ဆာတို့ရဲ့ လက်မှတ်က ပြဿနာ တစ်ခုခု ရှိနေပုံပဲ..လေယာဉ်ပေါ် လိုက်ပါခွင့် မရှိပါဘူးရှင့်..."

"ပြဿနာ ရှိနေတယ်..."ကျီချင်းရန် ကြက်သေသေသွားခဲ့ပြီး "ငါ ဒီလက်မှတ်တွေကို တရားဝင် ရောင်းချတဲ့ နေရာကနေ ဘွတ်ကင်လုပ်ထားတာလေ..ဘယ်လိုလုပ် တစ်ခုခု မှားနိုင်မှာလဲတဲ့..."

"ကျွန်မလည်း မသိပါဘူးရှင်..စစ်ကြည့်တာတော့ တစ်ခုခု မှားနေတယ်လို့ ပြနေတာပါ..စည်းမျဉ်းအရ ဆာတို့နှစ်ယောက် လေယာဉ်ပေါ် လိုက်ပါခွက့် မရှိပါဘူးရှင့်..."

အမျိုးသမီး ဝမ်ထမ်း၏ သဘောထားမှာ လင်းရီကြောင့် လွန်စွာ စိတ်ရှည်ပေးနေလေသည်။ သာမန်ဆိုပါက မသိဘူးတစ်ခွန်းပြော၍ မောင်းထုတ် ပစ်လိုက်ချေပြီ။

"မဖြစ်နိုင်တာ..."ကျီချင်းရန် မျက်မှောင်ကုပ်ရင်း သူမကိုယ်သူမ ရေရွတ်လိုက်သည်။

ဘာဖြစ်နေလဲဆိုတာ နားမလည်နိုင်တော့ချေ။

"ဘာလဲ...လေယာဉ်လက်မှတ်ဖြစ်တာတောင်မှ အလိမ်ခံလိုက်ရတာလား..ဟမ့်..ရှက်ဖို့ကောင်းလိုက်တာကွာ... "ကျောက်ကျိန်းရန် အပြုံးလေးဖြင့် ပြောလိုက်သည်။

ကျောက်ကျိန်းရန်၏ ဂုဏ်ဆာနေသည့် အမူအရာကို မြင်တော့ ဤကိစ္စနောက်ကွယ်ရှိ လက်သည်မှာ ကျောက်ကျိန်းရန် ဖြစ်ကြောင်း လင်းရီ သတိပြုမိလိုက်သည်။ မဟုတ်ပါက ထိုငနဲမှာ ယခုလို ဘဝင်လာမြင့်ပြနေလိမ့်မည် မဟုတ်ချေ။

"အရင်ဆုံးထွက်ကြမယ်.."လင်းရီပြောလိုက်ပြီး "ငါတို့နောက်မှာ လူတွေ ကျန်နေသေးတယ်..."

"သူတို့က လက်မှတ်တောင် စစ်ဆေးပြီးသွားပြီလေ..ခုနေ မဖြေရှင်းရင် ငါတို့ ဒီနေ့ အမေရိကား သွားလို့ ရမှာ မဟုတ်တော့ဘူး..."

ကျီချင်းရန်မှာ လင်းရီနှင့်အတူ ခရီးအတူသွားရန် အတော်လေး မျှော်လင့်ထားခဲ့၏။ ယခုလို ကိစ္စမျိုး ဖြစ်ပေါ်လာပြီးနောက် သူမ လက်မခံနိုင် ဖြစ်နေရခြင်းမှာ သူမတို့ ခရီးစဉ်လေးကို တစ်ရက်တောင် မရွှေ့ဆိုင်းချင်သောကြောင့်ပင်။

"ဒီသောက်ရူးက နောက်ကွယ်ကနေ လက်မည်းကြီးနဲ့ လုပ်နေတယ်ဆိုတာ အသိအသာကြီးပဲလေ...မင်းက ဘယ်လို သွားဖြေရှင်းမှာ..."

လင်းရီ နာမည်ကို မပြောပြခဲ့သော်လည်း ကျီချင်းရန်မှ ကျောက်ကျိန်းရန်နှင့် လူတစ်ချို့ကို မကျေမနပ် တစ်ချက်ကြည့်လိုက်သည်။

"ကျောက်ကျိန်းရန်..ဒါနင့်လက်ချက်လား.."ကျီချင်းရန် မေးခွန်းထုတ်လိုက်၏။

"ငါလုပ်တယ်ဆိုရင်ကော..ဘာဖြစ်လဲ..."
ကျောက်ကျိန်းရန် မောက်မာစွာဖြင့် ဂရုမစိုက်စွာ ပခုံးတွန့်ပြလိုက်သည်။

"ငါမင်းကို ပိုးပန်းခဲ့တုန်းကတော့ မင်းအတွက် ဘာက ပိုကောင်းတယ်ဆိုတာ နားမှ မလည်ခဲ့ပဲနဲ့..ခု ငါဒီလို တုံ့ပြန်ပြီဆိုတော့မှ လာအပြစ်တင်လို့မရဘူးလေ..."

သို့နှင့် ကျောက်ကျိန်းရန် သူ့လက်ထဲရှိ လေယာဉ်လက်မှတ်ကို ရန်စသလို ဝှေ့ယမ်းပြလိုက်ပြီး "ငါတော့ အရင်သွားနှင့်ပြီ...မင်းတို့ကောင်တွေ လေယာဉ်ပြောင်းစီးချင် စီးလို့ရတယ်နော်..ဒါပေမယ့် မနက်ဖြန် လေယာဉ် ရမရကတော့ ငါ့စိတ်အခြေနေပေါ် မူတည်တယ်..."

"နင်တို့ ကျောက်မိသားစုက ချမ်းသာပြီးတော့ မိသားစုကြီးဆိုတော့ အသားလွတ် ဘဝင်တွေ မြင့်နေတာကို နားလည်တယ်..ဒါပေမယ့် ရှင်းပွာ လေကြောင်း

လိုင်းတစ်ခုတည်းကပဲ လေယာဉ်ရှိတာ မဟုတ်ဘူး...တခြား ကုမ္ပဏီတွေမှာလည်း လေယာဉ်ရှိတယ်..."

ကျောက်ကျိန်းရန် ပြုံးလိုက်ပြီး ကျီချင်းရန်ကို ကြည့်ကာ "ဥက္ကဌကျီကတောင် ကျွန်တော့်ရဲ့ ကျောက်မိသားစုကို ချမ်းသာတယ်လို့ ပြောနေမှတော့ ကျွန်တော်ကလည်း ပြောပြလိုက်မယ်...တကယ်လို့ တခြား လေကြောင်းလိုင်းတွေမှာ သွားစီးလည်း အသုံးမဝင်ဘူး...ကျုပ်စကားတစ်ခွန်းပြောလိုက်တာနဲ့ မင်းတို့ကို ဘယ်လေကြောင်းလိုင်းကမှ လက်မခံရဲစေရဘူး.. "

"သို့ပေတည်း ငါမင်းကို အကြံတစ်ခုတော့ပေးဘိုက်မယ်....လှေနဲ့သွားရင်သွား ၊ မသွားရင် ကားနဲ့သွားပေါ့..တစ်လလောက်နေရင် အမေရိကားတော့ ရောက်နိုင်တာပဲ မဟုတ်လား...သာယာတဲ့ ခရီးစဉ်လေး ဖြစ်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်ကွာ..."

"ဟားဟား...."

လူတိုင်း ရယ်မောလိုက်ကြသည်။

"ဒီဘဲကြီးက အတော်ရယ်ရတာပဲကွ..ကျိုးဟိုင်နဲ့ အမေရိကားဆိုတာ မိုင်၆ထောင်ကျော်လောက် ဝေးတာကို အတော်လေး စိတ်ကူးယဉ်ဆန်တဲ့ကောင်ကွာ..."

"အဲ့တာ ချမ်းသာသွားတဲ့အခါ ကွာခြားမှုကြီးပဲလေ..အနိုင်ကျင့်တာတောင်ါမှ တစ်မျိုးလေး...."

"သား...မင်းအဲ့ဒီ အစ်ကိုကြီးဆီကနေ ကြည့်ပြီးတော့
ကောင်းကောင်းသင်ယူထား..ဒါမှ ငါ့သားကြီးလာရင်
သူများကို အနိုင်ကျင့်လို့ရမှာ...မင်းကိုတော့ ဘယ်သူမှ
အနိုင်ကျင့်ရဲမှာ မဟုတ်ဘူး.."

ထိုစကားကို ကြားတော့ လင်းရီ ဆွံ့အသွားခဲ့သည်။

ခင်များသားက အဲ့ကောင်ဆီကနေ သင်ယူမယ်ဆိုရင်
သူလည်း အနေးနဲ့အမြန် သောက်ရူး ဖြစ်လာမှာပဲ...

"နင် နင် သိပ်မလွန်လာနဲ့..."ကျီချင်းရန် အော်ဟစ်လိုက်သည်။

လင်းရီနှင့် ပျော်ရွှင်ဖွယ် ခရီးစဉ်လေး ဖြစ်ရမည်
ဆိုသော်လည်း ထိုသောက်ရူးမှ ဖျက်စီးသွားခဲ့ချေပြီ။

"တကယ်...?"ကျောက်ကျိန်းရန် အပြစ်ကင်းဟန်ဆောင်၍
"ငါက ဒီမှာရှိတဲ့ လေထုကို
မညစ်ညမ်းစေချင်ရုံပဲလေ..ငါလုပ်တာ ဘာမှားနေလို့လဲ.."

"နင်..."

"ကောင်းပြီ.."ဖုန်းကို ဟိုနှိပ်ဒီနှိပ် နှိပ်နေသောလင်းရီမှာ သူ၏
ဖုန်းကို အိတ်ကပ်ထဲသို့ ပြန်ထည့်၍ ဒေါသထွက်နေသည့်
ကျီချင်းရန်ကို လှမ်းတားလိုက်သည်။

"အဲ့ကောင်နဲ့သွားပြီး တုမနေနဲ့..နိမ့်ကျတယ်..ကိုယ့်ဘာကိုယ် ဘေးမှာ သွားထိုင်နေရအောင် .."လင်းရီ ပြောလိုက်၏။

"ဒါပေမယ့် ငါက စိတ်တိုနေသေးတယ်လေ.."ကျီချင်းရန် မျက်ရည်လေးဝိုင်းလျက် ပြောသည်။

"ဘာမှ စိတ်တိုစရာ မလိုဘူး..ငါတို့ လေယာဉ် မလိုက်ရရင် အဲ့လေယာဉ်လဲ ပျံသန်းလို့မရစေရဘူး.."

"ဟမ်.....ဖူး ဟားဟား..."

လူအုပ်ကြီးဆီမှ လှောင်ရယ်သံတို့မှာ ပိုမို ကျယ်လောင်လာလေသည်။

"မင်းက ရူးနေတာလား..ဒါမှ မဟုတ် ဂေါက်နေတာလား..မင်း လေယာဉ်ပေါ် မတက်ရတာနဲ့ ခရီးစဉ်က ဘာလို့ ဖျက်သိမ်းခံရမှာ .."ကျောက်ကျိုန်းရန် လှောင်ပြောင်ထေ့ငေါ့လိုက်သည်။

လင်းရီကတော့ အရေးမစိုက်စွာ ပခုံးတွန့်လိုက်ပြီး "မယုံလည်း စောင့်ကြည့်ပေါ့.."

"သရုပ်ဆောင်နေတာကတော့ အကယ်ဒမီဆုတောင် ပေးရလောက်တယ်..ကိုယ့်ကိုယ်ကို ဘာကောင်များ မှတ်နေလဲ

မသိဘူး..ရုပ်လေး ချောတာနဲ့ပဲ ဘာမဆို လုပ်လို့ ရတယ်များ ထင်နေတာလား.."

"ငါ့အထင်တော့ သူ အရှက်ပြေ ပြောလိုက်တယ် ထင်တာပဲ..."

"ဖြစ်နိုင်တယ်..သူ့ကောင်မလေးက လူရှေ့မှာ အလျှောင်ခံလိုက်ရတယ် ဆိုတော့ သူ့ရဲ့ မာနကို ကာကွယ်ဖို့ နည်းလမ်းတစ်မျိုး စဉ်းစားရမှာပဲလေ.."

"လေယာဉ်က ခဏနေဆို ပျံသန်းတော့မှာ..အဲ့ခါကျရင် ဒီကောင် မျက်နှာ ဘာလိုတွေ ဖြစ်သွားမလဲဆိုတာ ကြည့်ချင်စမ်းပါဘိကွာ..."

လူတိုင်း သူမတို့ကို ကြည့်ပြီး ရယ်မောနေကြသည်ကို မြင်တော့ ကျီချင်းရန် အနည်းငယ် စိုးရွံ့လာခဲ့သည်။

လင်းရီ...ရှင့်ရဲ့ မျက်နှာ ညှိုးငယ်မှာထက် ကျွန်မသာ သေပစ်လိုက်ချင်တယ်။

တစ်ဖက်ရှိ လင်းရီကတော့ ခုံပေါ်တွင် သက်တောင့်သက်သာ ထိုင်နေပြီး မည်သည်ကိုမျှ စိုးရိမ်နေဟန် မဖြစ်ချေ။

အခြားလူများ၏ လှောင်ပြောင်မှုများက သူ့အပေါ် လုံးဝ မကျရောက်နေသကဲ့သို့ပင်။

လင်းရီ စာရိုက်နေသည်ကို မြင်တော့ ကျီချင်းရန်မှ "လင်းရီ..တကယ်ပဲ ပြဿနာ မရှိဘူးလား..."

"ဒီတိုင်း လေယာဉ် မပျံသန်းတာပဲလေ..ဘာဆိုင်လို့ ပြဿနာရှိရမှာ..."

ထိုသို့ပြောရင်း လင်းရီ ချင်းဟန့်ထံ ဝီချက်မှ တစ်ဆင့် စာတစ်စောင် လှမ်းပို့လိုက်သည်။

လျှန်ကျင်းမင်မှာ ချင်းဂန်နှင့် ရှိနေသောကြောင့် ထိုကောင်မှ တစ်ဆင့် သတင်းစကား ပါးခိုင်း၍ရသည်။

"နင်ငါ့ကို လိမ်နေတာတော့ မဟုတ်ဘူးမလား..."

"ငါမင်းကို ဘယ်တုန်းက လိမ်ဖူးလို့လဲ.."

ကျီချင်းရန် နှုတ်ခမ်းကိုက်မိလိုက်သည်။

နင်က မညာဘူး..ဒါပေမယ့် ငါ့ကိုတော့ အမြဲတမ်း အရူးလုပ်နေတယ်လေ၊..

"ဟမ့်..အဲ့လို စနောက်ရတာ ပျော်ဖို့ကောင်းတယ်များ မှတ်နေတာလား.."ကျောက်ကျိန်းရန် ပြောလိုက်ပြီး "ငါတို့ခဏနေ လေယာဉ်တက်ရင် မင်းပဲ မျက်နှာ ဖြတ်ရိုက်ခံရမှာ..."

"ဟုတ်လား..ငါတော့ မျက်နှာဖြက်ရိုက်ခံရမယ့်သူက ငါဖြစ်မယ်လို့တော့ မထင်ပေါင်..."လင်းရီ မထီပြုံး ပြုံးလိုက်ပြီး

"စေတနာနဲ့ သတိပေးရရင် မင်းတို့ကောင်တွေက လေယာဉ်ပေါ်လည်း တက်ရသေးတာ မဟုတ်ဘူးနော်..စကားပြောရင်လည်း ဂယ်ပေါက်လေး တစ်ခုလောက်တော့ ချန်ပြီးမှ ပြောသင့်တယ် ..မဟုတ်ရင် သောက်ရှက်ကွဲတော့မှာ..."

"ဟမ့်...စောင့်ကြည့်ကြတာပေါ့ကွာ.."ကျောက်ကျိန်းရန် လက်နှစ်ဖက်ကို ဖြန့်ကားလိုက်ပြီး "မင်းငါ့မျက်နှာကို ရိုက်နိုင်ပါစေလို့ မျှော်လင့်တာ..မဟုတ်လို့ကတော့...."

တင်းတောင်...

ထိုအချန်တွင် ထွက်ခွာမည့် ဟောခန်းထဲတွင် အသံတစ်သံ ပျံ့လွင့်လာခဲ့သည်။

"ချစ်ခင်လေးစားရပါသော ခရီးသည်များခင်ဗျာ...အမေရိကန်ပြည်ထောင်စု အော်လန်ဒိုသို့ ပျံသန်းမည့် လေယာဉ် MU5305 မှာ နည်းပညာ ချို့ယွင်းချက်ကြောင့် ပျံသန်းမှုကို ရပ်ဆိုင်းထားရပါသည်။ ထို့ကြောင့် မိနစ် ၂၀ ခန့်စောင့်ဆိုင်းပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါသည်."

အခန်း(၂၉၇)

ကြေညာချက်ကို ကြားပြီးနောက် ဟောခန်းထဲရှိ
လှောင်ပြောင်ရယ်မောသံများ ရုတ်ချည်းဆိုသလို
တိတ်ကျသွားခဲ့သည်။

သူတို့ ခုလေးတင် ချက်ကင်
ဝင်ထားကြတာလေ..လေယာဉ်က နည်းပညာ ချို့ယွင်းမှု
ဖြစ်နေပြီတဲ့လား.. ဘယ်လိုရလဲဟ..

ကျိချင်းရန်၏ သမင်မျက်လုံးလေးများမှတော့ အံ့အားသင့်စွာ
ဝိုင်းစက်သွားခဲ့သည်။ လင်းရှီ လေယာဉ် ပျံသန်းချိန်ကို
ရွှေ့ဆိုင်းနိုင်လိမ့်မည်လို့ ထင်မှတ်မထားခဲ့ချေ။

ဒီလိုကိစ္စမျိုးက ပိုက်ဆံရှိရုံနဲ့ လုပ်နိုင်တဲ့ အမှုမျိုး
မဟုတ်ဘူးလေ..

ထို့ပြင် ထိုလင်းရှီမှာလည်း တစ်ချိန်လုံး ထိုင်ခုံပေါ်၌
သက်တောင့်သက်သာထိုင်နေပြီး ဘာမျှ ထူးထူးခြားခြား
ပြုလုပ်ထားဟန်မပေါ်ပေ။
သူ ဘယ်လိုများ လေယာဉ်ချိန်ကို ရပ်ဆိုင်းလိုက်ပါလိမ့်

"ဘယ်လိုလဲ ဒါရိုက်တာကျောက်..မျင်နှာ စပ်ဖျင်းစပ်ဖျင်း
ဖြစ်သွားရဲ့လား.."
လင်းရှီ အပြုံးလေးဖြင့် ပြောလိုက်သည်။

ကျောက်ကျိန်းရန် နေရာမှာတင် အေးခဲသွားပြီး
ကိုးရို့ကားယား ဖြစ်သွားတော့၏။
သူ၏ မောက်မာနေသည့် အမူအရာမှာ ချက်ချင်း
ချွေးစေးများ စီးကျလာကာ ဂနာမငြိမ် ဖြစ်လာတော့သည်။

တိုက်ဆိုင်သွားတယ် ဆိုရင်တောင်မှ ဒါကြီးက မလွန်လွန်းဘူးလားဟ..

"မင်းက လေယာဉ်တစ်ခါမှ မစီးဖူးတဲ့ ကောင်လား..တစ်ခါတစ်လေ လေယာဉ်ချိန် နောက်ကျတာ မထူးဆန်းပါဘူး...တိုက်ဆိုင်သွားတာကိုများ ဘာတွေလာပြီး ဖီးတက်ပြနေတာ.."

"မယုံလည်း နေပေါ့..ဘာပဲပြောပြော ငါလည်း အလျင်လိုနေတဲ့ ကောင်မှ မဟုတ်တာ.."

လင်းရီ ဖုန်းကိုင်ပြီး ကျီချင်းရန်ကို ကြည့်၍ "ချင်းရန် PUBG ဆော့မလား..ကြက်သားကျွေးမယ်လေ.."

"တော်ပါပြီ..ငါမှ မဆော့တတ်တာ..."ကျီချင်းရန် ပြောလိုက်ပြီး "ငါတို့ ကိုးရီးယား ရုပ်ရှင် ကြည့်ကြရင်ကော ...အဲ့တာ ကြည့်ရင်း အချိန်ဖြုန်းလို့လည်း ရတာပဲလေ..."

"ဒီတော့ မင်းက ကိုးရီးယားနဲ့ ဂျပန်ကားတွေ ကြိုက်တယ်ပေါ့...တိုက်ဆိုင်လိုက်တာ ကိုယ်ကလည်း ဂျပန်ကားဆို ကြိုက်မှကြိုက်..."လင်းရီ ပြောလိုက်ပြီး "ငါလည်း အရင်တုန်းက အမေရိကန်တို့လို အင်္ဂလိပ် ရုပ်ရှင်တွေ ကြည့်သေးတယ်..ဒါပေမယ့် ဂျပန်ကားတို့ ကိုးရီးယားကားတို့လောက် မတိုးဘူး..."

"တကယ်..."ကျီချင်းရန် ရှင်မြူးသွားပြီး "အဲ့လိုဆို ခုတလော ခေတ်စားနေတဲ့ ကမ္ဘာနှစ်ဖက်ဆိုတဲ့ ရုပ်ရှင် ကြည့်ကြမယ်လေ..တော်တော်လေးကောင်းတယ်လို့ တော့ ပြောကြတာပဲ.."

"ရတာပေါ့..ခဏ ရှာလိုက်ဦးမယ်..."

လင်းရီ ဖုန်းဖွင့်ပြီး ကျီချင်းရန်နှင့် အတူ ကိုးရီးယားကား ကြည့်နေလိုက်၏။

ကျီချင်းရန်ကတော့ ယခု အကြံညဏ်ကို လွန်စွာ သဘောတွေ့နေလေသည်။ သူမ အမေရိကားသို့ ရောက်မရောက် စိတ်မဝင်စားပေ။ လင်းရီနှင့်သာ အတူရှိနေခွင့်ရှိမယ်ဆိုပါက အရာအားလုံး အဆင်ပြေ၏။

"ဟမ့်...ဆိုဒ်ထုတ်နေတယ်..မိနစ် ၂၀ ပြည့်ရင် ဘာဆက်လုပ်နိုင်မလဲဆိုတာ ကြည့်ကြတာပေါ့.."

အခြားခရီးသည်များကလည်း လေယာဉ်ချိန် စောင့်ဆိုင်းနေရသောကြောင့် ဝန်ထမ်းများကို မြည်တွန်တောက်တီးနေကြသည်။

သို့တိုင်အောင် သူတို့စိတ်ထဲ လင်းရီကြောင့်လားဆိုတာ မတင်မကျ ဖြစ်နေကြလေသည်။

ကျောက်ကျိန်းရန်လည်း ထိုနည်းတူပင်။ လေယာဉ်ချိန် ခေတ္တ ရပ်ဆိုင်းသည်မှာ သိပ်မထူးဆန်းသောကြောင့် တိုက်ဆိုင်သွားသည်ဟုသာ သဘောထားလိုက်၏။

ထို့ကြောင့် ရွေးချယ်စရာမရှိ အများနည်းတူ စောင့်ဆိုင်းရတော့သည်။

မိနစ် နှစ်ဆယ်ကြာပြီးနောက် လင်းရီနှင့် ကျီချင်းရန်တို့မှာ ဇာတ်လမ်းထဲ စီးမြောနေကြပြီး ကျောက်ကျိန်းရန်ကိုပင် လုံးလုံးလျားလျား မေ့လျော့နေကြ၏။

"ဒီအနမ်းလေးက မဆိုးဘူးထင်တာပဲ..ငါတို့ကော စမ်းကြည့်သင့်လား..."

"နင်နော်..ပေါက်တတ်ကရတွေ ဆက်ပြောနေလို့ကတော့ ဆွဲဆိတ်မိတော့မှာ..."ကျီချင်းရန် မျက်နှာလေး ရဲလျက် ပြန်ပြောလိုက်သည်။

"လူကြီးလူကောင်းတွေက ဘယ်တော့မှ လက်မပါဘူးတဲ့ "

"ဒါပေမယ့် ငါက အမျိုးသမီးလေ..."
ကျီချင်းရန် လက်သီးသေးသေးလေး ဆုပ်လျက် လင်းရီ ပခုံးကို ထုထည့်လိုက်သည်။

ကျောက်ကျိန်းရန်ကတော့ နှစ်ယောက် ကလူကျီစယ်နေကြသည်ကို အံတင်းတင်းကြိတ်၍ ကြည့်ရင်း "လင်းရီ မိနစ်နှစ်ဆယ်ပြည့်လို့ ငါတို့ လေယာဉ်ပေါ်တက်တော့မယ်..မင်း ဘာပြောချင်သေးလဲဟျောင့်..."

"အိုး..ဟုတ်လား..ဇာတ်လမ်းထဲ အာရုံရောက်နေတော့ အဲ့ဒါကိုတောင် မေ့သွားတယ်.."

ကျောက်ကျိန်းရန် သူ့လက်ထဲရှိ လက်မှတ်ကို ဝေ့ရမ်းပြလိုက်ပြီး "မေ့လည်း အဆင်ပြေပါတယ်..မင်းတို့နှစ်ယောက်က ဆက်ကြည့်နေကြ..ငါတို့တော့ လေယာဉ်လေးနဲ့ ငြိမ့်ပြီး အမေရိကားကို သွားလိုက်ဦးမယ်..."

"အဲ့လောက်ကြီးလည်း မလောပါနဲ့ဦးဟ.."

လင်းရီ ဖုန်းထဲရှိ ချင်းဟန်၏ နံပါတ်ကို နိတ်ကာ "သူ့ကို ငါ့အတွက် လေယာဉ် ရပ်ဆိုင်းထားခိုင်းလိုက်ဦး.."

"ဘယ်အချိန် ပြန်ဖွင့်ပေးရမလဲ ဆိုတာကတော့ ငါ့စိတ်အခြေနေပေါ် မူတည်တယ်... "

ညွှန်ကြားချက်များပေးပြီးနောက် လင်းရီ ဖုန်းတန်းချလိုက်သည်။

ထိုအခါ လူတိုင်း လင်းရီကို ရှုပ်ထွေးသည့် အကြည့်တို့ဖြင့် ကြည့်နေလေသည်။

လေယာဉ်ချိန် ရွှေ့ဆိုင်းလိုက်တာ တကယ်ကြီး သူ့ကြောင့်ပဲလား...

ကျောက်ကျိန်းရန်လည်း ခေါင်းမာစွာဖြင့် မယုံကြည်ခဲ့။ ထို့ကြောင့် အေးစက်စွာ နှာခေါင်းရှုံ့လိုက်ပြီး "နှိုးထတော့ ညီကို ဒါရုပ်ရှင်ရိုက်နေတာ မဟုတ်ဘူး..ကိုယ့်ကိုယ်ကို

စောက်ဆရာကြီးများ မှတ်နေတာလား..မိနစ်
နှစ်ဆယ်လောက်ရွှေ့ဆိုင်းထားတာက
တိုက်ဆိုင်သွားတာကိုများ ဖုန်းဆက်ပြီး  သောက်ကြီး
သောက်ကျယ်တွေ လုပ်ပြနေတယ်..."

လူတိုင်း ခေါင်းညိမ့်လိုက်ကြသည်။ အကယ်၍
လေယာဉ်ချိန်ကိုတောင်မှ စိတ်တိုင်းကျ ပြုလုပ်နိုင်နေပြီ
ဆိုမှတော့ ကိုယ်ပိုင် လေယာဉ်သပ်သပ်တစ်စီး
ယူလို့ရနေပြီဖြစ်၏။ အဘယ်ကြောင့် သူတို့နှင့်အတူ တန်းစီ၍
စောင့်စီးနေဦးမည်နည်း။

ထိုအချက်မှာ လုံးဝ မဖြစ်နိုင်ပေ။

တင်းတောင်...

ထိုအချိန်တွင် လေဆိပ်မှ ကြေညာချက်အသစ်တစ်ခု
ထုတ်ပြန်လာလေသည်။

"လေးစားရပါသော
ခရီးသည်များခင်ဗျာ....အမေရိကန်ပြည်ထောင်စု
အော်လန်ဒိုသို့ ပျံသန်းမည့် လေယာဉ်မှာ နည်းပညာ
ချို့ယွင်းချက်ကြောင့် လက်ရှိ အချိန်တွင် ပျံသန်းနိုင်ဦးမှာ
မဟုတ်ပါဘူးခင်ဗျာ....ပျံသန်းမည့် အချိန်အတိအကျကိုတော့
ကျွန်တော်တို့ဘက်က ကြေညာသွားပေးပါ့မယ်...."

ဟစ်....

လူတိုင်း ရှုပ်ထွေးသွားကြ၏။

ထပ်ရွှေ့ဆိုင်းပြန်ပြီလားဟ...

ပြီးတော့ သူတို့ဘက်က ပျံသန်းမယ့် အချိန်ကို တစ်ခါတည်း မကြေညာသွားဘူးဆိုတော့ ပျံသန်းဖို့ မသေချာတော့ဘူးပေါ့..

လူတိုင်း၏ အကြည့်များမှာ လင်းရီထံသို့ ကျရောက်သွားခဲ့ကြသည်။ ဤတစ်ကြိမ်တွင်တော့ အထင်သေးသည့် အကြည့်များနှင့် မဟုတ်ဘဲ မယုံနိုင်သည့် အကြည့်များနှင့်ပင်။

ဒီရဲ့ ခပ်ချောချောကောင်လေးက လေယာဉ်ချိန်ကို စိတ်ကြိုက် လုပ်လို့ရတဲ့ အခွင့်အာဏာ ရှိတယ်ပေါ့လေ...

"ဒါရိုက်တာကျောက်..ပြောတော့ အမေရိကားကို သွားမယ်ဆို..ဘာရပ်လုပ်နေတာလဲ..သွားလေ.."လင်းရီ ပြုံးလိုက်ပြီး "ဒါမှ မဟုတ် သဘောစီးပြီးသွားပါလား..တစ်လလောက် ရွက်လွှင့်ပြီးရင် အမေရိကားကို ရောက်ကောင်စလောက်ပေါ့..."

"မင်း...."
ကျောက်ကျိုန်းရန်၏ ခန္ဓာကိုယ်မှာ တဆတ်ဆတ် တုန်ခါနေပြီး ဒေါသကြောင့် ဆံပင်များမှ ညော်နံ့ပင် ထွက်လာခဲ့သည်။

လေယာဉ်ချိန်မှာ နှစ်ခေါက် ရွှေ့ဆိုင်းခံလိုက်ရသောကြောင့် သေချာပေါက် တိုက်ဆိုင်မှု မဖြစ်နိုင်တော့ချေ။

ကျောက်ကျိုန်းရန်၏ မျက်နှာ အရှက်ရလွန်း၍ နီရဲနေပြီး အလွန်အမင်း ကိုးရို့ကားယား ဖြစ်နေတော့သည်။

"ဆာ..ကျုပ်က အော်လန်ဒိုကို အလုပ်ကိစ္စနဲ့ ခရီးသွားမှာဗျ..ခင်များတို့ နှစ်ယောက်ကြားထဲက ရန်ငြိုးတွေကြောင့် ကြားထဲက အပြစ်မရှိသူတွေကို မထိခိုက်စေချင်ဘူးဗျာ.."

"အပြစ်မရှိဘူး.."

လင်းရီ သက်လတ်ပိုင်းလူကို ကြည့်၍ "ကျုပ်ကောင်မလေးကို လှောင်ရယ်တာကျ အပြစ်ကင်းစင်တယ်ပေါ့..ခင်များသားကို ဒီသောက်ရူးဆီက သင်ယူခိုင်းတာလည်း အပြစ်ကင်းတယ်ပေါ့..ဆက်ပြီး သင်ယူခိုင်းလိုက်လို့.."

"ဒါ...."

"ဆာ..ကျုပ်တကယ် အလျှင်လိုနေလို့ပါ...သဘောထားကြီးပေးပါလား ဆာရယ်...."

လင်းရီ ပခုံးတွန့်လိုက်ပြီး "ဒါရိုက်တာကျောက်ပဲ တိုက်ဆိုင်တယ်လို့ ပြောတာ မဟုတ်ဘူးလား..ကျုပ်မှာ လေယာဉ်ချိန်ကို ကြိုက်သလို စီမံဖို့ အဲ့လို အခွင့်အာဏာမျိုး မရှိပါဘူး...ဒါကြောင့်မို့ သူ့ကို သွားပြောချည်..."

ချက်ချင်းဆိုသလို လူအုပ်ကြီး၏ အကြည့်မှာ ကျောက်ကျိန်းရန်ထံ ကျရောက်သွားပြီး မီးဝင်းဝင်းတောက်နေသော အကြည့်များဖြင့် ကြည့်လာကြသည်။

"ဆာ...ခင်များက ဒီကိစ္စကို စခဲ့တာဆိုတော့ သူ့ကို တောင်းပန်ပြီးတော့ ကျုပ်တို့ကို လေယာဉ်စီးလို့ ရအောင် လုပ်ပေးပါလား.."

"ငါ့က တောင်းပန်ပေးရမယ်"
ကျောက်ကျိန်းရန် နှာခေါင်းရှုံ့လိုက်ပြီး "ငါဘယ်သူလဲဆိုတာ သိလား...ဘယ်လိုတောင်ငါ့ကို တောင်းပန်ခိုင်းရဲတာလဲကွ..."

"ခင်များဘယ်သူ ဆိုတာလည်း ကျုပ် သောက်ဂရုမစိုက်ဘူး..လေယာဉ်စီးလို့ရရင် ပြီးရောပဲ.."

"ငိုးပဲလေ..မင်းငါကို အဲ့လို လေသံနဲ့ ပြောရဲတယ်ပေါ့..မင်းကို သတ်မယ်ကွ..."

"ဘော့စ်ကျောက်..စိတ်လျှော့ပါဦးဗျ..."ချိန်နန်ခြေတစ်လှမ်း ရှေ့တိုး၍ မျက်မှောင်ကုပ်လိုက်ပြီး "ကျွန်တော့် အထင်တော့ ဒီကနေ့ ကိစ္စက မရိုးရှင်းဘူး ထင်တယ်.....တခြား လေယာဉ် ပြောင်းစီးဆို့ဗျာ..."

ကျောက်ကျိန်းရန် လက်သီးကျစ်ကျစ်ပါအောင် ဆုပ်လိုက်သည်။ လင်းရီသူ့ကို အကြိမ်ကြိမ် ပါးဖြတ်ရိုက်နေသည်မှာ များနေချေပြီ။

ထို့ပြင် ပိုပြီး အားမလိုအားမရ ဖြစ်မိသည်က ယခု အခြေနေနှင့် စပ်လျဉ်း၍ သူဘာမျှ မတတ်နိုင်ခြင်းကိုပင်။

"လမ်းဖယ်ကြမယ်..လမ်းဖယ်ကြမယ်..."

ကျောက်ကျိုန်းရန် ထွက်ခွာတော့မည့် အချိန်တွင် လူအုပ်ထဲမှ အသံတစ်သံထွက်လာခဲ့၏။

"ချင်းကြီး မင်းကိုး..."

ချင်းဟန် ကျောက်ကျိုန်းရန်ကို တစ်ချက်ကြည့်ပြီး ဘာမျှ မပြောချေ။ သူ လျန်ကျင်းမင်ကို ကြည့်၍ "လျန်..မင်းပဲ ကြည့်လုပ်လိုက်တော့ကွာ..."

လျန်ကျင်းမင် ခေါင်းညိမ့်လိုက်ပြီး "အားလုံးပဲ..ကျုပ် ကိုယ့်ကိုယ်ကို အရင် မိတ်ဆက်ပေးပါရစေ..ကျုပ်နာမည်က လျန်ကျင်းမင်..ပြီးတော့ ဒီလေကြောင်းလိုင်းရဲ့ အထွေထွေ မန်နေဂျာပါ.....ရှင်းဟွာ လေကြောင်းလိုင်းဆိုတာကလည်း ကျုပ် မိသားစုရဲ့အပိုင်ပါပဲ.."

"ကောင်းတာပေ့ါ..."ကျောက်ကျိုန်းရန် ပြောလိုက်ပြီး "မင်းက ချင်းကြီးရဲ့ ဘော်ဒါဆိုတော့ ငါ စကားအပိုတွေ မပြောတော့ဘူး..ဒီမှာ တစ်ယောက်ယောက် ပြဿနာ လာရှာနေတယ်.. .မင်းကိုင်တွယ်လိုက်.."

"စိတ်မရှိပါနဲ့..အစ်ကိုကြီးလင်းက ကျုပ်သူငယ်ချင်း..ပြီးတော့ လေယာဉ်ချိန် ရွှေ့ဆိုင်းဖို့လည်း သူကပဲ အမိန့်ပေးခဲ့တာ

ဆိုတော့ ခင်များက ကျုပ်ကို
ဘာသွားကိုင်တွယ်စေချင်တာ…"

အခန်း (၂၉၈)

"ဘာပြောလိုက်တယ်…မင်းက အမိန့်ပေးလိုက်တယ်…"

"အမှန်ပဲလေ..မင်းက ဘယ်သူလို့ ထင်နေတာ.."

ကျောက်ကျိန်းရှန် ချင်းဟန်ကို ကြည့်လိုက်ပြီး
"ချင်းကြီး..ဒါမင်းပုံစံ မဟုတ်ပါဘူးကွ..ငါတို့ သိလာတာဖြင့်
ဒီလောက်ကြာနေပြီကို…မင်းငါ့ကို မျက်နှာသာ
မပေးချင်တော့ဘူးလား…"

ကျောက်ကျိန်းရှန် လျန်ကျင်းမင်နှင့် ကောင်းကျုံးယွမ်တို့ကို
မရင်းနှီးသော်လည်း ချင်းဟန်နှင့်သော ရင်းနှီးပေသည်။

မိသားစု နှစ်ခုမှာ အဆက်အသွယ်များ ရှိကြ၏။ မဟုတ်ပါက
ချင်းဟန်မှာ သူတို့ ကျောက်မိသားစု၏ လေလံတင်ပွဲသို့
လာခဲ့လိမ့်မည် မဟုတ်ချေ။

အထက်တန်းလွှာ အသိုင်းအဝိုင်းတွင်တော့
ဆက်ဆံရင်းနှီးမှုများမှာ သာမန်လူတန်းစားများနှင့်
မတူညီချေ။

အကယ်၍ လူတစ်ယောက်က သင်၏ မင်္ဂလာပွဲသို့ တက်ရောက်မည် ဆိုပါက ထိုလူနှင့် သင်တို့ နှစ်ဦးကြားရှိ ရင်နှီးမှုကို ရှင်းလင်းစွာ သိနိုင်လေသည်။ ထိုလူက သင်နှင့် ရင်းနှီး၍ ပွဲလာတက်သည်။

သို့သော်လည်း အကျိုးမြတ်ကိုသာ ပဓာနထားသည့် အထက်တန်းလွှာအသိုင်းအဝိုင်းတွင်တော့ မည်သူကမျှ မက်လောက်စရာ အကျိုးမြတ်မရှိပဲ စောစောထကြလိမ့်မည် မဟုတ်ချေ။

ထို့ကြောင့် ကျောက်ကျိန်းရန်နှင့် ချင်းဟန်တို့ကြားရှိ ဆက်ဆံရေးမှာ ထင်သလောက် ကောင်းမွန်ခြင်း မရှိကြ။

"ငါတို့ သိလာတာကြာပြီ..ဒါပေမယ့် ငါလုပ်ပေးနိုင်တာ ဘာမှ မရှိဘူး..ငါနဲ့ လင်းကြီးရဲ့ ရင်းနှီးမှုက မင်းထင်ထားတာထက် ပိုကောင်းတယ်..ဒီတော့ ဆောတီးပါလို့ပဲ ပြောနိုင်တယ်..."

ကျောက်ကျိန်းရန် ကျန်သူများကို အကြောက်ရွံ့ကင်းမဲ့သည်ဟု ဆိုသော်လည်း ချင်းဟန်ကိုလည်း ထို့အတူပဲလို့တော့ မဆိုလိုချေ။

ချင်းမိသားစုနှင့် ကျောက်မိသားစုမှာ တစ်တန်းတည်းရှိ၏။

ယခု သူပါ ပါဝင်လာပြီဆိုတော့ ကိစ္စများမှာ ထင်သလောက် လွယ်ကူ ရိုးရှင်းတော့မည် မဟုတ်ပေ။

ကျောက်ကျိန်းရန် မျက်လုံးများ ကျဉ်းမြောင်းပြီး လင်းရီကို ကြည့်လိုက်၏။

"ဒီကနေ့ ငါရှုံးတယ်လို့ ဝန်ခံတယ်..ဒါပေမယ့် နောက်တစ်ခေါက်ထပ်တွေ့ရင်တော့ ဒီလိုဖြစ်မှာ မဟုတ်ဘူးလို့ မှတ်ထားလိုက်..."

"ဒါက ငါ့အိမ်လည်း မဟုတ်ဘူး..မင်းဘာမင်း ဘာလုပ်လုပ် စိတ်မဝင်စားဘူး..ဒါပေမယ့် ဒီကနေ့ တခြား ခရီးသည်တွေ လေယာဉ်ပေါ် တက်ခွင့် ရှိမရှိက မင်းငါ့အပေါ် တောင်းပန်လား မတောင်းပန်ဘူးလား ဆိုတဲ့ပေါ် မူတည်တယ်နော်..ဘာလုပ်မလဲဆိုတာတော့ မင်းကပဲ ဆုံးဖြတ်...ဘာပဲပြောပြော ငါက ဒီတိုင်း အပျော်သပ်သပ် သွားမှာ ဆိုတော့ တစ်ရက် နှစ်ရက်လောက် နောက်ဆုတ်လိုက်ရလည်း ဘာမှ ဖြစ်မသွားဘူး...."

ရုတ်ချည်းဆိုသလို လေယာဉ် ပျံသန်းဖို့ရာ စောင့်ဆိုင်းနေကြသည့် ခရီးသည်များ၏ အကြည့်များမှာ ကျောက်ကျိန်းရန်ထံသို့ ကျရောက်သွားခဲ့သည်။

လင်းရီ အလျင်မရှိသော်လည်း တခြားသူများလည်း အရေးမကြီးဟု မဆိုလိုပေ။

အကယ်၍ သူသာ လေယာဉ်ချန်ကို တစ်ရက် ရွှေ့ဆိုင်းလိုက်မည် ဆိုပါက သူတို့၏ အစီအစဉ်များစွာကို ကမောက်ကမ ဖြစ်သွားစေလိမ့်မည်။

ထို့ကြောင့် မည်သို့ပင် ဖြစ်နေစေကာမူ သူတို့ ယနေ့ လေယာဉ်ပေါ်သို့ တက်ကို တက်ရပေမည်။

"ဒါရိုက်တာကျောက်..ဒီက အခြေနေတွေ သိပ်မဟန်တော့ဘူး တူတယ်..ကျုပ်တို့ ခု ဘယ်လို လုပ်ကြမလဲ.."ချီနန်၏ လေသံမှာ အလွန်အမင်း လေးနက်နေသည်။

"ဘာလုပ်လို့ရမှာ..သွားစို့.."

ကျောက်ကျိုန်းရန်နှင့် ချွီန်တို့ ဒီတိုင်း ထွက်သွားသည်ကို မြင်တော့ ဘေး၌ ရပ်စောင့်နေကြသူများ ချက်ချင်း ဒေါသထွက်လာပြီး "ဟျောင့်..အဲ့မှာ ရပ်ပြီး တောင်းပန်လိုက်စမ်း..ငါတို့ကို လေယာဉ် စီးလို့ မရအောင် မလုပ်နဲ့.."

သူတို့နောက်မှ လူအများကြီး ပြေးလိုက်လာနေသည်ကို မြင်တော့ ကျောက်ကျိုန်းရန်နှင့် ချွီနန်တို့ ခြေလှမ်းများကို အရှိန်တင်လိုက်ကြသည်။

အကယ်၍ သူတို့သာ ဖမ်းမိသွားပါက လင်းရီကို တောင်းပန်ရမည်မှာ မလွဲမသွေပင်။

ထိုသို့ ဖြစ်လာမည်ဆိုပါက သူ သေချာပေါက် အနိုင်ကျင့်ခံရပေတော့မည်။

လူများစွာမှ သူတို့နောက် ပြေးလိုက်ရင်း ကျောက်ကျိုန်းရန်နှင့် ချွီနန်တို့ အမှီးကုပ်ပြီး ထွက်ပြေးသွားကြသည်ကို မြင်တော့ ချင်းဟန် ရယ်မောလိုက်ပြီး "လင်းကြီး..မင်းက အကောင်းဆုံးပဲဟျောင့်..အဲ့ မျိုးမစစ် ကျောက်ကျိုန်းရန်ကို ဦးချိုးပစ်လိုက်တာ မိုက်တယ်ကွာ..."

"ငါ့ကြောင့်တော့ မဟုတ်ပါဘူးကွာ..လျန်ကြီးကိုပဲ ကျေးဇူးတင်ရမှာ.."လင်းရီ ပြောလိုက်၏။

"အစ်ကိုကြီးလင်းက ကြင်နာလွန်းနေပါပြီ...ကျုပ်တို့က တစ်လှေတည်း စီးနေကြတဲ့သူတွေပဲ မဟုတ်လား...ဒီလောက်လေးကတော့ ထည့်ပြောမနေပါနဲ့ဗျာ..."

"ဒါပေမယ့် ဒီကိစ္စကြောင့် မင်းနဲ့ ကျောက်ကျိန်းရန် ရန်သူတွေ ဖြစ်သွားတယ်လေကွာ..."

"အစ်ကိုကြီးလင်းက မသိလို့ ဒီလိုတွေ ပြောနေတာ.."လျန်ကျင်းမင် ပြောလိုက်ပြီး "ကျိုးဟိုင်မှာ ရှိတဲ့ ချမ်းသာတဲ့ ဒုတိယမျိုးဆက်တွေဆိုတာကလည်း ဂိုဏ်းတွေနဲ့ ဖွဲ့စည်းထားတဲ့ လူတွေလိုပဲ..အချင်းချင်း မတည့်ကြဘူး...ကျောက်ကျိန်းရန်ဆိုတာကလည်း ကျုပ်တို့ အသိုင်းအဝိုင်းထဲက မှ မဟုတ်တာ..သူ့ကို အပြင်မှာ မြင်ရင်တောင် အဲ့ကောင်က သောက်ကြီးသောက်ကျယ်နဲ့..စ ကတည်းကနေကို သဘောမကျတာ..."

"လျန်ကြီးပြောတာ မှန်တယ်.."ကောင်းကျုံးယွမ်၏ အသံမှာ ဘေးမှ ထွက်လာခဲ့သည်။

"ကျုပ်တို့လည်း အဲ့ကောင်ကို ကြည့်မရဖြစ်နေတာ ကြာပြီ..ဒါပေမယ့် လုပ်နိုင်တာ ဘာမှ မရှိလို့..ဒီနေ့ အစ်ကိုကြီးလင်းနဲ့တွေ့မှပဲ အဲ့ကောင် အမြီးကုပ် ပြေးသွားတယ်ဆိုတော့ ကြည့်ရတာ အရသာရှိလိုက်တာဗျာ... "

"တော်ပြီဟျောင့် အဲ့ကောင်အကြောင်း
ပြောမနေနဲ့တော့..နားကျက်သရေ ယုတ်တယ်.. "
ချင်းဟန်ပြောပြီးနောက် ကျီချင်းရန်ကို ကြည့်ကာ "သူက
မင်းငါ့ကို ပို့လိုက်တဲ့ ဓာတ်ပုံထဲက မိန်းကလေးမလား..."

"မင်းမှတ်ဉာဏ်ကတော့ မဆိုးဘူးပဲကွ..ဘယ်လောက်တောင်
ကြာနေပြီလဲ..."လင်းရီ အပြုံးလေးဖြင့် ပြောလိုက်သည်။

"လင်းကြီး မင်းကတော့ မရိုးသားဘူးနော..."

ချင်းဟန် ပြောလိုက်ပြီး "ငါတို့ သိလာတာဖြင့်
ကြာလှပြီ....အတူတူမိုက်ကြပါမယ်ဆိုမှ မင်းက
တိတ်တိတ်လေး ကောင်မလေးတစ်ယောက်
ရှာလိုက်တယ်တဲ့ကွာ..ဘယ်လိုတောင် မရိုးသားတဲ့
ကောင်လဲကွ..."

ကျီချင်းရန် မျက်နှာလေး ရဲလာခဲ့သော်လည်း မရှင်းပြခဲ့ချေ။
ချင်းဟန်တို့ကို အထင်လွဲသည့်အတိုင်းသာ
လွှတ်ထားလိုက်တော့၏။

"ငါနေ့တိုင်း Didi မောင်းနေတာ အလကားများ မှတ်နေလား..."

လင်းရီ၏ စကားလုံးများက ကျီချင်းရန်အား တစ်စုံတစ်ခုကို
သတိရသွားစေသည်။

သူမနှင့် လင်းရီတို့ ဆုံစည်းခဲ့ကြသည်မှာလည်း Didi
ကြောင့်ပင်။

ထိုစဉ်အခါက သူမမှာ လင်းရီ၏ ပထမဆုံး ခရီးသည် ဖြစ်ခဲ့လေသည်။

"ဟယ်လို မရီး ..ကျွန်တော့် နာမည်က လျှန်ကျင်းမင်ပါဗျ...နောက်မှပဲ မရီးဆီ တစ်ယောက်ယောက်လွှတ်ပြီးတော့ VIP ကတ် ပို့ပေးလိုက်ပါ့မယ်ဗျ..ခုကစပြီးတော့ မရီး ကျွန်တော်တို့ လေကြောင်းလိုင်းမှာ စီးရင် ဖရီးပါ..."

တစ်ချိန်တည်းတွင် ကောင်းကျုံးယွမ်လည်း သူ၏ လက်ကို ဆန့်ထုတ်လိုက်၏။

"မရီး ကျွန်တော်ကတော့ ကောင်းကျုံးယွမ်ပါဗျ..ကျွန်တော့်မိသားစုကတော့ စလင်း ကေဘယ်တွေ ထုတ်တာပါ.... တကယ်လို့ အနာဂတ်ကျ သင်္ဘောအကြီးစားကြီးတွေ ဆောက်ချင်တာပဲ ဖြစ်ဖြစ် ..ဘာပဲဖြစ်ဖြစ်  အသိပေးပါဗျ။ ကျွန်တော့်ဘက်က အကောင်းဆုံး ကူညီပေးပါ့မယ်.... "

ကျီချင်းရန်ကတော့ အလွန်အမင်း အံ့အားသင့်လို့ နေတော့၏။

လင်းရီ၏ သူငယ်ချင်းများမှာ ထိုမျှ ကြီးမားသည့် လုပ်ငန်းစုကြီးများမှ ဆက်ခံသူများ ဖြစ်နေလိမ့်မည်လို့ ထင်မထားချေ။

"အိုကေ အိုကေ ငါ မင်းတို့နဲ့ စကား ဆက်မပြောတော့ဘူးကွာ... "လင်းရီ လျှန်ကျင်းမင်ကို

ကြည့်၍ "မင်းလူတွေကို ငါတို့ရဲ့ လက်မှတ် ပြန်စစ်ဆေးပေးဖို့ ပြောလိုက်ဦး..ငါတို့ လုပ်စရာလေးတွေ ရှိသေးတယ်..."

"ကောင်းပြီ အစ်ကိုကြီးလင်း..ကျုပ်အခုပဲ သွားပြောလိုက်မယ်..."

ပျံသန်းရန် စီစစ်ပြီးနောက် လင်းရီ ကျီချင်းရန်နှင့်အတူ ချင်းဟန်နှင့် ကျန်သူများအား နှုတ်ဆက်ပြီး လေယာဉ်ပေါ်သို့ တက်လာခဲ့၏။

ယနေ့ သူတင်ခဲ့သည့် အကူအညီအတွက်ကတော့ အခွင့်ကြုံလာမှပဲ တစ်ဖန် ပြန်အကူညီ ပေးလိုက်တော့မည်။

လေယာဉ်ပေါ်တက်ပြီးနောက် နှစ်ယောက်သား ထိုင်ခုံကိုယ်စီသို့ ဝင်ထိုင်လိုက်ကြပြီး ကျီချင်းရန်မှ "နင်နဲ့ ချင်းဟန်က ဘယ်လိုလုပ်ပြီး ရင်းနှီးသွားကြတာ..ပြီးတော့ ခင်လာတာလည်း တော်တော် ကြာတဲ့ပုံပဲနော်..."

"သူနဲ့ ရင်းနှီးတာ ဘာများ ဆန်းကြယ်နေလို့..."

"သူက ကျိုးဟိုင်မှာ အရမ်းနာမည်ကြီးတာလေ..ဝေ့ပေါ်မှာဆိုလည်း သူ့ရဲ့ ဖန်တွေက အများကြီးပဲ..သူ့အကြောင်း တစ်ချို့ ရေးထားတာတော့ အတော်လေး မာနကြီးတယ်ဆိုပဲ..ဒါပေမယ့် ဒီနေ့ မြင်ရသလောက်တော့ အဲ့လို ပုံစံလည်း မဟုတ်ဘူးပဲနော်..."

"ချင်းဟန်က အဲ့လောက်ကြီးလည်း မဆိုးပါဘူးကါ..တုတ်ထိုးအိုးပေါက် ပြောတယ်ဆိုပေမယ့် ကလိမ်ကကျစ်တော့ မကျဘူး.."လင်းရီ ပြောလိုက်ပြီး "ကျောက်ကျိန်းရန်လို မဟုတ်ဘူး..အဲ့ကောင်က တကယ့်ကို ချီးဘရိန်း..အပြင်ထွက်လာပြီဆိုရင်လည်း တလောကလုံးမှာ သူသာလျှင် သောက်ဆရာကြီးဆိုတဲ့ အထာကြီးနဲ့...အဲ့လိုမြေနိုးကောင်ကမှ အရှုးထောင်နဲ့ ပိုပြီး လိုက်ဖက်တာ..."

"အင်းပါ...ဒါပေမယ့် နောက်ခါကျရင် မဆဲနဲ့နော်..မကောင်းဘူး.."

"ဒါပေါ့..ချင်းရန် ပြောတယ်ဆိုမှတော့ နားထောင်ပေးရမှာပေါ့..."

ကျီချင်းရန် ပြောလိုက်ပြီး "ငါ ကိုးရီးယားကား ကြည့်တော့မယ်..နင်ကတော့ နင့်ဘာနင်ပဲ ဂိမ်းဆော့နေလိုက်.. ဒီခါတော့ မနှောင့်ယှက်တော့ဘူး.."

"အိုကေလေ.."

ကျီချင်းရန် ကိုးရီးယားကား ကြည့်နေစဉ် လင်းရီကတော့ ငြီးငွေ့လောက်သည်အထိ ဂိမ်းဆော့နေလေသည်။

လေယာဉ်မှာ တိုက်ရိုက် ပျံသန်းသည်တော့ မဟုတ်ပဲ ဝါရှင်တန်တွင် တစ်ထောက်နား၏။ သို့တိုင်အောင် အော်လန်ဒို

လေဆိပ်သို့ ရောက်သည်အထိ ၁၅ နာရီလောက်ခန့် လေယာဉ် စီးလိုက်ရ၏။

လေယာဉ်ဆင်းသည့် အချိန်တွင်တော့ အချိန်ကွာဟမှုကြောင့် ည ၁၂ နာရီ ထိုးနေပြီး ဖြစ်သည်။

လေယာဉ်ပေါ်၌ အဝ အိပ်ထားသောကြောင့် လင်းရီတို့ အိပ်ချင်သည်လို့ကို မခံစားရပဲ တက္ကစီးငှား၍ နားနေရန် ဒစ်စနီ ဟိုတယ်သို့ ဦးတည်လိုက်လေသည်။

ကြယ်လေးပွင့် ဟိုတယ်မှုသာ ဖြစ်သော်လည်း ဒစ်စနီဟိုတယ်၏ အပေါ်ပိုင်း ပြတင်းပေါက်မှ ရပ်ကြည့်မည်ဆိုပါက အထဲရှိ ဒစ်စနီ ကာရိုက်တာများကို စုံလင်စွာ ကြည့်ရှုနိုင်လေသည်။
ထို့ပြင် သူတို့ တ-ရုတ်လူမျိုး အများအပြားကိုလည်း မြင်တွေ့နေရ၏။ ထို့ကြောင့် သူတို့အထီးကျန်သည်လို့ မခံစားရတော့ချေ။

"လင်း..နင်က အင်္ဂလိပ်စကား ကောင်းကောင်းမပြောတတ်တော့ ငါ့ဘေးနားမှာ နေနော်..တော်ကြာ လမ်းပျောက်သွားလို့ ငါ့ကို ရှာမရ ဖြစ်နေဦးမယ်…"

အခန်း (၂၉၉)

" ငါက ဘာလို့ ရှာမတွေ့ရမှာ..မင်းလည်း
နှာခေါင်းပေါက်အောက်မှာ ပါးစပ်ပါတာပဲ မဟုတ်ဘူးလား..."

"ဘာလို့လဲဆိုတော့ နင့်ရဲ့ ဘာသာစကားစွမ်းရည်က
ဆိုးဆိုးရွားရွားကြီး မို့လို့ပေါ့ဟဲ့.."ကျီချင်းရန် ဂုဏ်ယူစွာဖြင့်
ပြောလိုက်ပြီး သူမ မျက်နှာထက်တွင်တော့ လင်းရီထက်
သာ၍ ပျော်ရွှင်နေဟန်ကတော့ အထင်းသားပင်။

"Very ကောင်း ..အရမ်း good..နင်က အဲ့လိုပဲ
တ-ရုတ်စကားထဲ အင်္ဂလိပ်ညှပ်သုံး နေတာကိုး.."

"ချင်းရန် မင်းက ငါ့ကို
အထင်လာသေးနေတာပဲကွ..အနည်းဆုံးတော့ ငါက
ဘွဲ့ရပြီးတော့ တက္ကသိုလ်မှာလည်း သင်ခဲ့ရတော့
အင်္ဂလိပ်စကေးက ကောင်းပါသေးတယ်ဟ..."

"ဒါပေမယ့် နင်က ဘွဲ့တစ်ခု တည်းရှိတာလေ..ပြီးတော့
တက္ကသိုလ်မှာ သင်တယ်ဆိုတာကလည်း တိုက်ကွမ်ဒိုလို
အားကစားတွေ..အင်္ဂလိပ်နဲ့ ဘာမှ မဆိုင်တာကို.."

"ကြည့်ရတာတော့ အရင်က ငါ့ကို အထင်တွေ သေးခဲ့လို့
ဘယ်လို ခံခဲ့ရလဲဆိုတာ မမှတ်သေးဘူးနဲ့ တူတယ်..."

"အဲ့တာကခည်း အရင်တုန်းကလေ..ဟွန့် ခုတော့ ငါက ဂျလည်လေး ဖြစ်သွားပြီနော်..နင့်ရဲ့ လှည့်ကွက်တွေက အလုပ်ဖြစ်မှာ မဟုတ်ဘူး..."

"အဲ့တာဆို လောင်းကြမလား..."

"စိန်လိုက်လေ.."ကျီချင်းရှန် အကြောက်အရွံ့ကင်းဟန်ဖြင့် "အခန်းတစ်ခန်း ငှားလိုက်..နင့်ဘာနင် ငှားရမှာနော်...ငါ ဝင်မပြောပေးဘူး..ငှားလို့ရရင် ငါနင်နဲ့အတူ တစ်ခန်းတည်း နေပေးမယ်..."

"မနေချင်ပါဘူးကွ..မင်းက ညသန်ခေါင်ကြီး အိပ်တတ်တဲ့ အကျင့်တွေ ရှိနေရင် ငါက ဘယ်လို သွားအိပ်ရမှာ.."

"ပေါက်တတ်ကရ..."
ကျီချင်းရှန် ရှက်သွေးဖြန်းသွားပြီး "ငါက မဟောက်တတ်ပါဘူးနော်..."

"ဘာပဲပြောပြော ငါတော့ မင်းနဲ့ တစ်ခန်းတည်း အတူ မနေချင်ဘူး..နောက်တစ်ခု ပြန်ပြောင်းတာပေါ့.."

"ငါလည်း နင့်ကို ဘာမှ လုပ်မှာ မဟုတ်ဘဲနဲ့ ဘာလို့ နင်က အဲ့လောက်တောင် ခါးခါးသီးသီး
ငြင်းနေရတာလဲ..."ကျီချင်းရှန် စိတ်ဆိုးသွားပြီး

"မရဘူး..ငါတို့ ဒီည တစ်ခန်းတည်း အတူနေမယ်..ရှုံးတဲ့သူက ကြမ်းပြင်ပေါ်မှာ အိပ်ကြေး .."

"ဟင်း နောက်ဆုံးတော့လည်း ဒါပဲ ရွေးချယ်စရာ ရှိတယ် တူပါရဲ့ကွာ..ဒစ်စနီ ခရီးစဉ်ကတော့ ငါ့လူပျိုရည်ပျက်တဲ့ ခရီးစဉ်လေး ဖြစ်တော့မယ်ထင်တယ်..."

"အွက်.. အွက်..  ရှုံ့ဖို့ကောင်းလိုက်တာ..အဲ့စကားက ငါပြောရမယ့် စကားတွေပါနော်..."ကျီချင်းရန် လင်းရီကို အထင်တသေးဖြင့် ကြည့်လိုက်သည်။

"မြန်မြန် အခန်း ယူလိုက်တော့..နင်ရှုံးရင် ကြမ်းပြင်ပေါ်မှာ အိပ်ရမှာ..."
ထို့နောက် လင်းရီမှာ ကျီချင်းရန်၏ ဆွဲခေါ်မှုဖြင့် ခန်းမထဲသို့ ရောက်ရှိလာခဲ့၏။

ဒစ်စနီ လက်အောက်ရှိ ဟိုတယ်တစ်ခု အနေဖြင့် သူတို့ ဟောခန်းထဲသို့ ဝင်လျင်ဝင်ချင်း စိတ်ကြည်နူးဖွယ်ရာကောင်းသည့် လေထုကို ခံစားလိုက်ရသည်။

ဒစ်စနီ၏ ကာတွန်းဇာတ်ကောင်များမှာ ဟိုဟိုဒီဒီ ၌ရှိနေပြီး သူတို့ မရှိသော နေရာဟူ၍ မရှိ။ နေရာတိုင်းတွင် တည်ရှိနေကြပုံပင်။

"လင်းရီ..ငါဒီ ဆံညှပ်လေး လိုချင်ယို့..."

ကျီချင်းရန် ညွှန်ပြနေသော နေရာသို့ ကြည့်လိုက်သောအခါ အဖြူရောင် အစက်အပြောက်လေးများနှင့် ဟယ်လိုကစ်တီ ဆံညှပ်လေးတစ်ခုကို မြင်တွေ့လိုက်ရ၏။

"ကြိုက်ရင် ဝယ်ပေါ့..."

"မဟုတ်ဘူး..ငါက နင် ဝယ်ပေးတာကို လိုချင်တာ..."

"နောက်နေတာလား...တစ်ခုကို ၃၉ ဒေါ်လာတောင် ပေးရတယ်တဲ့..ငါ့မှာ တခြား သုံးစရာတွေ ရှိသေးတယ် မတန်ဘူး.."

"မရဘူး..ငါက ဒါပဲ လိုချင်တာ..ဝယ်ပေးယို့....."

လင်းရှီနှင့် ကျီချင်းရန်တို့ ဆံညှပ်လေးတစ်ခု ဝယ်ဖို့ရာ ဈေးကြည့်ပြီး ရန်ဖြစ်နေကြသည်ကို မြင်တော့ ခန်းမထဲရှိ လူများ ရယ်မောလိုက်ကြသည်။

သို့သော်လည်း အကယ်၍ ချင်းဟန်သာ ဤနေရာ၌ ရှိနေမည်ဆိုပါက သူတို့နှစ်ဦးကို လက်ခလယ် ထောင်ပြပေလိမ့်မည်။

တစ်ယောက်က သုံးဘီလီယမ် လောက် ချမ်းသာတဲ့ အမျိုးသမီး စီအီးအို..သူ့ဘေးက ကောင်ကလည်း ငွေသားသပ်သပ်နဲ့တင် ဆယ်ဘီလီယမ်လောက် လက်ထဲရှိတယ်...ဒါတောင်မှ ၃၉ ဒေါ်လာတန် ဆံညှပ်လေးတစ်ခုကို

ငြင်းနေကြတယ်ပေါ့..လက်ခလယ်ယူလိုက်လို့...ငိုးမ သောက်တွေတွေ...

"အေးပါ အေးပါ ..ဝယ်ပေးရင် ပြီးတာပဲမလား..."

"ရေး..ဒီလိုမှပေါ့.."

ကိုယ်တိုင် ဝယ်ယူရသည့် စနစ်ဖြစ်သောကြောင့် လင်းရီ ပိုက်ဆံ ထည့်၍ ကျီချင်းရန် လိုချင်နေသည့် ဆံညှပ်ကို ဝယ်ပေးလိုက်သည်။

ဆံညှပ်ရသွားတော့ ကျီချင်းရန် ပျော်ရွှင်စွာဖြင့် သူမ ခေါင်းပေါ်တွင် ပန်လိုက်ပြီး "လင်းရီ..ဘယ်လိုလဲ ငါနဲ့ လိုက်ရဲ့လား..."

လေယာဉ်မတက်ခင်က တစ်ခါ ရစ်ခံခဲ့ရဖူးသည့် အတွေ့အကြုံကြောင့် "ဆံညှပ်က သာမန်ပါပဲ..ပန်တဲ့သူကမှ ပိုလှတာ..."

"ခစ်ခစ်..စကားချိုချိုလေးတွေ အရမ်းပြောတတ်နေတယ်ပေါ့..."ကျီချင်းရန် ပျော်ရွှင်သွားပြီး "နင်က ဒီလိုတွေ အလိုက်သိနေမှတော့ ရှုံးလည်း ကြမ်းပြင်ပေါ် မအိပ်ခိုင်းရက်တော့ပါဘူးလေ..နင့်ကို ဆိုဖာပေးမယ်နော်..."

"ငါရှုံးမယ်လို့ ဘာလို့အဲ့လောက်ထိ
သေချာနေတာ..မင်းထင်နေတာ ငါက အခန်းလေး
တစ်ခန်းတောင် မငှားတတ်ဘူးလို့ ထင်နေတာလား.."

"အဲ့လို သဘောမျိုးတော့ မဟုတ်ပါဘူး..ဒီတိုင်း နင့်စကေးက
..အမ်....ဘယ်လိုပြောမလဲ..တအား နိမ့်နေလို့..."

"ကျားက ခွန်အားမပြတော့ မင်းက ကြောင်လေးလို
လာဆက်ဆံနေတယ်ပေါ့လေ..."

သို့နှင့် နှစ်ယောက်သား ဧည့်ကြိုကောင်တာသို့
ရောက်လာခဲ့ပြီး အမျိုးသမီးဝန်ထမ်းမှ အင်္ဂလိပ်စကား
ကျွမ်းကျင်သည့် လေသံဖြင့် "ဒစ်စနီ လောက ဟိုတယ်ကနေ
ကြိုဆိုပါတယ်ရှင့်..."

ကျီချင်းရန် သူမကိုယ်ကို လှည့်လိုက်ပြီး ခေါင်းလေးစောင်း၍
လင်းရီမျက်နှာကိုကြည့်ကာ ပြပွဲကောင်းတစ်ခု ကြည့်ရန်
ပြင်ဆင်နေလေသည်။

လင်းရီ တခဏမျှ တုံ့ဆိုင်းနေပြီး မျက်မှောင်ကြုတ်၍
"ဟယ်လို ခန်းယူစပီ ချိုင်းနီ့.."(တီရုတ် လေသံဖြင့်)

"အော်..ဟုတ် ပြောတတ်ပါတယ်ရှင့်.."ကောင်တာရှိ
အမျိုးသမီးမှ ပြောလိုက်ပြီး " ကျွန်မတို့ဟိုတယ်ဆီ
နေ့တိုင်းနီးပါး တ-ရုတ်ဧည့်သည်တွေ လာတယ်ဆိုတော့
နည်းနည်းပါးပါးလောက်တော့ တတ်ထားရတာပေါ့ရှင်..."

ကျီချင်းရန် "????"

ဘာလဲဟ...

လာနှောက်နေတာလား..

"ကျုပ်ကို တစ်ယောက်ခန်း တစ်ခန်းပေးဗျာ..ကျုပ်ရဲ့ သူငယ်ချင်းက ဆိုဖာပေါ် အိပ်လိမ့်မယ်..."

"ကောင်းပါပြီရှင် ခဏစောင့်ပါဦးနော်..."

"ဟုတ် အခန်းက ရပါသေးတယ်.. စုစုပေါင်း ၃၄၉ ဒေါ်လာ ကျသင့်ပါမယ်ရှင့်"

လင်းရီ ပိုက်ဆံပေးလိုက်ပြီး ခရီးသွားအမှတ်တရ သော့ချိတ်နှင့် တွဲစပ်ထားသည့် အခန်းသော့ကို ကမ်းယူလိုက်သည်။

"လင်းရီ..နင်ညစ်ပတ်တာ..."

နှစ်ယောက်သား ဓာတ်လှေကားထဲဝင်တော့ ကျီချင်းရန် စိတ်တိုစွာ ပြောလိုက်ပြီး "ဘာကို ခန်းယူစပိ ချိုင်းနို့လဲ..ဘယ်သူက အဲ့လိုမျိုးပြောပြီး အခန်းယူလို့လဲ....?"

"အဲ့ဗျာ..ငါ့ အပြစ်လာမတင်နဲ့လေ..."လင်းရီ ပြောလိုက်ပြီး "မင်းပြောတာ အခန်းငှားရမယ်ဆို..ခု ငှားပြီးသွားပြီလေ..အင်္ဂလိပ်လိုပြောပြီး ငှားရမယ်လို့ ပါလို့လား...ဘာလဲ မင်းရှုံးသွားပြီ ဆိုတော့မှ လောင်းထားတာကို သဘောမတူချင်တာလား... "

"ဘယ်သူက နင့်ကို တရုတ်လို ပြောခိုင်းလို့လဲ.."

"သူတို့ တရုတ်လို ပြောတတ်နေမှတော့ ငါက ဘာလို့ အင်္ဂလိပ်လို သွားပြောနေရမှာလဲ..ဟုတ်တယ်မလား..."

ကျီချင်းရန် စိတ်ဆိုးစွာဖြင့် ပါးဖောင်းလိုက်ပြီး မကျေမချမ်းဖြစ်ကာ လက်ပိုက်၍ တစ်ဖက်သို့ လှည့်သွားတော့သည်။
"ဟွန့်.."

"မင်းလောင်းဖို့ ဆန္ဒရှိမှတော့ လောင်းကြေးကိုလည်း သဘောတူရမယ်လေကွာ..ဆိုဖာပေါ် အိပ်ရမယ်လို့ ပြောထားမှတော့ ဆိုဖာပေါ်ပဲ အိပ်ပေတော့ ဟားဟား...."

ဓာတ်လှေကားထဲမှ ထွက်ပြီးနောက် လင်းရီတို့ သူတို့ငှားထားသည့် အခန်းထဲ ဝင်လိုက်ကြသည်။

အခန်းအပြင်အဆင်မှာလည်း ဒစ်စနီ ပုံစံအတိုင်းပင်။

အထူးသဖြင့်တော့ အိပ်ခန်းထဲ၌ ကာတွန်း ဇာတ်ကောင် အများအပြား ရှိနေပြီး ကျီချင်းရန်ကို အသည်းယားအောင် လုပ်နေတော့၏။

အိပ်ရာခင်းပေါ်တွင်လည်း ပန်းရောင် မိနီ ပုံအကြီးစားကြီး ရှိနေပြီး ကုတင်အရွယ်အစားမှာလည်း သူမအိမ်ရှိ ကုတင်ထက် နှစ်ဆပင် ကြီးနေလေသည်။ ထိုအခြင်းအရာကို

မြင်တော့ ကျီချင်းရန် လင်းရီကို ကုတင်ပေါ်၌ ပေးမအိပ်ချင်တော့ပေ။

"အခန်းထဲမှာ အိပ်ချင်ရင် အိပ်လေ.."လင်းရီ အပြုံးလေးဖြင့် ပြောလိုက်၏။

"အိပ်ဖူး..."ကျီချင်းရန် ခေါင်းမာစွာဖြင့် "ငါက အရှုံးကို လက်ခံတယ်.နင့်လိုမျိုး အရှက်မမဲ့ဘူး.."

"မင်းပြောတာနော်..အဲ့လိုဆိုရင်လည်း အပြင်မှာ တစ်ယောက်တည်း အိပ်..ည အအေးပတ်ခါကျမှ လင်းရီရေ ဆိုပြီး လာမနှိုးနဲ့... "

"ဆုတောင်းလေ..ငါက လေယာဉ်ပေါ်မှာ အဝ အိပ်ခဲ့ပြီးသား...လုံးဝ မအိပ်ချင်ပါဘူးနော်..တစ်ညလုံး ဇာတ်ကားကြည့်နေမှာ..."

"ဟုတ်လို့လား..မင်းအိပ်ပျော်သံလည်း ငါမကြားသလိုပဲ...."

"ငါ အိပ်မပျော်လည်း အဲ့တာ နင့်အပူပါလား..."ကျီချင်းရန် ပြောလိုက်ပြီး "မနက်ဖြန်ကျရင် နင့်ဆီကနေ ကုတင်ကို ပြန်လုပြမယ်...ဒီတော့ ကြပ်ကြပ်သတိထားနေ..."

"အေးပါ အေးပါ ဟုတ်ပါပြီ..ဒီကလည်း
စောင့်နေပါတယ်..."လင်းရီ ငိုရအခက် ရယ်ရအခက် ဖြင့်
ပြောလိုက်သည်။

လင်းရီ ကျီချင်းရန်ကို လျစ်လျူရှုလိုက်ပြီး သူ့အခန်းထဲသို့
ဝင်ကာ ကျီချင်းရန်ကို အိပ်ခန်း အပြင်၌
ချန်ထားရစ်ခဲ့လိုက်၏။

ပထမတန်းရှိ အိပ်သည့်နေရာမှာ လေယာဉ်ပေါ်တွင်တော့
သက်တောင့်သက်သာ ဖြစ်သော်လည်း အိပ်လို့ကောင်းသည့်
နေရာသို့ မဟုတ်ချေ။ ထို့ကြောင့် ယနေ့ည ကောင်းစွာ
အနားယူမှသာ နောက်တစ်နေ့၌ အားရပါးရ ကဲရန်
ခွန်အားများ ရှိနေပေမည်။

အိပ်ရာပေါ်တွင်တော့ လင်းရီ နဖူးပေါ်လက်တင်၍ သူ၏
ပလန်များကို ဦးနှောက်ဖြင့် အကြမ်းဖျင်း
တွေးတောကြည့်လိုက်သည်။

ကျီချင်းရန်နှင့် ပျော်ပါးခြင်းမှာ သူ၏ အဓိကရည်ရွယ်ချက်
မဟုတ်ပဲ ရှန်းထျန်းကျိုးဆိုသည့် သူကို ဆွဲခေါ်ရန်
အကြံဉာဏ်များ ထုတ်ရပေဦးမည်။

မိုက်ခရိုဆော့ဖ်ကုမ္ပဏီမှာ ဝါရှက်တန်တွင် အခြေစိုက်ပြီး
သူကတော့ လက်ရှိ အော်လန်ဒိုတွင် ရောက်ရှိနေလေသည်။
ထိုနေရာသို့ ရောက်ရှိရန် တစ်မျိုးတစ်ဖုံ ကြံရပေဦးမည်။

သို့သော်လည်း ပြဿနာ၏ အခရာကတော့
ဟော်ယွမ်ယွမ်လက်ထဲ၌ရှိသည်။ သူမထံမှ ရှန်းထျန်းကျိုး
အကြောင်းကို ဂဏနဏ သိရှိပြီးမှသာလျင် လင်းရီလည်း

ရှန်းထျန်းကျိုးကို မည်သို့
သွေးဆောင်ဖြားယောင်းရမလဲဆိုတာ အစီအစဉ်များ
ရေးဆွဲနိုင်ပေလိမ့်မည်။

သူမ စုံစမ်းနေသည့် အတောအတွင်းတော့ လင်းရှီ၏ အဓိက
တာဝန်မှာ ကျီချင်းရှန်နှင့်အတူ ပျော်ရွှင်စွာ
လည်ပတ်ပေးရန်ပင်။

ကံကောင်းစွာဖြင့် အော်လန်ဒိုမှာ ကမ္ဘာလှည့် ခရီးသွားများကို
ဆွဲဆောင်သည့် နေရာတစ်ခု ဖြစ်ပြီး ဒစ်စနီ၏ ဝန်းရံမှုဖြင့်
လည်ပတ်ရာ နေရာ တစ်ဒါဇင်ကျော်ခန့်လောက် ရှိပေသည်။
ယင်းက သူတို့ အတွက်ကောင်းကောင်းကြီး လည်ပတ်ဖို့ရာ
လုံလောက်၏။

ထို့ပြင် မီရာမီ မှာလည်း အော်လန်ဒို အနီးနားလေးတွင်သာ။
သူတို့ လည်ပတ်ရင်း ငြီးငွေ့လာပါက မီရာမီသို့
တစ်ခေါက်လောက် သွား၍ အပမ်းဖြေလည်း ရပေသည်။
ယင်းက လင်းရှီအတွက် အချိန်တစ်ချို့ ပိုရစေရန်
လုံလောက်၏။

အကယ်၍ ထိုအချိန်အတောအတွင်း ဟော်ယွမ်ယွမ်မှ
ရှန်းထျန်းကျိုးအကြောင်း တစ်စုံတစ်ရာကိုမျှ မစုံစမ်းနိုင်ပါက
သူပြန်ရောက်သည်နှင့် တစ်ခါတည်း အလုပ်
တန်းဖြုတ်လိုက်တော့မည်။

သို့တိုင်အောင် ယခုတော့ လင်းရှီ ပြင်ဆင်စရာရှိတာများ
ပြင်ဆင်ရပေမည်။ အကယ်၍ ကျီချင်းရှန်သာ သူမနှင့်

အပမ်းဖြေရန် သပ်သပ်မဟုတ်ပဲ
တခြားအကြောင်းပြချက်များ ရှိသေးကြောင်း
ရှာတွေ့သွားပါက သူနားကားသွားနိုင်၏။

ညည့်နက်သန်းခေါင်တွင် အတွေးပေါင်းစုံတွေးရင်း လင်းရီ
သတိ ရှိတစ်ချက် မရှိတစ်ချက်ဖြစ်နေ၏။ သို့သော်လည်း
ကျီချင်းရန်အကြောင်း တွေးမိသောအခါ လင်းရီ၏
အတွေးအာရုံမှာ ရုတ်ချည်းဆိုသလို နိုးကြားလာပြီး အိပ်ရာမှ
ထ၍ တံခါးတိုးညင်းစွာ ဖွင့်လိုက်သည်။ထိုအခါ ကျီချင်းရန်
အပြင်ဘက်၌ အိပ်ပျော်နေသည်ကို တွေ့လိုက်ရ၏။

ဆိုဖာပေါ်တွင် ပက်လက်လှန်နေပြီး လက်မှာ ဘေးသို့
တွဲလျောင်းကျနေကာ ဖုန်းမှာလည်း ကြမ်းပြင်ပေါ်သို့
ပြုတ်ကျနေသည်။ သူမ ဖွင့်ထားသည့် ရုပ်ရှင်ကတော့
ဆက်လက်ပြသနေဆဲဖြစ်၏။

"ဟင်း..ဒီကောင်မလေးကတော့..."

လင်းရီ ကျီချင်းရန်ကို ခါးမှ ညင်သာစွာ ပွေ့ဖက်လိုက်ပြီး
သူမ၏ ပန်းရောင် မိနီ ကုတင်ကြီးပေါ်တွင် အိပ်ချင်နေသည့်
ဆန္ဒကို ဖြည့်ဆည်းပေးလိုက်၏။

နောက်တစ်နေ့ နံနက်တွင်တော့ ကျီချင်းရန် ရုတ်တရက်
လန့်နိုးလာခဲ့ပြီး သူမ ကုတင်ပေါ်တွင်ရောက်နေသည်ကို
မြင်တော့ အံ့ဩသွားခဲ့သည်။

ပထမတော့ သူမ အံ့အားသင့်နေသော်လည်း ခဏကြာပြီးနောက် သူမရင်ဘက်ထဲတွင် နွေးထွေးမှုများဖြင့် ပြည့်နှက်သွားခဲ့၏။

ညင်သာစွာဖြင့် သူမကုတင်ပေါ်မှ ဆင်းလိုက်သည်။ အပြင်သို့ရောက်သည့် အချိန်တွင်တော့ ကျီချင်းရန် ရေချိုးခန်းထဲမှ ရေများ ပြေးလွှားနေသည့် အသံကို ကြားလိုက်ရပြီး လင်းရှီ မျက်နှာသစ်နေသည်ကို မြင်လိုက်ရသည်။

"လင်းရှီ ..ကျေးဇူးပါနော်.."ကျီချင်းရန် တံခါးဘောင်ကို မှီပြီး အချိုသာဆုံး အပြုံးလေးဖြင့် ပြုံးပြလိုက်၏။ သူမ သွားမတိုက်ရသေးသောကြောင့်သာ မဟုတ်ပါက ဆုချသည့် အနေဖြင့် အနမ်းတစ်ပွင့်လောက် ပေးပြီး ဖြစ်သည်။

"ကောင်းကောင်း အိပ်ပျော်ရဲ့လား.."

"အွန်း.."ကျီချင်းရန် လေးပင်စွာဖြင့် ခေါင်းညိမ့်လိုက်ပြီး "ကုတင်က အရမ်း သက်တောင့်သက်သာရှိတယ်..အိပ်လို့ အရမ်းကောင်းတာပဲ..."

"အိပ်မက်တွေ ဘာတွေကော မမက်ဘူးလား..."

"မက်တာပေါ့..."

အိပ်မက်အကြောင်း ပြောသည့် အချိန်တွင်တော့ ကျီချင်းရန် ချက်ချင်းဆိုသလို တက်ကြွသွားခဲ့ပြီး လက်ကို ဝှေ့ယမ်း၍

"ငါမနေ့ညက အိပ်မက်မက်ခဲ့တာ
အရမ်းစိတ်ဝင်စားဖို့ကောင်းတယ်..သေချာနားထောင်နော်..."

"အိပ်မက်ထဲမှာ ငါက စနိုးဝှိုက် မင်းသမီးလေး
ဖြစ်သွားပြီးတော့ လူပုလေးတစ်ကောင်က ငါ့နောက်
လိုက်နေတာ..ဒါပေမယ့် ငါက ဝက်ဝံကြီးဆီ
ပြေးသွားလိုက်တယ်လေ..သူက လူပုလေးကို
မောင်းထုတ်ပေးပြီးတော့ ငါ့ကို တောထဲ
ခေါ်သွားခဲ့တယ်...ငါလည်း အဲ့ဝက်ဝံကြီးကို ဖက်ပြီးတော့
နှစ်နှစ်ခြိုက်ခြိုက် အိပ်ပစ်လိုက်တယ်...နင်သိလား...ငါ
အဲ့ဝက်ဝံကြီးကို ဖက်လိုက်တဲ့အချိန်မှာ အရမ်း
သက်တောင့်သက်သာ ဖြစ်ပြီးတော့ နွေးညွှံ....အမ်...ငါ
အိပ်မက်မက်ခဲ့တယ်ဆိုတာ နင်က ဘယ်လိုလုပ် သိတာ..."

လင်းရီ သူ၏ ရှပ်အင်္ကျီကို လှန်ပြလိုက်ပြီး ကုတ်ခြစ်ရာ
အနီရောင်များကို လှစ်ဟ ပြလိုက်သည်။

"ငါဘယ်လိုလုပ်ပြီး သိတယ်တယ်လို့ ထင်လဲ..."

အခန်း(၃၀၀)

လင်းရီ ရှပ်အင်္ကျီ လှန်လိုက်တာကို မြင်တော့ ကျီချင်းရန်
သူ၏ ဝမ်းဗိုက် ကြွက်သားများကို အာရုံရှိမနေဘဲ အနီရောင်
ကုတ်ခြစ်ရာများကိုသာ အာရုံရောက် နေလေသည်။

ဒီကုတ်ခြစ်ရာတွေက ဘယ်ကနေ ရောက်လာပါလိမ့်...

"မဟုတ်မှလွဲရော...."

ရုတ်ချည်းဆိုသလို ကျီချင်းရန် အားလုံးကို နားလည်သွားခဲ့သည်။

"ငါနင့်ကို မနေ့ညက ဖက်ပြီး အိပ်ခဲ့တာလား...."

"မေးနေသေးတယ်ပေါ့.." လင်းရီ မချိပြုံး ပြုံးလိုက်ပြီး "ငါက မင်းအအေးမိမှာဆိုးလို့ စေတနာနဲ့ အခန်းထဲ ခေါ်လာခဲ့ပေးတာ..နောက်တော့ မင်းက ငါ့ကို တင်းတင်း ဖက်ထားပြီးတော့ စကုတ်ပါလေရော.."

ကျီချင်းရန် မျက်နှာ ရဲသွားပြီး "မကောင်းတဲ့ကောင် ...ဘယ်သူကနင့်ကို ငါနဲ့အတူ လာအိပ်ခိုင်းလို့လဲ.."

"ကုတင်က ငါပိုင်တာ..အိုကေ..အဲ့တာကို မင်းက ငါ့ကို ဆိုဖာပေါ် အိပ်စေချင်နေတာလား.."လင်းရီ အထင်သေးစွာဖြင့် ကြည့်လိုက်ပြီး "ငါက မင်းကိုတောင် ဘာမှ မပြောရသေးဘူး..သူကပဲ ဦးပြီးတော့ ငါ့ကို လာအော်နေရသေး..."

အရှက်ရလွန်း၍ ကျီချင်းရန် မျက်နှာ နီရဲနေပြီး လည်ပင်းတစ်ပိုက်ထိပါ ရောက်လို့လာခဲ့သည်။

သူမ သက်တောင့်သက်သာ ရှိတယ်ဆိုပြီး အားရပါးရ ဖက်နေခဲ့သူမှာ လင်းရီ ဖြစ်သွားပုံပင်။

ငါ့အထင်တော့ သူက ပိန်တယ် ထင်နေတာ...

"မနေ့ညက မတော်တဆနော်..ထည့်မတွက်ဘူး..နင် မြန်မြန်မေ့ပစ်လိုက်..."ကျီချင်းရန် သူမ လက်သီးသေးသေးလေးကို ဝှေ့ယမ်းပြီး ခြိမ်းခြောက်လိုက်သည်။

"ပြီးတော့ နင် နောက်ကျရင် ငါ့ရှေ့မှာ ဘာပဲဖြစ်ဖြစ် ပြောလို့ရတယ်..ဒါပေမယ့် အဲ့တာကိုတော့ ပြောလို့ မရဘူးနော်..."

"သေချာပြီလား..ငါ ဘာမဆို ပြောလို့ရတယ်လို့ မင်းပြောတာနော်..."

"ဒါပေါ့..ဒါပေမယ့် အဲ့တာကိုတော့ ပြောလို့ မရဘူး.."

"အဲ့လိုဆို ငါတို့ ဒီမှာ တစ်ညလောက် အတူအိပ်ကြရင်ကော.. "

"ဟမ်...အတူအိပ်မယ်..."ကျီချင်းရန် တခဏ ကြက်သေသေသွားပြီးနောက် "လင်းရီ ..နင် ..ကောင်စုတ်..."

ကျီချင်းရန် လင်းရီနောက်ကျောပေါ်သို့ ကိုအာလာကဲ့သို့ ခုန်တက်လိုက်ပြီး သူ၏ လည်ပင်းကို ကိုက်လိုက်သည်။

အနည်းငယ် နာကျင်သွားသော်လည်း လင်းရီ သည်းခံလိုက်၏။

"ငါ စောနတုန်းက သေးပေါက်ပြီးတော့ လက်မဆေးရသေးဘဲ လည်ပင်းကိုင်ထားတာနော်..."

"အား....."

ကျီချင်းရန်၏ အော်သံမှာ အခန်းထဲတွင် ပဲ့တင်ထပ်သွားတော့၏။

"ဖီး ဖီး ဖီး ..နင်က အရမ်းရွံဖို့ ကောင်းတာပဲ..အိမ်သာသွားပြီး ဘာလို့ လက်မဆေးတာ ကောင်စုတ်.."

"ငါလက်သွားဆေးမလို့ပဲလေ..မင်းဘာမင်း နောက်က နေ ခုန်တက်လာပြီးတော့မှများ..."လင်းရီ အပြစ်ကင်းစင်ဟန်ဖြင့် ပြောလိုက်ပြီး "မနေ့ညတုန်းကလည်း မင်းကပဲ အတင်းဖက်ပြီးတော့ ငါ့ကို လာကုတ်သေးတယ်...ပြီးတော့ ခုလည်း ကိုက်ပြန်ပြီ...ခံရတဲ့ သူက ငါတောင် ဘာမှ မပြောတာကို မင်းက ဘာလို့ လာပြီး စောဒက တက်ပြနေတာ"

"နင်..နင် စကားကို အကောင်း မပြောတတ်ဘူးလား...အတင်း ဖက်ခံရတယ်ဆိုတာက ဘာသဘောလဲ..ငါ့ဘာငါ အိပ်မက်ယောင်ပြီးတော့ ဖက်မိတာကို..."

"ဥက္ကဌကျီ...ကျေးဇူးပြုပြီး စကားကို လက်လွတ်စပယ် မပြောပါနဲ့.... "လင်းရီ ပြောလိုက်ပြီး "မင်းဖက်တာက တစ်ညလုံးနော်..ခဏလေးပဲ မဟုတ်ဘူး..."

"ဟွန့်...နင်နဲ့ ပြောရမှာ ပျင်းတယ်.."

ကျီချင်းရန် လင်းရီကို တင်ပါးဖြင့် ဘေးသို့ တွန်းထုတ်လိုက်ပြီး "ဘေးဖယ်နေ..ဒီမင်းသမီးက သွားတိုက်တော့မယ်..."

လင်းရီ ပြုံးလိုက်ပြီး သူ၏ ရှပ်အင်္ကျီကို ချွတ်ကာ သွားတိုက်ရန် ပြင်ဆင်လိုက်၏။

သူ၏ ခန္ဓာကိုယ်ပေါ်ရှိ ကုတ်ခြစ်ရာ အစင်းကြောင်းများကို မြင်တော့ ကျီချင်းရင် ရင်ထဲ နာကျင်သွားပြီး "နာနေလားဟင်..."

"အမ်...မင်းငါ့ကို ဂရုစိုက်ပေးနေမှန်းတော့ သိပါတယ်..ဒါပေမယ့် အဲ့ဒီ လေသံကြီးနဲ့ မပြောလို့ မရဘူးလား..."

"ငါ့လေသံက ဘာဖြစ်နေလို့လဲ..ဒါမှမဟုတ် ငါက အော်ပြောရမှာလား..."

"စဉ်းစားကြည့်လေ..မနေ့ညက မိန်းကလေးတစ်ယောက် ကိုယ်နဲ့ အတူအိပ်ပြီးတော့..မနက်ရောက်မှ နာနေလားလို့ လာမေးတာ မထူးဆန်းဘူးလား.."

"ထူးဆန်းလို့လား..ငါတော့ သာမန်ပဲလို့ ထင်တာပဲ..."

"အာ...မင်းက ပုံမှန်ပဲလို့ ထင်နေရင်လည်း ပုံမှန်ပဲပေါ့ကွာ.."

ကျီချင်းရန် အနည်းငယ် ဇဝေဇဝါ ဖြစ်သွားသော်လည်း ဆက်လက် စဉ်းစားမနေတော့ချေ။

"ငါနင့်ကို ခြွင်းချက်ထားပြီးတော့မှ ငါ့ရဲ့ သွားတိုက်ဆေးကို မျှပေးလိုက်မယ်နော်.." ကျီချင်းရန် သူ့မ လက်ထဲတွင် အင်္ဂလိပ်စာလုံးများဖြင့် ရေးထားသည့် သွားတိုက်ဆေးဘူးကို ကိုင်၍ "ငါနင့်ကို နည်းနည်း ညှစ်ပေးမယ်..."

"သွားတိုက်ဆေး နည်းနည်းလေးကိုများကွာ...စာဖွဲ့ပြီး လာပြောပြနေသေးတယ်..."

"စကားကို ဆင်ခြင်ပြောနော်..သွားတိုက်ဆေးဘူးက တစ်ခုတည်းရှိတာ ပြီးတော့ အဲ့တာကလည်း ငါ့လက်ထဲမှာ...ငါက အသာစီးကပဲ..."

လင်းရီ သူ၏ လက်ကို ဆန့်ထုတ်လိုက်ပြီး ကျီချင်းရန်ထံမှ သွားတိုက်သံကို ဆွဲလု၍ "အဲ့လိုဆို ငါက သွားတိုက်တံကို ယူလိုက်မယ်ဆိုရင်ကော..."

"နင်....မကောင်းတဲ့ကောင်ကြီး..ငါ့ သွားတိုက်တံပြန်ပေး..."

နှစ်ယောက်သား ရန်ဖြစ်လို့ဝတော့ မှန်ရှေ့ရပ်၍ သွားအတူ တိုက်လိုက်ကြသည်။

မှန်ရှေ့တွင် ရပ်နေသည့် သူမတို့ နှစ်ဦး၏ ပုံရိပ်ကို ကြည့်ရင်း ကျီချင်းရန် အတွေးနက်နေလေသည်။

လင်းရီ၏ အရပ်မှာ သူမထက် ခေါင်းတစ်ဝက်ခန့်မျှ ပိုမြင့်၏။ အရပ်ကွာခြားမှုကလည်း လုံးဝ ပါဖက်ပင်။

ထို့ပြင် ယခုမှ အိပ်ရာထကာစ ဖြစ်သောကြောင့် လင်းရီ၏ ဆံပင်မှာ ရှုပ်ထွေးနေပြီး အပေါ်ပိုင်းတွင်လည်း အကျီဇလာကျင်းနေကာ ကြွက်သားများဖြင့် တစ်မျိုးတစ်ဖုံ ကြည့်၍ ခန့်ညားနေသည်။

ဒါ..ဒါက ချစ်သူရီးစားတွေ အတူနေရင် ဖြစ်နေကြ ပုံစံမဟုတ်လား...

ငင်းကိုစဉ်းစားမိတော့ ကျီချင်းရန် ရှင်ခုန်နှုန်း မြန်ဆန်လာပြီး မျက်နှာမှာလည်း ရုတ်ချည်းဆိုသလို ရဲတက်လာလေသည်။

သူမ ထိုမြင်ကွင်းကို ကိုးရီးယားရုပ်ရှင်များထဲတွင်သာ တွေ့ဖူးလေ့ရှိသော်လည်း ယခုတော့ ကိုယ်တိုင် ကြုံတွေ့နေလေသည်။

ကံတရားကြောင့်လားဆိုတာတော့ မပြောတတ်တော့။

"ကလူး ကလူး ကလူး ...."
လင်းရီ စတင် ပါးလုပ် ကျင်း၏။

"သွားဆိုတာ ကြာကြာလေး တိုက်ပေးရတယ်..မဟုတ်ရင် ပိုးတွေက မသေဘူး..."ကျီချင်းရန် သွားတိုက်ရင်း မြည်တွန်တောက်တီးလိုက်သည်။

"မင်းကို နမ်းမှာလည်း မဟုတ်ဘဲနဲ့ ငါက ဘာလို့ အချိန်အကြာကြီး သွားတိုက်ပေးရမှာ.."လင်းရှီ ပြောလိုက်ပြီး "ဒါပေမယ့် မင်းကတော့ နည်းနည်းလေး ကြာအောင် ပိုတိုက်သင့်တယ်..."

"ငါကျ ဘာလို့ ကြာကြာတိုက်ရမှာလဲ..."

"ဘာလို့လဲဆိုတော့ဘ ငါ့ကို နမ်းရမှာမို့လေ..သေချာ မတိုက်လို့ကတော့ ငါသူများကို လျှောက်ပြောပစ်မှာနော်...."

"နင်..."

ကျီချင်းရန် လင်းရှီကို မျက်စောင်းထိုးလိုက်ပြီး သူမ သွားတိုက်တံကို ချကာ သွားဆက်မတိုက်ရန် ဆုံးဖြတ်လိုက်တော့၏။

သို့သော်လည်း သူမတွင် OCD ရှိသောကြောင့် မကြာမီ သွားပြန်တိုက်လိုက်၏။

အဲ့ကောင်စုတ် စတာခံလိုက်တာထက် သွားနည်းနည်း ကြာကြာ တိုက်လိုက်တာကမှ ပိုကောင်းဦးမယ်..

"မင်းအရင် ရေချိုးနှင့်လိုက်.ငါနောက်မှ ချိုးတော့မယ်..."

"အိုကေ..."

ကျီချင်းရန် သူမ မျက်နှာကို လျှက်မြန်စွာ သစ်လိုက်ပြီးနောက် မိနစ် အနည်းငယ်အတွင်း ထွက်လာခဲ့၏။ ယခု သူမလုပ်ရမည့် အရာမှာတော့ မိတ်ကပ်လိမ်းရန်ပင်။

"လင်းရီလည်း ငါးမိနစ်အတွင်း ရေချိုးခန်းထဲမှ ထွက်လာခဲ့ပြီး အပြင်သို့ရောက်သောအခါ ကျီချင်းရန်မှ လက်သည်းများ ညှပ်နေသည်ကို မြင်လိုက်ရသည်။

"အမ်..ဘာလို့ လက်သည်းတွေ ညှပ်ပစ်လိုက်တာလဲဟ..အဲ့လိုဆို နောက်ကျ ဘယ်လိုလုပ်ပြီး လက်သည်း အလှပြင်လို့ ရတော့မှာ."

"ငါမညှပ်ပစ်ရင် နောက်တစ်ခါကျ နင့်ကို ထိခိုက်စေမှာ ဆိုးလို့လေ... "
ကျီချင်းရန် ပြောလိုက်၏။

"ဘာလဲ ..ဒီည ငါနဲ့ အိပ်ဦးမလို့လား..."

"အွက် အွက် .စိတ်ကူးတွေ ယဉ်နေတာပဲ..အိပ်မက်မက်နေလိုက်..."

"ငါတို့ အတူမအိပ်ဘူးဆိုမှတော့ ဘာလို့ လက်သည်းညှပ်နေမှာလဲ ဟုတ်တယ်မလား...ဟူး...မင်းမှာ အဲ့လောက် ရည်ရွယ်ချက်ကြီးတွေ ရှိ နေမယ်လို့တောင် ထင်မထားဘူး... "လင်းရီ သက်ပြင်းချလိုက်ပြီး "ဒီရဲ့ ခရီးစဉ်ကတော့ ငါ့လူပျိုရည် ပျက်မယ့် ခရီးစဉ်ပဲ ထင်ပါရဲ့ကွာ.."

"နင်ကတော့လေ.. တကယ်.. ပေါက်တတ်ကရတွေ ပြောဖို့ဆို အတော်တတ်တာ..."

"ကျီချင်းရန် မတ်တပ်ထလိုက်ပြီး သူမ၏ လက်သည်းစများကို တစ်သျှူးဖြင့် ထုပ်ကာ အမှိုက်ပုံးထဲသို့ ထည့်လိုက်သည်။ "

"ဆိုဖာပေါ်မှာ ထိုင်နေ..ငါ နင့်ကို နေရောင်ခံတဲ့ လိုးရှင်း လိမ်းပေးမယ်..."

"မလိုဘူး..ငါ့အသားအရေက ထူပြီးတော့ ကြမ်းတယ်..မင်းလိမ်းပေးလည်း အပိုပဲ..."

"ဒီက UV တွေက ကျိုးဟိုင်ထက် ပိုပြင်းတယ်နော်..နင် နည်းနည်း လောက် လိမ်းတာ ပိုကောင်းမယ်..."ကျီချင်းရန် sunscreen ကို လက်ထဲတွင် ကိုင်ထားလျက် ပြောလိုက်သည်။

"ကောင်းပြီလေ..မင်းပြောတဲ့ အတိုင်းပေါ့"

ကျီချင်းရန် sunscreen ကို လက်ထဲ ညှစ်ထည့်လိုက်ပြီး လင်းရီ၏ မျက်နှာပေါ်တွင် လိမ်းပေးလိုက်သည်။ထို့နောက် ကြမ်းတမ်းနေသည့် သူ၏ လက်မောင်းနှင့်လည်ပင်းတစ်ဝိုက်ကိုလည်း ညင်သာစွာ လိမ်းပေးလိုက်သေး၏။

"ကဲ..ငါခု မိတ်ကပ်လိမ်းပြီးတော့ အဝတ်စား သွားလဲလိုက်ဦးမယ်...ပြီးမှ ထွက်ကြတာပေါ့.."

"အိုကေ..."

နာရီဝက်ကြာပြီးနောက် ကျီချင်းရန် အင်္ကျီအသစ်တစ်စုံ လဲလိုက်သည်။ ဂျင်းစကတ်အတို၊ ရှပ်အဖြူနှင့် ကြိုးသိုင်းဖိနပ် တစ်ရံကို ဝင်ဆင်ထား၏။ ယင်းဝတ်စုံက သူမ ခရီးသွားလျှင် ဝတ်နေကြ စတိုင်ပင်။

"လင်းရီ..ငါဝတ်ထားတာ ဘယ်လိုနေလဲ.."

"အမ်...အောက်ပိုင်းက ကြည့်ရတာ သိပ်အဆင်မပြေသလိုပဲ.."

"ဟုတ်လား..အဲ့တာဆို ငါသွားလဲလိုက်ဦးမယ်.."

မိနစ်အနည်းငယ်ကြာပြီးနောက် ကျီချင်းရန် အနက်ရောင် ဂျင်းအတိုအကြပ်ကို ဝတ်ဆင်လာခဲ့၏။
"ခုကော..ဘယ်လိုနေသေးလဲ.."

"ပူပါတယ်ဆိုနေမှ အနက်ကြီး ဝတ်လာခဲ့တော့ ပိုဆိုးတာပေါ့ဟ.."

"အိုး..အာ့လည်း ဟုတ်သား..ပြန်လဲလိုက်ဦးမယ်..."

တကယ့်တကယ်တွင်တော့ ကျီချင်းရန် အနက်ရောင်ဂျင်းအတိုကို နှစ်သက်သော်လည်း လင်းရီကြောင့် ပြန်လဲလိုက်သည်။

မိနစ်အနည်းငယ်ကြာပြီးနောက် ကျီချင်းရန် အဖြူရောင်ပန်အတိုကို ဝတ်၍ အခန်းထဲမှ ထွက်လာခဲ့၏။

"ခုကော ဘယ်လိုနေလဲ.."

"အဖြူရောင်က လူကို ဝတယ်လို့ မြင်စေတယ်လေကွာ..."လင်းရီ ဝေဖန်လိုက်ပြီး "မင်းခုတလော ဘယ်လောက် ဝလာလဲဆိုတာ မသိတာလား..."

ကျီချင်းရန် တစ်ခုခု မှုမမှန်သလို ခံစားလိုက်ရပြီးမျက်လုံး ပေကလပ် ပေကလပ် ပြုလုပ်လိုက်သည်။ ထို့နောက် လင်းရီ ခါးကို ဆွဲဆိတ်၍ "ကောင်စုတ်...နင်က ငါ့ပေါင်သားတွေ သူများမြင်ကုန်မှာဆိုးလို့ ဒီလိုတွေ ပြောနေတာမလား..."

စာစဉ် (၂၀)ပြီး၏။